# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တန်ခူးလဆန်း(၁၃)ရက် ၊ ကြာသပတေးနေ့ ၊ (10-4-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၄၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1)၊ ရန်အောင်မြင်ဆည်နှင့် ရွှေကြာပင်ရပ်ကွက် မြို့နယ်အားကစားကွင်းရှိ ရွှေ့လျားယာယီဆေးရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် အနည်းငယ်ထိခိုက်ပျက်စီးခဲ့သည့် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1)၊ ရန်အောင်မြင်ဆည်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ

စာမျက်နှာ ၁၆ ကော်လံ ၁ ☞

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမေရိကန်အခြေစိုက် Samaritan's Purse Internation Relief Organization ရွှေ့လျားဆေးရုံအတွင်း လူနာများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။**




ရတနာပုံ
၂၀၂၅ ခုနှစ် ဧပြီ ၁၀ ရက်

အယ်ဒီတာ့အာဘော်

# လျှော့ပြီးနောက် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာကျန်းမာကြံ့ခိုင်စေရေး

မြန်မာနိုင်ငံ၌ မတ် ၂၈ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးမြေငလျင်ကြီးကြောင့် ငလျင်ဒဏ်သင့်အရပ်ဒေသများတွင်နေထိုင်ကြသော အရွယ်သုံးပါးစလုံး၌ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာများ သိသိသာသာထိခိုက်ခံစားခဲ့ကြရသည်။ ငလျင်ကြီးကြောင့် မြန်မာနိုင်ငံသားတိုင်းသည် ဝမ်းနည်းပူဆွေးမှု၊ စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်မှုများကို ရင်ဆိုင်ခံစားနေကြရသော်လည်း ငလျင်ဒဏ်သင့်ဒေသများ၌ ငလျင်လှုပ်ပြီးနောက် ဖြစ်ပွားတတ်သည့် ကျန်းမာရေးဆိုင်ရာရောဂါများကို ဆက်လက်သတိပြုနေထိုင်သွားကြရပေမည်ဖြစ်သည်။

လတ်တလောဖြစ်ပွားခဲ့သည့် မြေငလျင်ဘေးကြောင့် ငလျင်ဒဏ်သင့်ဒေသများတွင် နေထိုင်သူများ၊ ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တနေထိုင်နေသူများနှင့် မိမိနေအိမ်ဝန်းကျင်နေရာများတွင် နေထိုင်သူများအနေဖြင့် အဆိပ်ရှိသတ္တဝါများအန္တရာယ်၊ ကူးစက်ရောဂါနှင့် နွေရာသီရောက်ရှိလာပြီဖြစ်သဖြင့် အပူနှင့်ဆက်စပ်သော ရောဂါများနှင့်ပတ်သက်ပြီး သတိပြုနေထိုင်ကြရန်လိုအပ်ပါသည်။

ငလျင်လှုပ်ခတ်ပြီးနောက်တွင် ငလျင်ဒဏ်ကြောင့် မြေအောက်ရေနှင့်ဆက်စပ်သော ရေပေးဝေရေးလုပ်ငန်းများ ကမောက်ကမဖြစ်ကုန်သဖြင့် ရေနှင့်အစားအသောက်မသန့်ရှင်းမှုများဖြစ်တတ်သည်။ ထို့ပြင် မိလ္လာစနစ်တချို့ပျက်စီးခဲ့ခြင်းကြောင့် အညစ်အကြေး စွန့်ပစ်မှုပိုင်းတွင် စနစ်တကျရှိမှုများမရှိခြင်းကြောင့် နောက်ဆက်တွဲအနေဖြင့် ဝမ်းရောဂါများဖြစ်လာနိုင်သည့်အပြင် လူစုလူဝေးနှင့် နေထိုင်ကြရသောကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများလည်း ဖြစ်လာနိုင်သည်ကို သတိပြုရမည်။ လျှော့လှုပ်ခတ်ချိန်က ရရှိခဲ့သောထိခိုက်ဒဏ်ရာများသည် ပတ်ဝန်းကျင်မသန့်ရှင်းမှုကြောင့် အနာပိုးဝင်နိုင်သကဲ့သို့ သန့်ရှင်းသည့်ရေရရန်ခက်ခဲခြင်းကြောင့် အရေပြားရောဂါများလည်း ဖြစ်လာနိုင်သည်။ ထို့ပြင် ကြွက်၊ ခြင်၊ ယင်များ ပေါက်ဖွားမှုများပြားလာခြင်းကြောင့် ၎င်းတို့မှတစ်ဆင့်ကူးစက်စေသော သွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ ဆင်ခြေထောက်ရောဂါများဖြစ်ပွားနိုင်သည်ကို သတိပြုဆင်ခြင်နေထိုင်ကြရမည်ဖြစ်သည်။

လက်ရှိအချိန်သည် နွေရာသီဖြစ်သည့်အတွက် အပူဒဏ်ကြောင့်ဖြစ်လာနိုင်သည့် ကျန်းမာရေးပြဿနာများကိုလည်း ဂရုစိုက်သင့်သည်။ ပုံမှန်အားဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသသည် အခြားသောအရပ်ဒေသများထက် အပူချိန်မြင့်မားသောဒေသဖြစ်သည်။ အဆိုပါဒေသတွင် ငလျင်ကြီးလှုပ်ခတ်ခဲ့ပြီးနောက် နေထိုင်ရာနေအိမ်အဆောက်အအုံများပျက်စီးကာ ခိုင်ခံ့လုံခြုံသောအမိုးအကာမရှိသူများအတွက် ပြင်းထန်သောအပူချိန်သည် အပူနှင့်ဆက်စပ်သောရောဂါများဖြစ်ပွားစေနိုင်သဖြင့် ဖြစ်နိုင်ပါက အရိပ်ကောင်းစွာရသော လေဝင်လေထွက်ကောင်းသည့်နေရာများကို ရွေးချယ်နေထိုင်ကြရန်လိုပါသည်။

ငလျင်ကြီးနှင့်ရင်ဆိုင်ကြုံတွေ့ခဲ့ရသောသူများတွင် မိမိတို့၏မိသားစုဝင်များ၊ မိတ်ဆွေအပေါင်းအသင်းများ၏ အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရသည့်အတွက် စိတ်ပိုင်းဆိုင်ရာထိခိုက်ခြင်း၊ အိုးအိမ်ပိုင်ဆိုင်မှုများဆုံးရှုံးခဲ့ရသည့်အတွက် စိတ်ဓာတ်ကျဆင်းခြင်းများဖြစ်ပေါ်လျက်ရှိသည်။ ထိုသို့စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများသည် အချိန်ကြာလာသည့်အခါ ငလျင်ကြောင့်ဖြစ်သောစိတ်ဒဏ်ရာ (PTSD) အဖြစ်သို့ရောက်ရှိလာနိုင်သည်။ PTSD သည် အိပ်မက်ဆိုးများမက်ခြင်း၊ အမြဲစိုးရိမ်ပူပန်နေခြင်း၊ ငလျင်လှုပ်ခတ်စဉ်က အဖြစ်အပျက်ကို အကြိမ်ကြိမ်ပြန်မြင်ယောင်နေခြင်းများကဲ့သို့ လက္ခဏာများကိုဖြစ်စေနိုင်သောကြောင့် ကျွမ်းကျင်သူများထံသို့ပြသကာ ဆေးကုသမှုခံယူရမည်ဖြစ်သည်။

ငလျင်ဒဏ်သင့်ပြည်သူများတွင် တွေ့ကြုံခံစားနေကြရသည့် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာကျန်းမာကြံ့ခိုင်ရေးအတွက် နှစ်သိမ့်ပေးခြင်း၊ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ထိရောက်သည့် ပံ့ပိုးမှုများနှင့် စိတ်ခွန်အားပေးခြင်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အလျင်အမြန်ဆောင်ရွက်ပေးခြင်းက ငလျင်ကြောင့်ခံစားခဲ့ရသည့် ဝမ်းနည်းပူဆွေးမှုများကို လျော့ပါးသက်သာစေမည်ဖြစ်ပါသောကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများ အချင်းချင်းဝိုင်းဝန်းကူညီစောင့်ရှောက်အားပေးခြင်းဖြင့် ငလျင်ဒဏ်သင့်ပြည်သူများတွင် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာကျန်းမာကြံ့ခိုင်ရေးကို တည်ဆောက်သွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်သင့်နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် အလှူရှင်များက အလှူငွေနှင့်စားသောက်ကုန်များ လှူဒါန်း




**မန္တလေး ဧပြီ ၉**

မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်သင့် နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ၊ စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို ဧပြီ ၈ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ပေးအပ်လှူဒါန်းကြရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့လှူဒါန်းရာတွင် မန္တလေးမြို့အခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံးမှ ဒုတိယကောင်စစ်ဝန်ချုပ် Mr.Zhang Wei နှင့် အလှူရှင်များဖြစ်သည့် China National Petroleum Corporation (CNPC)က ငလျင်ဘေးသင့်ပြည်သူများအတွက် အမေရိကန်ဒေါ်လာငါးသောင်းတန်ဖိုးရှိ စားသုံးဆီများ၊ အသင့်စားခေါက်ဆွဲထုပ်များနှင့်ဆန်အိတ်များကိုလည်းကောင်း၊ မန္တလေး-တရုတ်လုပ်ငန်းရှင်များအသင်းက အလှူငွေကျပ် သိန်း ၁၀၀၀ နှင့် ငွေကျပ် သိန်း ၂၃၀ တန်ဖိုးရှိလူသုံးကုန်နှင့်စားသောက်ကုန်များကိုလည်းကောင်း၊ Myanmar Conch Cement Co.,Ltd က အလှူငွေကျပ် သိန်း ၅၀၀ နှင့် ငွေကျပ် သိန်း ၉၀ တန်ဖိုးရှိ ရေသန့်ဘူး ၃၀၀၀၀ ကိုလည်းကောင်း လှူဒါန်းခဲ့သည်။

ထို့အတူ မြန်မာ စီချွမ်-ချုံချင်း အထွေထွေ ကုန်သည်ကြီးများအသင်းနှင့် CKYY Co.,Ltd က အလှူငွေကျပ် သိန်း ၅၀၀ နှင့် လူသုံးကုန်ပစ္စည်း ၁၅ မျိုးကိုလည်းကောင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက ငွေကျပ် သိန်း ၂၄၀ တန်ဖိုးရှိ ဆီပိဿာ ၃၀၀၀ နှင့် ငွေကျပ် သိန်း ၃၀ တန်ဖိုးရှိရေသန့်ဘူး ၁၀၀၀ ကိုလည်းကောင်း၊ Power X Co.,Ltd ကုမ္ပဏီကဦးဆောင်၍ အလှူရှင်များက Power X Power Station 500W တစ်လုံး၊ ဆိုလာပြား 160 W တစ်ခု၊ ဖျာနှင့် ခြင်ထောင်၊ ထမင်းပေါင်းအိုးတစ်လုံး၊ LED မီးသီးများ ပါဝင်ပြီး စုစုပေါင်းငွေကျပ် ၆၅ သိန်းတန်ဖိုးရှိ လူရှစ်ဦး အသင့်နေထိုင်နိုင်သည့် ယာယီအဆောက်အအုံအလုံး ၅၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ကူညီရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ၊ ပြိုကျပျက်စီးအဆောက်အအုံများနှင့် အန္တရာယ်ရှိအဆောက်အအုံများ ဖယ်ရှားရှင်းလင်းခြင်းများကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ကောလင်းခရိုင်တွင် စားတော်ပဲ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**ကောလင်း ဧပြီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော စားတော်ပဲ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲ ၄၂၄၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စားတော်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကောလင်းမြို့နယ်၌ ဧက ၃၀၄၁၊ ဝန်းသိုမြို့နယ်၌ ၆၅၁ ဧက၊ ပင်လည်ဘူးမြို့နယ်၌ ၅၅၅ ဧက စုစုပေါင်း ၄၂၄၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၆၈ တင်း ထွက်ရှိကြောင်း သိရသည်။

"ကောလင်းခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက စားတော်ပဲ ၄၂၄၇ ဧကထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စားတော်ပဲခင်းတွေ အခုလက်ရှိမှာတော့ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စားတော်ပဲဟာ ပြည်တွင်းစားသုံးမှုများတဲ့ သီးနှံဖြစ်လို့ စိုက်ပျိုးတဲ့တောင်သူတွေ အဆင်ပြေပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် စားတော်ပဲစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းမွန်ရေး၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စားတော်ပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စားတော်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ကွမ်းသီးအနုပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဧပြီ ၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ကွမ်းသီးအနုပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ကွမ်းသီးများအပါအဝင် လယ်ယာထွက်ကုန်များနှင့် ခြံထွက်သီးနှံများကို တင်ပို့ရောင်းချလျက်ရှိပြီး ယခုနှစ် ဖေဖော်ဝါရီလအတွင်းက ကွမ်းသီးအနုပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် မတ် ၁ ရက်မှ ၃၁ ရက်ထိ ကွမ်းသီးအနုပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြည်ပဈေးကွက်က အမှာကုန်များလာလို့ ရန်ကုန်ဈေးကွက်ကို တင်ပို့ကုန်အများအပြား တင်ပို့နေရတာဖြစ်ပါတယ်။ တင်ပို့နေရတဲ့ကွမ်းသီးကတော့ အရည်အသွေးကောင်းဖို့ လိုအပ်သလို သန့်ရှင်းဖို့လဲလိုအပ်ပါတယ်။ လက်ရှိ ကွမ်းသီးအနု ၁၀ ပိဿာကို ငွေကျပ် ၁၄၅၀၀၀ ထိဈေးပေါက်နေပါတယ်။ လက်ရှိကွမ်းသီးတွေ အရောင်းအဝယ် ဖြစ်နေတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူတွေ လုပ်ငန်းအဆင်ပြေစွာ လည်ပတ်လုပ်ကိုင်နေပါတယ်" ဟု ဒေါ်သူဇာက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ထွက်ရှိသည့် ကွမ်းသီးအနုများကို ကုန်သည်များက ကွမ်းခြံများသို့ သွားရောက်ဝယ်ယူပြီး စနစ်တကျ ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ငလျင်ကြောင့်ပျက်စီးခဲ့သည့် ရုံးနှင့် ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး၊ ယာယီရွှေ့ပြောင်းနေထိုင်ကြသည့် ဝန်ထမ်း၊ မိသားစုဝင်များကို တွေ့ဆုံအားပေး



**မန္တလေး မေ ၉**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး မေ ၈ ရက် မွန်းလွဲပိုင်းက မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဌာနဆိုင်ရာရုံးများ၊ ဝန်ထမ်းအိမ်ရာများ၊ အဆောင်များ၊ တိုက်ခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ယာယီရွှေ့ပြောင်းနေထိုင်နေကြသည့် ဝန်ထမ်းများနှင့် မိသားစုဝင်များကို တွေ့ဆုံ၍ အားပေးစကားများ ပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ သွားရောက်စစ်ဆေးရာတွင် အောင်မြေသာစံမြို့နယ်ရှိ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အရှေ့ပြင်ဝန်ထမ်းအိမ်ရာစခန်း၊ ပုသိမ်ကြီးမြို့နယ်ရှိ အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာနှင့် မင်္ဂလာရန်ကင်းပြည်သူ့အင်အားအိမ်ရာ၊ ချမ်းအေးသာစံမြို့နယ်ရှိ တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနရုံး၊ ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ် (၁၁-၂)တို့ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ ဝန်ထမ်းများ၏ အိမ်ရာ၊ အဆောင်၊ တိုက်ခန်းနေရာများသို့ ရောက်ရှိစဉ် ငလျင်ဒဏ်ကြောင့် အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရမှုနှင့် သောက်သုံးရေ ဖြန့်ဝေပေးနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြည်သူကို ဝန်ဆောင်မှုပေးနေသည့် ဌာနဆိုင်ရာရုံးများ ပုံမှန်အတိုင်း အမြန်ဆုံးလည်ပတ်နိုင်ရေး၊ အဆောက်အအုံများ၏ ကြံ့ခိုင်မှုအခြေအနေများနှင့် ပတ်သက်၍ ကျွမ်းကျင်ပညာရှင်များပါသော နည်းပညာစိစစ်ရေးအဖွဲ့ဖြင့် စစ်ဆေးခြင်းများနှင့် ပြန်လည်ပြုပြင်ခြင်းများကို အမြန်ဆုံးဆောင်ရွက်သွားနိုင်ရေး တာဝန်ရှိသူများကို ဆွေးနွေးပြောကြားခဲ့ပြီး ယာယီပြောင်းရွှေ့နေထိုင်နေကြရသည့် ဝန်ထမ်းများနှင့် မိသားစုဝင်များကို ရင်းနှီးနွေးထွေးစွာတွေ့ဆုံ၍ အခြေခံလိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်သွားနိုင်ရန် စီမံဆောင်ရွက်နေမှုများနှင့် တစ်ကိုယ်ရေ ကျန်းမာရေးကို အထူးဂရုစိုက်ပြီး နေထိုင်သွားကြရန်ပြောကြားပြီး လိုက်လံတွေ့ဆုံ အားပေးစကားများ ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ မန္တလေးငလျင်ကြီးကြောင့် ပြိုကျပျက်စီးခဲ့သော ၁၁ ထပ်ရှိ Sky Villa အဆောက်အအုံကို အေးရှားဝေါဖောင်ဒေးရှင်းက တန် ၂၂၀ ကရိန်းယန္တရားယာဉ်ဖြင့် ကူညီဖယ်ရှားရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်သွားမည့် အစီအမံများနှင့် အန္တရာယ်ကင်းရှင်းရေး အထူးဂရုပြုဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# သာပေါင်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မိကျောင်းကွမ်းဖတ် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**သာပေါင်း မေ ၉**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း မိကျောင်းကွမ်းဖတ်ပိဿာချိန် အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သာပေါင်းမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်သူက ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်းက မိကျောင်းကွမ်းဖတ် ပိဿာချိန် ၅၄၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မိကျောင်းကွမ်းဖတ်တွေကို သာပေါင်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချနေပါတယ်။ မတ်လအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကနေ တစ်ဆင့် အခြားဈေးကွက်တွေကို တင်ပို့ရောင်းချတယ်လို့ သိရပါတယ်။ တင်ပို့ရောင်းချအားတက်လာတော့ သိုလှောင်ထားတဲ့သူတွေလဲ အဆင်ပြေနေကြပါတယ်။ မိကျောင်းကွမ်းဖတ် လုပ်ငန်းက ဆောင်းနဲ့ နွေကာလမှာ အရောင်းအဝယ် အဖြစ်ဆုံးအချိန်ဖြစ်ပါတယ်။ လက်ရှိအရောင်းအဝယ်ဖြစ်နေတာက လက်ကျန်ကုန်ပစ္စည်းတွေပါ"ဟု သာပေါင်းမြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်သူက ပြောပြသည်။ **ကျော်ကျော်လင်း**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၈၃ လမ်း၊ ၂၈ x ၂၉ လမ်းကြားနေ ဦးအောင်ခင်-ဒေါ်စုစုမာ၊ သမီး မဥမ္မာဝင်း မိသားစုက ဆေးပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုဓမ္မမဏိဇောတဓရ ဦးစိုးလင်းက လက်ခံရယူစဉ်။

# အုတ်ဖိုမြို့နယ် ရှမ်းစု(ဂုံမင်းမြောင်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အုတ်ဖို မေ ၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းစု(ဂုံမင်းမြောင်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို မေ ၈ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးဝင်းမြင့်စိုးနှင့်ဝန်ထမ်းများက ရှမ်းစု (ဂုံမင်းမြောင်)ကျေးရွာ၌ ဂဝံလမ်းခင်းခြင်း လုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ရှမ်းစု (ဂုံမင်းမြောင်) ကျေးရွာတွင် အရှည်ပေ ၁၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိ ဂဝံလမ်းခင်းခြင်းနှင့် ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေကျပ် ၉ ဒသမ ၉ သန်းဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂဝံလမ်းခင်းခြင်းနှင့် ရေသန့်စင်စက် တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှ ထုတ်ကုန်၊ ထွက်ကုန်များအား ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်တော့မည်ဖြစ်ပြီး သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာ ရရှိနိုင်မည် ဖြစ်ကြောင်း သိရသည်။

**သုတ**

# မြင်းမူမြို့နယ်တွင် နေကြာကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး၊ တစ်ကေလျှင် ၂၆ ဒသမ ၉၅ တင်း ထွက်ရှိ

**စစ်ကိုင်း မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာကေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၇၂၀၃ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောနေကြာစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၂၆ ဒသမ ၉၅ တင်း ထွက်ရှိကြောင်း သိရသည်။

"မြင်းမူမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက နေကြာ ၁၇၂၀၃ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာခင်းတွေ လက်ရှိအချိန်မှာတော့ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပက စားအုန်းဆီတင်သွင်းမှုကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာရဲ့ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် အသိပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆီထွက်သီးနှံနေကြာကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုပါရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာစိုက်ခင်းများကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)



# မုံတိုင်ပင်ဆရာတော်(အပိုင်း-၁၀)

## ဗိုလ်ရှိတ်(ရတနာပူရ)

**ဘဝနေဝင်ချိန်**

မုံတိုင်ပင်ဆရာတော်သည် ဘဝနေဝင်ချိန်များကို ဇာတိမုံတိုင်ပင်ရွာကျောင်း၌သာ ကုန်ဆုံးခဲ့သည်။ ကျေးလက်ပညာရေးကိုသာအဓိကထားလုပ်ကိုင်နေခဲ့သည်။ ထိုခေတ်ထိုအခါက ပညာရေးစနစ်သည် ဘုန်းတော်ကြီးကျောင်း ပညာရေးစနစ်ဖြစ်သည်။ ပြည်သူလူထုသည် ဘုန်းတော်ကြီးကျောင်း ပညာရေးစနစ်အောက်သာ ပညာသင်ကြားခဲ့ရသည်။ ရှင်ဘုရင်မှအစ သာမန်ပြည်သူလူထုထိဘုန်းတော်ကြီးကျောင်း၌ သင်ခဲ့ရသည်။

မုံတိုင်ပင်ဆရာတော်သည် ဒီပဲယင်းမြောက်လက် ကျေးရွာများ၏ ပညာရေးကို တာဝန်ယူထားရသူဖြစ်သည်။ ကျေးရွာပေါင်း ၆၈ ရွာ၏ ပညာရေးကို တာဝန်ယူထားရသည်။ ဆရာတော်သည် ဘဝနေဝင်ချိန်များကို ကျေးလက်ပညာရေးကို တာဝန်ယူရင်း အချိန်ကုန်ခဲ့ရသည်။ ရွာစဉ်လှည့်၍ တရားဟောသည်။ ပညာ သင်ကြားပေးသည်။ တစ်ရွာဝင်တစ်ရွာထွက် မနားမနေကြိုးပမ်းသည်။

မြတ်စွာဘုရားရှင်သည် သူ၏ တပည့်ရဟန်းများကို ခရီးထွက်၍ သာသနာပြုရန်ဆုံးမသလို ကိုယ်ကိုယ်တိုင်လည်း ခရီးထွက်ကာ သာသနာပြုခဲ့သည်။ ဝါကျွတ်သောအခါမှစ၍ မြို့စဉ်၊ ရွာစဉ်တိုင်းကို ခရီးထွက်ကာ သာသနာပြုခဲ့သည်။ ထိုသို့ ဝါကျွတ်ချိန်မှစ၍ ခရီးထွက်ကာ သာသနာပြုရခြင်းမှာ- "ဆင်းရဲသူ၊ အိုမင်းမစွမ်းသူ၊ နာမကျန်းဖြစ်နေသူ၊ ဘုရားရှင်ထံဝင်ရောက်ဖူးမြော်ရန် အခွင့်မသာသူများသည် မြတ်စွာဘုရားကြွရောက်လာခြင်း၊ ထိုသူတို့သည် မြတ်စွာဘုရားအားဖူးမြော်ခွင့်ရခြင်း၊ ဘုရားရှင်အား ဆွမ်းတစ်ဇွန်း၊ သစ်သီးတစ်လုံး၊ ပန်းတစ်ပွင့်လှူဒါန်းခွင့်ရခြင်း၊ ဘုရားရှင်ထံမှတရားကိုနာကြားရခြင်း၊ မိစ္ဆာအယူကိုဖျောက်ကာ သမ္မာဒိဋ္ဌိအယူကိုယူကြ၍ တရားထူးရစေခြင်း စသည့်အကျိုးများကို မျှော်ကိုး၍ ဒေသစာရီခရီးထွက်ခြင်းဖြစ်သည်။ နေတ္တိအဋ္ဌကထာ၌ မြတ်စွာဘုရားရှင် ဒေသစာရီခရီးထွက်ရခြင်းအကြောင်း ခုနစ်မျိုးကိုပြဆိုထားသည်။ ထိုခုနစ်မျိုးမှာ-

၁။ အရပ်တစ်ပါး၌ ရောက်ရှိနေသော ကျွတ်ထိုက်သည့် သတ္တဝါတို့ကို ဆုံးမလိုခြင်း။
၂။ အရပ်တစ်ပါး၌နေထိုင်သော သတ္တဝါတို့၌ အားထုတ်မှု လုံ့လကိုဖြစ်စေလိုခြင်း။
၃။ တပည့်ရဟန်းတို့အား တစ်နေရာတည်း၌ အမြဲနေမှုကိုပယ်မြစ်လိုခြင်း။
၄။ ကိုယ်တော်တိုင်လည်း တစ်နေရာတည်း၌ အမြဲနေမှုကို ပယ်မြစ်လိုခြင်း။
၅။ ဘုရားရှင်သီတင်းသုံးဖူးသော အရပ်ဒေသသည် စေတီတည်ထိုက်သည်၏အဖြစ်ကို ပြီးစေလိုခြင်း။
၆။ ဖူးမြော်ဆည်းကပ်ခွင့်ရသည့်အတွက် များစွာသောသတ္တဝါတို့၌ ကုသိုလ်တရားတိုးပွားစေလိုခြင်း။
၇။ မိုးခေါင်ခြင်း အစရှိသော ဘေးအန္တရာယ်တို့ ငြိမ်းစေလိုခြင်းတို့ဖြစ်သည်။

မြတ်စွာဘုရားသည် ကိုယ်တော်တိုင်လည်း ဒေသစာရီခရီးထွက်ကာ သာသနာပြုသလို ရဟန်းများကိုလည်း သာသနာပြုလွှတ်တော်မူသည်။ မိဂဒါဝုန်တော၌ ရှေးဦးပထမဝါဆိုပြီး၍ ဝါကျွတ်သောအခါတွင် တပည့်ရဟန်းအပါး ၆ဝ ကို"ရဟန်းတို့၊ များလှစွာသောလူတို့၏ အစီးအပွားဖြစ်ခြင်းငှာ၊ ချမ်းသာခြင်းငှာ ဒေသစာရီလှည့်လည်ကြကုန်လော" ဟူသော သာသနာပြုခရီးထွက်ရန် မိန့်ကြားခဲ့သည်။ ထို့ပြင် "တစ်ကြောင်းတည်းသောခရီးကို နှစ်ပါး မကြွနှင့်" ဟူ၍လည်း ဖြည့်စွက်မိန့်ကြားခဲ့သည်။ ခရီးထွက်၍သာသနာပြုခြင်းသည် ဘုရားရှင်မိန့်မှာခဲ့သောစကားဖြစ်သည်။

**❖မုံတိုင်ပင်ဆရာတော်သည် ဒီပဲယင်းမြောက်လက်ကျေးရွာများ ၏ ပညာရေးကို တာဝန်ယူထားရသူဖြစ်သည်။ ကျေးရွာပေါင်း ၆၈ ရွာ၏ပညာရေးကို တာဝန်ယူထားရသည်။ ဆရာတော်သည် ဘဝ နေဝင်ချိန်များကို ကျေးလက်ပညာရေးကိုတာဝန်ယူရင်း အချိန်ကုန် ခဲ့ရသည်။ ရွာစဉ်လှည့်၍ တရားဟောသည်။ ပညာသင်ကြား ပေးသည်။ တစ်ရွာဝင် တစ်ရွာထွက် မနားမနေကြိုးပမ်းသည်။ မြတ်စွာဘုရားရှင်သည် သူ၏တပည့်ရဟန်းများကို ခရီးထွက်၍ သာသနာပြုရန်ဆုံးမသလို ကိုယ်ကိုယ်တိုင်လည်း ခရီးထွက်ကာ သာသနာပြုခဲ့သည်။❖**

မုံတိုင်ပင်ဆရာတော်သည် ဘုရားရှင်မိန့်မှာသည့်အတိုင်း ဒီပဲယင်းနယ်တစ်ခွင်တွင် တစ်ရွာဝင်တစ်ရွာထွက် သာသနာပြုခဲ့သည်။ ထိုသို့သာသနာပြုသော်လည်း တစ်ရွာရောက်လျှင် တစ်ရွာမှာမှောင်မိုက်မည်ဖြစ်သည်။ နေမင်းကြီးပင်လျှင် လေးကျွန်းစလုံးကို တစ်ပြိုင်တည်းမထွန်းလင်းနိုင်သကဲ့သို့ တစ်နေရာတွင် အမှောင်ကျနေမည်သာဖြစ်သည်။ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူသွားသော်လည်း မြတ်စွာဘုရားရှင်ကိုယ်စား စေတီ၊ ရုပ်ပွားတော်များထားခဲ့တော်မူသကဲ့သို့ ဆရာတော်သည်လည်း ရောက်ရာဒေသတွင် ဆရာတော်ကိုယ်စား တပည့်သံဃာများထားခဲ့သည်။ ဆရာတော်ကိုယ်စားထားခဲ့သော တပည့်သံဃာတော်များကိုဆရာတော်အားကြည်ညိုသကဲ့သို့ ကြည်ညိုကြလျှင် အကျိုးတရားမှာ အတူတူပင်ဖြစ်မည်ဟု ဆရာတော်ကဟောကြားခဲ့သည်။ ထိုအကြောင်းများကို ဆရာတော်သည် ပေရွက်တွင်

"နေစကြာပင်၊ လေးဖြာကျွန်းမ၊ ပြိုင်မပရှင့်၊ မြတ်လှဆရာ၊တစ်ရွာရောက်ခိုက်၊ တစ်ရွာမိုက်လိမ့်" ဟူ၍လည်းကောင်း၊ ခိုင်းထိုက်ပမာ၊ နှိုင်းလိုက်စာမူ၊ သုံးရွာလူဘာ၊ပြောင်းကြွဒေသစာ၊လှည့်သောအခါဝယ်၊ ပြည်ရွာဇန၊ မဖူးရ၍၊ ဖူးကြစိမ့်ငှါ၊ ရိပ်ရွာကိုယ်စား၊ ထားခဲ့သည်မှာ၊ ခုတိုင်သာတည့်၊ ဆရာမြတ်ကား၊ သံဃာစားဖြင့်၊ ထားခဲ့သည်မူ၊ ပုံနည်းယူလိမ့်၊ ကြည်ဖြူစိတ်ထား၊ မကွဲပြားမူ၊ ကျိုးကားထပ်တူ၊ ဉာဏ်ဝယ်ယူရှင့်၊ ကြည်ဖြူမေတ္တာ၊ ဆရာဘုရား၊ ကြွသွားသည်မှ၊ နေ့ကစ၍၊ ဒုက္ခပူဆာ၊ များကာဝိတက်၊ နှိပ်စက်သည်မှာ၊ ကျမ်းလာမယုတ်၊ ဖေါ်ပြထုတ်မူ၊ ဗုဒ္ဓကိုးရ၊ ဘုရားအလျှာ၊ တောထွက်ခါ၌၊ မကွာတူကွ၊ ခဏ္ဍိုကမြင်း၊ ကျွန်ရင်းငဆန်၊ ပြည်အပြန်၌၊ ဖောက်ပြန်ရွေ့လွှဲ၊ သခင်ကွဲ၍၊ ပြောင်းလဲသောခါ၊ နတ်ဘုံရွာဖျား၊ မြင်းနတ်သားစင်၊ ဖြစ်သည်ပင်ဟု၊ ကျမ်းတွင်မိန့်မှာ၊ တိုက်ရိုက်လာကို၊ မကွာအမြဲ၊ နှလုံးစွဲလေ"ဟူ၍လည်းကောင်း ရေးသားတော်မူခဲ့လေသည်။

**ပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် ဒီပဲယင်းတစ်ခွင်လှည့်လည်သာသနာပြုရင်း သက္ကရာဇ် ၁၂၂၂ ခုကဆုန်လ၊ သက်တော် ၈၂၊ ဝါတော် ၅၉ ဝါအရတွင် ဇာတိမုံတိုင်ပင်ရွာကျောင်း၌ ပျံလွန်တော်မူခဲ့သည်။ ယခုဖော်ပြခဲ့သော မုံတိုင်ပင်ဆရာတော်ကြီးပျံလွန်တော်မူသောရက်စွဲသည် မုံတိုင်ပင်သာသနာဝင် အကျဉ်းချုပ်ကျမ်း၌ ဖော်ထားသည့်အတိုင်းဖော်ပြခဲ့ခြင်းဖြစ်သည်။ ဤကျမ်းတွင် ပျံလွန်တော်မူနှစ်ကို ၁၂၂၂ခုနှစ်ကဆုန်လဟူ၍သာပါပြီး ရက်စွဲတိတိကျကျ ဖော်ပြမထားပေ။ ဟံသာဝတီတိုက်ထုတ် သုံးပုံဟင်းလေး၊ သုံးပုံကူးတို့၊ စာရိတ္တဝါရိတ္တ ဘုရားရှိခိုးကျမ်း နိဒါန်းနှင့် ဗိုလ်မှူးဘသောင်းပြုစုသော စာဆိုတော်များအတ္ထုပ္ပတ္တိကျမ်း၌ မုံတိုင်ပင်ဆရာတော်ကြီး ပျံလွန်တော်မူသောနှစ်ကို သက္ကရာဇ် ၁၂၂၁ ခုနှစ် ပြာသိုလပြည့်ကျော် ၁၀ ရက်နေ့၊ သက်တော် ၈၁ အလွန် ၈၂ အကူး ရှင်ရဟန်းဝါတော် ၆၅ ဝါအရတွင် ပျံလွန်တော်မူသည်ဟု ဖော်ပြထားသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ၌ ထုတ်ဝေခဲ့သော သူရဇ္ဇ မဂ္ဂဇင်းတွင်ပါရှိသည့် ဆရာမောင်ဇေယျာ၏ "မုန်တိုင်ပင်ဆရာတော် အရှင်ဝံသပါလ"ဆောင်းပါး၌ မုံတိုင်ပင်ဆရာတော် ပျံလွန်တော်မူသောရက်ကို" သက်တော် ၈၂၊ သိက္ခာ ၅၉ ဝါရ၊ ၁၈၆၀ ပြည့်နှစ် ဇန်နဝါရီ ၁၈ ရက် (မ ၁၁၂၁ ပြာသိုလပြည့်ကျော် ၁၁ရက် )တွင် မုံတိုင်ပင်ရွာကျောင်းတိုက်၌ ဘဝနတ်ထံမြန်းကြွသည်" ဟူ၍ဖော်ပြထားသည်။

အထက်တွင် မုံတိုင်ပင်ဆရာတော်ပျံလွန်တော်မူရက် သုံးမျိုးလွဲနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ အထက်ပါ အမှတ်အသားသုံးမျိုးတွင် မုံတိုင်ပင်သာသနာဝင် အကျဉ်းချုပ်ကျမ်း၌ ဖော်ပြထားသော ပျံလွန်တော်မူရက်သည် မုံတိုင်ပင်ကျောင်း၌ရှိသည့် ပုရပိုက်အတိုင်း ဖော်ပြထားခြင်းဖြစ်သည်။ ထိုပုရပိုက်မှာ ယခုအချိန်ထိ မုံတိုင်ပင်ကျောင်း၌ရှိသည်။ စာရေးသူကိုယ်တိုင် ကြည့်ရှုလေ့လာခဲ့ရပါသည်။ ပုရပိုက်မှုအရ မုံတိုင်ပင်ဆရာတော်ပျံလွန်တော်မူရက်ကို ၁၂၂၂ ခုနှစ်၊ ကဆုန်လဟုဆိုထားပြီး ရက်နှင့်နေ့ကို မတွေ့ရပါ။ ဗိုလ်မှူးဘသောင်းတို့က ၁၂၂၁ ခုနှစ် ပြာသိုလပြည့်ကျော် ၁၀ ရက်နေ့ ( ၁၈၆၀ ပြည့်နှစ်၊ ဇန်နဝါရီ ၁၇ ရက်) ဟု တိတိကျကျဆိုထားပါသည်။ မောင်ဇေယျာက ပြာသိုလပြည့်ကျော် ၁၁ ရက်နေ့ဟု ဆိုထားသည်။ ဗိုလ်မှူးဘသောင်း အမှတ်အသားနှင့် မောင်ဇေယျာအမှတ်အသားမှာ တစ်ရက်သာကွာပါသည်။ မြန်မာနှစ်ကိုဖော်ပြရာတွင် မောင်ဇေယျာ၏အမှတ်အသားသည် မှားယွင်းနေပါသည်။ မောင်ဇေယျာ၏ အမှတ်အသား၌ ၁၁၂၁ ဟု ဆိုထားသည်။ ၁၁၂၁ ခုနှစ်တွင် မုံတိုင်ပင်ဆရာတော်ပင်မမွေးသေးချေ။ ဆရာမောင်ဇေယျာသည် ထိုရက်စွဲကို မည်သည့်အထောက်အထားဖြင့် ဆိုသည်ကို တိတိကျကျပြဆိုနိုင်ခြင်းမရှိပေ။ သို့ဖြစ်သောကြောင့် မောင်ဇေယျာ၏အမှတ်အသားကို မမှတ်သားသင့်ပေ။ မုံတိုင်ပင်သာသနာဝင် အကျဉ်းချုပ်ကျမ်းအဆိုနှင့် ဗိုလ်မှူးဘသောင်းတို့၏အဆိုကိုသာ လေ့လာဆွေးနွေးပါမည်။

မုံတိုင်ပင်သာသနာဝင် အကျဉ်းချုပ်ကျမ်းက ဆရာတော်ပျံလွန်တော်မူသည့်ရက်စွဲကို ၁၂၂၂ ခု၊ ကဆုန်လဟုဆိုထားပြီး ဗိုလ်မှူးဘသောင်းတို့က ၁၂၂၁ ခု၊ ပြာသိုလပြည့်ကျော် ၁၀ ရက်နေ့ (၁၈၆၀ ပြည့်နှစ်၊ ဇန်နဝါရီ ၁၇ ရက်ဟု တိတိကျကျဆိုထားသည်။ အမှတ်အသားနှစ်ခုမှာ သုံးလကျော်ခန့် ကွာနေသည်။ ဗိုလ်မှူးဘသောင်းတို့၏ အမှတ်အသားသည် မည်သည့်အထောက်အထားဖြင့် ပြောသည်ကို မသိရပါ။

မုံတိုင်ပင်သာသနာဝင်အကျဉ်းချုပ်ကျမ်းသည် မုံတိုင်ပင်ရွာကျောင်း၌ရှိသော ပုရပိုက်မူမှတ်တမ်းအရ ဖော်ပြထားခြင်းဖြစ်သည်။ ထိုပုရပိုက်မူတွင် မုံတိုင်ပင်ဆရာတော်ပျံလွန်တော်မူခြင်းနှင့် ပတ်သက်သော အမှတ်အသားများကို တွေ့ရသည်။ မုံတိုင်ပင်ဆရာတော်ကြီး၏ အန္တိမစျာပနနှင့်ပတ်သက်၍ မုံတိုင်ပင်ဆရာတော်၏တပည့်များက သာသနာပိုင်ဆရာတော်ထံလျှောက်သည့် စာများဖြစ်သည်။ ထိုပုရပိုက်မူ စာနှစ်စောင်ကို မူရင်းအတိုင်း ဖော်ပြပါမည်။

**(က) သာသနာပိုင်ထံလျှောက်လွှာ**

မုံတိုင်ပင်ဆရာတော်ဘုရားကြီး၏ သဒ္ဓိဝိယာရိက အန္တေဝါသိကတပည့် သဃ်ာတစုတို့ ရှိခိုးအသနားခံလျှောက် ဝန့်ပါသည် သဃ်ာ့သာမိ သာသနာ့သာမိ ဖြစ်တော်မူသော သာသနာပိုင် ဆရာတော်ဘုရား။

ဘုန်းတော်ကိုအမှီသဟဲပြု၍ သီလဝန္တအာစရိယ အလောင်းတော်ကို ကော်ရော် သက္ကစ္စ ယမန်နှစ် ကဆုန်လ သာခုကီဋ္ဌန နိဗ္ဗာန်ကျောင်းချကိစ္စကို ဆောင်ရွက်ခဲ့ပြီး၍၊ ယခုနှစ်တပို့တွဲလ ရမ်းဆရည်ရော်၍ ဘုန်းတော်ကို အမှီသဟဲပြု၍ သင်္ဂြိုဟ်ဝန်ကိစ္စကို ရွက်ဆောင်ကြရအောင် ညှိနှိုင်းတိုင်ပင်စည်းကြပ်ဆဲ ဖြစ်ပါကြောင်းကို ရှိခိုးအသနားခံ လျှောက်ဝန့်ပါသည် သဃ်ာ့သာမိ သာသနာ့သာမိဖြစ်တော်မူသော သာသနာပိုင်ဆရာတော် ဘုရား။

**သာသနာပိုင်လျှောက်လွှာ-**

**(ခ) ဆရာတော်များလျှောက်လွှာ**

မုံတိုင်ပင်ဆရာတော်ဘုရားကြီး၏ သဒ္ဓိဝိဟာရိက အန္တေဝါသိက မုံတိုင်ပင်တိုက် သံဃာတော်တစုတို့ လျှောက်ဝန့်ပါသည် အရှင်မြတ်အပေါင်းတို့။

ဆရာတော်ဘုရားကြီး ပြန်လွန်တော်မူ၍ အလောင်းတော်ကို တင့်တယ်လျှောက်ပတ်စွာ နိဗ္ဗာန်ကျောင်းချပွဲ၊ သာခုကီဋ္ဌနပူဇော်ပွဲ၊ ဒီပဲယင်းမြို့ဝန် စစ်ကဲနာခံ အရာရှိတို့နှင့်တကွ ဆောင်ရွက်ခဲ့ကြပြီး၍၊ ယခုရှေ့ ပြာသိုလပြည့်နေ့ ရက်ကြမ်းသတ်ပြီးလျှင် မီးလောင်တိုက်ကြီး၊ တလားကြီး၊ ညှော့ခံရထားကြီး၊ အခြံအရံရထားပေါင်း ၁၀ ကျော် ပြာသာဒ်ကြီး ပြာသာဒ်ငယ် ထီးဖြူ သံလျင်၊ ရွှေထီးစသော ပူဇော်ဘွယ် လှူဒါန်းဘွယ်တို့ဖြင့် ကြီးကျယ်တင့်တယ်စွာ သင်္ဂြိုဟ်ဝန်ကိစ္စရွက်ဆောင်ကြရအောင် မြို့ဝန် စစ်ကဲနာခံ အရာရှိတို့နှင့် ညှိနှိုင်းတိုင်ပင် စည်းကြပ်ကြကြောင်းကို လျှောက်ထားသင့် လျှောက်ထားအပ်ပေသည်ဟု နှလုံးပြု၍ ကြားသိတော်မူစေခြင်းငှါ လျှောက်ထားပါသည့် အရှင်မြတ် အပေါင်းတို့။

တူမောင်း ခံနံ့သာတောရဆရာတော်၊ လေးရွာဆရာတော်၊ဒီပဲယင်းမြို့သိဋ္ဌည်းတိုက်အုပ်ဆရာတော်တို့ လျှောက်ဝန့်ပါသည်။

ဆရာတော်သူမြတ်...

ဆရာတော်ဘုရားကြီး၏ ရုပ်အလောင်းတော်ကို ကြီးမား လျှောက်ပတ်တင့်တယ်စွာ သင်္ဂြိုဟ်ရန် မီးလောင်တိုက်ကြီး၊ တလားကြီး၊ ညှော့ခံရထားကြီး၊ အခြံအရံရထား ၁၀ ကျော်ခန့် ရွှေရထား။ ရွှေပြာသာဒ်၊ စက္ကာူစုံ ချယ်ပြာသာဒ်ကြီး၊ ပြာသာဒ်ငယ်၊ ထီးဖြူ သံလျှင်း၊ ရွှေထီး စသောပူဇော်ဘွယ်လှူဒါန်းဘွယ်တို့ဖြင့် ကြီးမားတင့်တယ်စွာ ဒီပဲယင်းမြို့

စာမျက်နှာ ၄ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မြောင်မြို့နယ်တွင် ကုလားပဲ ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၇ ဒသမ ၁၅ တင်းထွက်ရှိ



**စစ်ကိုင်း ဧပြီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၇၆၆၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ကုလားပဲ စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၁၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"မြောင်မြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကုလားပဲ ၇၆၆၂ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကုလားပဲခင်းတွေ လက်ရှိအချိန်မှာတော့ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုတိုးတက်လာပါတယ်။ ကုလားပဲ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်၌ ကုလားပဲ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း(၈)နှင့် ရေဆင်း(၁၁)မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်းနှင့် ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ်သုံးသိန်းကျော်ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်မည်ဖြစ်၍ ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

စစ်ကဲနာခံအရာရှိတို့နှင့် ညှိနှိုင်းတိုင်ပင်၍၊ ရှေ့ပြောသိုလပြည့်၊ တပို့တွဲလပြည့် သင်္ဂြိုဟ်ဝန်ကိစ္စကိုရွက်ဆောင်ရာ ရတနာပုံရွှေပြည်ဆရာတော် သူမြတ်ကလည်း ရမ်းကုန်ပြေး၊ ရမ်းကုန်တက်၊ ရမ်းကုန်ပြန်သော ဘုန်းမီးစက်ပမာ သားကြီးဩရသပမာ တပည့်ကြီးဘွယ်ရာ သတိသမ္ပဇည်နှင့်ပြည့်စုံစွာ အစွမ်းကုန်အားထုတ်၍ ဆရာတော်ဘုရားကြီး၏အလောင်းတော်ကို သင်္ဂြိုဟ်မှီ သင်္ဂြိုဟ်ရာကြွလာတော်မူ၍ သင်္ဂြိုဟ်ဝန်ကိစ္စကို မှိုင်းမရွက်ဆောင်တော်မူပါမည့်အကြောင်းကို လျှောက်ဝန့်ပါသည်။

အထက်ပါဆရာတော်များထံ အကြောင်းကြားလျှောက်ထားစာကို-

(၁) ရတနာပုံ မန္တလေးရွှေပြည်ဆရာတော်။

(၂) အမရပူရမြို့တော် ရေလယ်သုံးထပ်ဆရာတော်။

(၃) ဗန့်ကျီးရွာ ဦးကေတု။

(၄) ပန္နာလ ထန်းတပင်သံဃာများ။

(၅) မောင်းထောင် စစ်ကိုင်း။ ရွှေကြက်ယက်မြို့တော် ဦးဝိစိတ္တ၊ ဦးအဂ္ဂ (၅)ပါး။

(၆) မတ္တရာ ဦးလင်္ကာ။

(၇) မတ္တရာကျွန်း ဦးသောမ။

ပုရပိုက်တွင်တွေ့ရသော စာနှစ်စောင်တွင် သာသနာပိုင်ထံ လျှောက်လွှာ၌ မုံတိုင်ပင်ဆရာတော် ပျံလွန်တော်မူသည့်လကိုတွေ့ရပါသည်။ ထိုလျှောက်လွှာ၌ "ဘုန်းတော်ကို အမှီသဟဲပြု၍ သီလဝန္တ အာစရိယ အလောင်းတော်ကို ကော်ရော်သက္ကစ္စ ယမန်နှစ်ကဆုန်လ သာဓုကီဠန နိဗ္ဗာန်ကျောင်းချကိစ္စကို ဆောင်ရွက်ခဲ့ပြီး၍" ဟူ၍ရေးထားသည်။ ဤအမှတ်အသားအရ မုံတိုင်ပင်ဆရာတော်သည် ကဆုန်လတွင် ပျံလွန်တော်မူခဲ့ခြင်းကြောင့် ကဆုန်လ၌ သာဓုကီဠနနိဗ္ဗာန်ကျောင်းချကိစ္စကိုဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ယူဆနိုင်သည်။ ထို့ကြောင့် မုံတိုင်ပင်ဆရာတော်ပျံလွန်တော်မူရက်သည် မုံတိုင်ပင်သာသနာဝင်အကျဉ်းချုပ်ကျမ်း၌ ဖော်ပြထားသည်သာ ပုရပိုက်မှုနှင့်ကိုက်ညီပါသည်။ ဗိုလ်မှူးဘသောင်း၏ အမှတ်အသား၊ ဆရာဇေယျာမောင်၏ အမှတ်အသားတို့သည် တိကျသော ရေးမှတ်တမ်းကိုဖော်ပြနိုင်ခြင်းမရှိသောကြောင့် အမှန်ဟုအတိအကျမယူသာပါ။ မုံတိုင်ပင်သာသနာဝင်အကျဉ်းချုပ်ကျမ်းတွင် ဖော်ပြထားသော အမှတ်အသားသည် ပုရပိုက်မှုဖြင့် ကိုက်ညီသောကြောင့် မုံတိုင်ပင်ဆရာတော် ပျံလွန်တော်မူသောရက်ကို ၁၂၂၂ ခု၊ ကဆုန်လဟူ၍သာ မှတ်သားသင့်ပါသည်။ ရက်နှင့်နေ့ကို အတိအကျသိအောင် ထပ်မံဖော်ထုတ်ရအုံးမည်ဖြစ်ပါသည်။

## ပိတောက်စိမ်း

- အလို အို ရှုမဆုံးပါကလား
ချိုတိုတို ညအပြုံးရယ်နဲ့
တုနှုန်းစရာ ဘယ်မမြင်တဲ့
ပန်းတော်ဝင် ရွှေရည်လူးပါလို့
နှစ်ဦး ဂိမှာန်နွေ၌
သိန်သရေ ထိန်ဝေဖူးပြီပေါ့
အိမ်ဦးက ကိုယ့်ခြံဝယ်။

- ဟို တစ်နှစ်ဆီက
ပျိုမျစ်စွာ ကြည်အပြုံးတွေနဲ့
ကြော့ဆုံး ခင်တမက်က
ပန်ချင်တယ် အလျင်ခူးပါလို့
ညွတ်နူးစွာ ပူဆာသည့်မို့
ပျာကသီ အားမာန်တင်းပေမယ့်
ကိုယ့်အပင် ဖူးငုံကင်းလေတော့
ဟင်း... ပင့်သက်ဖြာမိတယ်။

- စောင့်ပါဦးကွယ်
နောင်နှစ်မှာ အဝါခြယ်တဲ့
နံ့သာနွယ် ပိတောက်ဖူးကိုဖြင့်
ကြော့မှူး ဆံကေသာ၌
ပန်စရာ ခြွေကာပေးမယ်လို့
ချိုအေးစွာ ကိုယ်ပန်တောင်းပေမယ့်
ခေါင်းငဲ့ လှည်ခါခါနဲ့
ခြံတကာ ကြိုင်လှိုင်မွှေးသည့်မို့
ပန်စရာ ကိုယ်တိုင်ခွေးမယ်လို့
ဝေးရာသို့ ပြေးခဲ့တယ်
သက်လယ်က ကိုယ့်ကို တိမ်း။

- ကြာခဲ့ပါပြီ
ဥသြ ချိုအီအီနဲ့
သည်ရာသီ သည်ချိန်ရောက်လေတိုင်း
ပိတောက် တဝေဝေနဲ့
ကိုယ့်ခြံမြေ အလှဆန်းပေမယ့်
ပန်မယ့်သူ ဖော်မသန်းလေတော့
လွမ်းစရာ အတိတ်အကြောင်းကိုဖြင့်
တမ်းခါခါ စိတ်မပြောင်းသူမို့
ဟောင်းအနေ့နေ့ သိမ်းခဲ့ပေမယ့်
သြော်... နှောင်းတမြွေမြွေ မငြိမ်းနိုင်လို့
အောက်မေ့တယ် စိမ်း။ ။

**မြင်းမူမောင်နိုင်မိုး**

# နိုင်ငံတကာ သတင်းများ

## မြောက်ကိုရီးယားနိုင်ငံက နျူကလီးယားလက်နက်ပိုင်ရှင်နိုင်ငံအဖြစ်မှ ပြောင်းလဲမည်မဟုတ်ကြောင်း ပြောကြား



**ပြုံယမ်း မေ ၉**

အမေရိကန်နိုင်ငံနှင့် ၎င်း၏ အာရှမဟာမိတ်များက မည်မျှ တောင်းဆိုနေစေကာမူ မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက်များပိုင်ရှင် အဆင့်မှာ မည်သည့်အခါတွင်မျှ ပြောင်းလဲသွားလိမ့်မည် မဟုတ်ကြောင်း နိုင်ငံပိုင်မီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

မည်သူတို့က သွေးရူးသွေးတန်းဖြင့် ငြင်းဆန်နေကြသည်ဖြစ်စေ မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက်ပိုင်ရှင် နိုင်ငံအဆင့်မှာ ပြောင်းလဲသွားလိမ့်မည်မဟုတ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင်၏ ညီမဖြစ်သူ ကင်မ်ယိုဂျောင်က ထုတ်ဖော်ပြောကြားထားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က ကျင်းပခဲ့သော အစည်းအဝေးတစ်ခု၌ တောင်ကိုရီးယား၊ ဂျပန်နှင့် အမေရိကန်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ ထုတ်ပြန်ခဲ့သည့် ပူးတွဲကြေညာချက်ကို တုံ့ပြန်သည့်အနေဖြင့် ကင်မ်ယိုဂျောင်က ထိုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါပူးတွဲကြေညာချက်၌ မြောက်ကိုရီးယားနိုင်ငံ နျူကလီးယားလက်နက်ကင်းစင်ရေး ကတိကဝတ်ကို အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးတို့က ထပ်လောင်းအတည်ပြုထားသည်။

မြောက်ကိုရီးယားနိုင်ငံသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အရေးယူပိတ်ဆို့မှုများကို နှစ်ပေါင်းများစွာ ရင်ဆိုင်ခဲ့ရသည်။

မြောက်ကိုရီးယား နိုင်ငံက ၂၀၀၆ ခုနှစ်တွင် ၎င်း၏ ပထမဆုံး မြေအောက်နျူကလီးယားစမ်းသပ်ဖောက်ခွဲမှု ပြုလုပ်ခဲ့ပြီးနောက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူပိတ်ဆို့မှုများ စတင်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၏ ခေါင်းဆောင်အဖြစ်မှ နုတ်ထွက်မည်ဟု လီဂျေးမြောင် ပြောကြား

**ဆိုးလ် မေ ၉**

လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်အဖြစ်မှ နုတ်ထွက်မည်ဖြစ်ကြောင်း တောင်ကိုရီးယားအတိုက်အခံခေါင်းဆောင် လီဂျေးမြောင်က မေ ၈ ရက်က ထုတ်ဖော်ပြောကြားခဲ့သည်။

တောင်ကိုရီးယား သမ္မတရွေးကောက်ပွဲများကို လာမည့် ဇွန် ၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရက အတည်ပြုခဲ့ပြီးနောက် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင်အဖြစ်မှ နုတ်ထွက်မည့်အစီအစဉ်ကို လီဂျေးမြောင်က ကြေညာခဲ့ခြင်းဖြစ်သည်။

လီဂျေးမြောင်အနေဖြင့် ဇွန် ၃ ရက် သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် ရှိမရှိကို အတည်ပြုကြေညာဖွယ်ရှိကြောင်း အများက မျှော်လင့်ထားကြသည်။

လူထုသဘောထား စစ်တမ်းကောက်ခံချက်ရလဒ်များ လီဂျေးမြောင်အနေဖြင့် ဇွန် ၃ ရက် သမ္မတရွေးကောက်ပွဲ၌ အနိုင်ရရန် အလားအလာများကြောင်း သိရသည်။

တောင်ကိုရီးယား ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးက သမ္မတယွန်းဆွတ်ယိုးကို ရာထူးမှဖယ်ရှားခဲ့ပြီးနောက် ဇွန် ၃ ရက်တွင် သမ္မတရွေးကောက်ပွဲကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။

တောင်ကိုရီးယား ဖွဲ့စည်းပုံအခြေခံဥပဒေ တရားရုံးသည် သမ္မတဟောင်း ယွန်းဆွတ်ယိုးကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် စစ်အုပ်ချုပ်ရေးဥပဒေ ကြေညာပြဋ္ဌာန်းရန်ကြိုးပမ်းမှုဖြင့် ရာထူးမှဖယ်ရှားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဒိုမီနီကန်၌ နိုက်ကလပ်အဆောက်အအုံခေါင်မိုးပြိုကျမှုကြောင့် လူ ၇၉ ဦးသေဆုံးခဲ့

**ဆန်တိုဒိုမင်ဂို မေ ၉**

ဒိုမီနီကန်သမ္မတနိုင်ငံ ဆန်တိုဒိုမင်ဂိုမြို့ နိုက်ကလပ်အဆောက်အအုံတစ်လုံး၌ မေ ၈ ရက်က ခေါင်မိုးပြိုကျမှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၇၉ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

နိုက်ကလပ် အဆောက်အအုံ ခေါင်မိုး ပြိုကျမှုကြောင့် လူဦးရေ ၁၅၀ ဒဏ်ရာများ ရရှိခဲ့ကြောင်း ဒိုမီနီကန်တာဝန်ရှိသူများက ပြောကြားထားပြီး လက်ရှိအချိန်ထိ ရှာဖွေကယ်ဆယ်ရေးသမားများက အသက်ရှင်ကျန်ရစ်သူများကို အပျက်အစီးများကြား ရှာဖွေနေကြဆဲဖြစ်ကြောင်း သိရသည်။



ဂျက်ဆက်အမည်ရှိ အဆိုပါ နိုက်ကလပ် အဆောက်အအုံ၌ နာမည်ကြီး ဒိုမီနီကန်အဆိုတော်တစ်ဦး၏ ဖျော်ဖြေပွဲကျင်းပနေစဉ် ခေါင်မိုးပြိုကျခဲ့ခြင်းဖြစ်သည်။

ခေါင်မိုးပြိုကျချိန်တွင် ဂျက်ဆက်နိုက်ကလပ်အဆောက်အအုံအတွင်း လူအရေအတွက် မည်မျှရှိခဲ့သည်ကို အတိအကျမသိရသေးကြောင်း သိရသည်။

အဆိုပါဂီတဖျော်ဖြေပွဲသို့ နိုင်ငံရေးသမားများ၊ နာမည်ကျော် အားကစားသမားများနှင့် အခြားနာမည်ကျော် ပုဂ္ဂိုလ်များလည်း တက်ရောက်ခဲ့ကြကြောင်း ဒိုမီနီကန်တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## တရုတ်၌ သက်ကြီးဂေဟာမီးလောင်မှုကြောင့် လူဦးရေ ၂၀ သေဆုံး၊ ၁၉ ဦး ဒဏ်ရာရရှိ



**ပေကျင်း မေ ၉**

တရုတ်နိုင်ငံမြောက်ပိုင်း ဟီပေပြည်နယ် ချန်းဒီးမြို့ သက်ကြီးစောင့်ရှောက်ရေးဂေဟာတစ်ခု၌ မေ ၈ ရက်က မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ လူဦးရေ ၂၀ သေဆုံးခဲ့ကြောင်း တရုတ်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

သက်ကြီး စောင့်ရှောက်ရေးဂေဟာ မီးလောင်မှုကြောင့် လူဦးရေ ၂၀ သေဆုံး၍ ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ချန်ဒီးမြို့ တာဝန်ရှိသူများက ပြောကြားသည်။

တရုတ်မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ချန်ဒီးမြို့ သက်ကြီးစောင့်ရှောက်ရေးဂေဟာ မီးလောင်မှုကို နှစ်နာရီနီးပါး ငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် သက်ကြီးစောင့်ရှောက်ရေးဂေဟာ အဆောက်အအုံပိုင်ရှင်ကို ဖမ်းဆီးထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် သက်ကြီးစောင့်ရှောက်ရေးဂေဟာမီးလောင်မှုဖြစ်ပွားရခြင်း နောက်ခံအကြောင်းရင်းကို ကျွမ်းကျင်သူများက စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီလကလည်း ဟီပေပြည်နယ်၌ ဟင်းသီးဟင်းရွက်ဈေးတစ်ခု မီးလောင်ခဲ့ရာ လူရှစ်ဦး သေဆုံး၍ ၁၅ ဦး ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua


Trs : KKO

## စစ်ရေးအရ တစ်ဖက်သတ်လုပ်ဆောင်မှုများ လက်ခံမည်မဟုတ်ကြောင်း အမေရိကန်ကို မက္ကဆီကို သတိပေး

**မက္ကဆီကိုစီးတီး မေ ၉**

မက္ကဆီကိုပြည်တွင်း၌ အမေရိကန်နိုင်ငံက တစ်ဖက်သတ်စစ်ရေးလှုပ်ရှားမှုများ ပြုလုပ်မည်ဆိုပါက မိမိတို့ပြတ်ပြတ်သားသားဆန့်ကျင်မည်ဖြစ်ကြောင်း မက္ကဆီကိုသမ္မတ ကလော်ဒီရာ ရှိန်းဘောင်က မေ ၈ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

မက္ကဆီကိုနိုင်ငံ အတွင်းရှိ မူးယစ်ဂိုဏ်းများကို မောင်းသူမဲ့ လေယာဉ်များဖြင့် တိုက်ခိုက်ရန် အမေရိကန်အစိုးရက စဉ်းစားနေကြောင်းသတင်းများထွက်ပေါ်လာပြီးနောက် မက္ကဆီကိုသမ္မတက ထိုကဲ့သို့ တုံ့ပြန်ခဲ့ခြင်း ဖြစ်သည်။



မက္ကဆီကိုနိုင်ငံအတွင်း ပြည်ပနိုင်ငံများက တစ်ဖက်သတ်စစ်ရေးလှုပ်ရှားမှုများ ပြုလုပ်မည်ဆိုပါက မက္ကဆီကိုပြည်သူများ အနေဖြင့် လက်ခံလိမ့်မည် မဟုတ်ကြောင်း မက္ကဆီကိုသမ္မတ ရှိန်းဘောင်က မေ ၈ ရက်နံနက်ပိုင်း သတင်းစာရှင်းလင်းပွဲ၌ ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် တစ်ဖက်သတ်စစ်ရေးလုပ်ဆောင်ချက်များဖြင့် မည်သည့်ပြဿနာကိုမျှ ဖြေရှင်းနိုင်လိမ့်မည်မဟုတ်ကြောင်းလည်း မက္ကဆီကိုသမ္မတက ပြောကြားခဲ့သည်။

နှစ်နိုင်ငံနယ်စပ်တစ်လျှောက် မူးယစ်ဆေးဝါး မှောင်ခိုမှုများကို ဖြိုခွင်းရေးအတွက် မက္ကဆီကိုနိုင်ငံအတွင်းရှိ မူးယစ်ဂိုဏ်းများကို မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်ရန် သမ္မတ ဒေါ်နယ်ထရန့်အစိုးရက စဉ်းစားနေကြောင်း အင်န်ဘီစီ ရုပ်သံသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် အမေရိကန်အစိုးရအနေဖြင့် အပြီးသတ် ဆုံးဖြတ်ချက်မချရသေးကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## တရုတ်သိပ္ပံပညာရှင်များက မြစ်ကျဦးသုံးသွယ်အန္တာတိကမျက်လုံး ရေဒီယိုတယ်လီစကုပ်ကို ကျောင်းရှန်းသိပ္ပံသုတေသနစခန်း၌ တပ်ဆင်ခဲ့



**ပေကျင်း မေ ၉**

တရုတ်သိပ္ပံပညာရှင်များသည် မြစ်ကျဦးသုံးသွယ် အန္တာတိက မျက်လုံးအမည်ရှိ ရေဒီယိုတယ်လီစကုပ်ကို အန္တာတိကဒေသရှိ ကျောင်းရှန်း သိပ္ပံသုတေသနစခန်း၌ တပ်ဆင်ခဲ့ကြောင်း မေ ၈ ရက် သတင်းများအရ သိရသည်။

တရုတ်သိပ္ပံပညာရှင်များသည် အန္တာတိကမျက်လုံးရေဒီယိုတယ်လီစကုပ်ကို ကျောင်းရှန်းသိပ္ပံသုတေသနစခန်း၌ မေ ၃ ရက်တွင် တပ်ဆင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် အန္တာတိကမျက်လုံး ရေဒီယိုတယ်လီစကုပ်သည် နဂါးငွေ့တန်းကြယ်စုကို စတင်လေ့လာနေပြီဖြစ်ကြောင်း တရုတ် သိပ္ပံပညာရှင်များက ပြောကြားသည်။

အန္တာတိကမျက်လုံး ရေဒီယိုတယ်လီစကုပ်ကို တရုတ်နိုင်ငံ မြစ်ကျဦးသုံးသွယ်တက္ကသိုလ်နှင့် ရှန်ဟိုင်းနေ့်မယ်တက္ကသိုလ်တို့မှ သိပ္ပံပညာရှင်များက တည်ဆောက်ထားခြင်းဖြစ်သည်။

တရုတ်သိပ္ပံပညာရှင်များသည် အန္တာတိကမျက်လုံး ရေဒီယိုတယ်လီစကုပ်ကို တည်ဆောက်ရာတွင် အန္တာတိကဒေသ၏ အအေးဒဏ်နှင့် ပြင်းထန်သည့်လေတိုက်နှုန်းတို့ကို ခံနိုင်ရည်ရှိရေးအတွက် ပုံစံထုတ်တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

အန္တာတိကမျက်လုံး ရေဒီယိုတယ်လီစကုပ်သည် ကြယ်တာရာ ဟင်းလင်းပြင်ဓာတ်ငွေ့များ လှုပ်ရှားမှုနှင့် ကြယ်များဖွဲ့စည်းပုံတို့ကို လေ့လာရာတွင် အကူအညီပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## အိန္ဒိယအာကာသအေဂျင်စီက လွှတ်တင်ထားသော စမ်းသပ်အာကာသစခန်း ပင်မကိုယ်ထည် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်

**နယူးဒေလီ မေ ၉**

အိန္ဒိယအာကာသအေဂျင်စီက လွှတ်တင်ထားသော စမ်းသပ်အာကာသစခန်း ပင်မကိုယ်ထည်သည် မေ ၄ ရက်က ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြောင်း မေ ၈ ရက် သတင်းများအရ သိရသည်။

အိန္ဒိယ အာကာသအေဂျင်စီသည် POEM-4 အမည်ရှိ အဆိုပါ စမ်းသပ်အာကာသစခန်း ပင်မကိုယ်ထည်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်က PSLV ဒုံးပျံဖြင့် လွှတ်တင်ထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ စမ်းသပ်အာကာသစခန်းပင်မကိုယ်ထည် ပတ်လမ်းမစ်ရှင်များ အောင်မြင်စွာအဆုံးသတ်ခဲ့ပြီးနောက် မြေပြင်စခန်း၏ ထိန်းချုပ်မှုဖြင့် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း အိန္ဒိယအာကာသအေဂျင်စီက မေ ၈ ရက်တွင် သတင်းထုတ်ပြန်ထားသည်။



ကမ္ဘာပတ်လမ်းပေါ်၌ အာကာသအမှိုက်အဖြစ် ကျန်ရှိနေမည့်အရေးကို ရှောင်ရှားနိုင်ရေးအတွက် အိန္ဒိယ အာကာသအေဂျင်စီက POEM-4 ကို ပတ်လမ်းပေါ်မှ ဆွဲထုတ်ခဲ့ခြင်းဖြစ်သည်။

POEM-4 ကမ္ဘာ့လေထုလွှာအတွင်း ဘေးကင်းလုံခြုံစွာပြန်လည်ဝင်ရောက်နိုင်မှုသည် အိန္ဒိယနိုင်ငံအတွက် အဓိကအောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း အိန္ဒိယအာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပတ်လမ်းပေါ်၌ အာကာသစခန်းတည်ဆောက်ရေး ရည်ရွယ်ချက်ဖြင့် POEM-4 ကို စမ်းသပ်လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၇ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် Space-X ကုမ္ပဏီ လွှတ်တင်ခဲ့

**ဝါရှင်တန် မေ ၉**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၇ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် မေ ၇ ရက်တွင် လွှတ်တင်ခဲ့ကြောင်း မေ ၈ ရက် သတင်းများအရ သိရသည်။

အဆိုပါစတားလင့်ခ်ဂြိုဟ်တုများ သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ရှစ်မိနစ်ခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ B 1091 ဟူ၍ အမည်ပေးထားသော ပင်မဒုံးယာဉ်သစ်သည် ပစိဖိတ် သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသည့် မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး တစ်နာရီခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသည့် စတားလင့်ခ် ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ B 1091 ပင်မဒုံးယာဉ်သည် Space-X ကုမ္ပဏီက ယခုနှစ်အတွင်း ထုတ်သုံးခဲ့သော ဒုတိယမြောက်ပင်မဒုံးယာဉ်ဖြစ်ပြီး မေ ၇ ရက် စတားလင့်ခ်မစ်ရှင်သည် Space-X ကုမ္ပဏီအတွက် ယခုနှစ်၏အကြိမ် ၄၀ မြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# HEALTH

## အမျိုးသားများသုံးစွဲနိုင်သည့် သန္ဓေတားဆေးကို အမေရိကန်သုတေသနပညာရှင်များ စမ်းသပ်နေ

**နယူးယောက် မေ ၉**

အမျိုးသားများသုံးစွဲနိုင်သည့် သန္ဓေတားဆေးတစ်မျိုးကို အမေရိကန်နိုင်ငံ မင်နီဆိုးတား တက္ကသိုလ်မှ သုတေသနပညာရှင်များက စမ်းသပ်နေပြီဖြစ်ကြောင်း မေ ၈ ရက် သတင်းများအရ သိရသည်။

YCT-529 ဟူ၍ အမည်ပေးထားသော အထက်ပါအမျိုးသားသန္ဓေတားဆေးသည် ဟော်မုန်းပါဝင်မှုမရှိသည့် သန္ဓေတာဆေးအမျိုးအစားဖြစ်ကြောင်း သိရသည်။

YCT-529 အမျိုးသားသန္ဓေတားဆေးသည် ဝှေးစေ့များကို ဗီတာမင်အေဖြတ်တောက်၍ သုက်ပိုးထုတ်လုပ်မှု တားဆီးခြင်းဖြင့် သန္ဓေတည်မှုကို တားဆီးပေးကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

လက်ရှိအချိန်တွင် အမေရိကန် သုတေသန ပညာရှင်များသည် YCT-529 ဆေးကို အမျိုးသား ၁၆ ဦးဖြင့် စတင်စမ်းသပ်နေပြီဖြစ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် YCT-529 ဆေးကို ကြွက်များတွင် စမ်းသပ်ခဲ့ရာ အောင်မြင်မှုရရှိခဲ့ပြီး သန္ဓေတည်မှုများကို ၉၉ ရာခိုင်နှုန်းတားဆီးနိုင်ခဲ့ကြောင်း သိရသည်။

YCT-529 အမျိုးသားသန္ဓေတားဆေးသည် အမျိုးသားများ၏ တက်စတိုစတာရုန်း ဟော်မုန်းအဆင့်အပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း သုတေသနပညာရှင်များက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : KKO

## Ozempic နှင့် Wegovy ဆေးများက Dementia ဖြစ်နိုင်ခြေကို လျှော့ချနိုင်

**နယူးယောက် မေ ၉**

Ozempic နှင့် Wegovy ကဲ့သို့ နာမည်ကျော် ကိုယ်အလေးချိန် လျှော့ချရေး ဆေးများသည် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ(Dementia)ဖြစ်နိုင်ခြေကို လျှော့ချနိုင်ကြောင်း မေ ၈ ရက် သတင်းများအရ သိရသည်။

Ozempic နှင့် Wegovy တို့တွင်ပါဝင်သော Semaglutide ဓာတုဒြပ်ပေါင်းသည် အဝလွန်မှုနှင့် ပုံစံ-၂ ဆီးချိုရောဂါတို့ကို ထိန်းချုပ်ရာတွင် ကောင်းစွာအထောက်အကူပြုနိုင်ကြောင်း သိရသည်။

ထို့ပြင် အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Semaglutide ဓာတုဒြပ်ပေါင်းသည် အခြားပုံစံ-၂ ဆီးချိုဆေးများထက် Dementia ဖြစ်နိုင်ခြေကိုလျှော့ချရာတွင် ပိုထိရောက်မှုရှိကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် အဝလွန်မှုနှင့် ပုံစံ-၂ ဆီးချိုရောဂါလူနာ ဦးရေ ၄၀၀၀၀၀ ခန့်တို့၏ ဆေးမှတ်တမ်းအချက်အလက်များကို စိစစ်လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ Semaglutide သုံးစွဲသော လူနာများသည် အခြားဆေးများ သုံးစွဲသူများနှင့် နှိုင်းယှဉ်ပါက Dementia ဖြစ်ပွားနိုင်ခြေ ပိုမိုကျဆင်းသွားသည်ကိုတွေ့ရကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အထက်ပါရလဒ်ကို အတည်ပြုနိုင်ရေးအတွက် လေ့လာစမ်းသပ်မှုများ ဆက်လက်ပြုလုပ်ရန် လိုအပ်ဆဲဖြစ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက သုံးသပ်ထားသည်။

Ref : Russia Today
Trs : KKO



နိုင်ငံတကာ
**အားကစားသတင်းများ**

## ခံစစ်ကစားသမား ဝေါ်လ်ကာ ဒဏ်ရာခွဲစိတ်ကုသမှု ခံယူခဲ့ရကြောင်း အေစီမီလန်အသင်းထုတ်ပြန်

ရောမ ဧပြီ ၉

ကိုပါအီတာလီယာ ဖလား ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်အဖြစ်ကစားခဲ့သည့် အေစီမီလန်အသင်းနှင့် အင်တာမီလန်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် အေစီမီလန်အသင်း ခံစစ်ကစားသမား ဝေါ်လ်ကာအနေဖြင့် မျက်ခုံးဒဏ်ရာ ရရှိခဲ့သဖြင့် ခွဲစိတ်ကုသမှု ခံယူခဲ့ရကြောင်း အေစီမီလန်အသင်းက ထုတ်ပြန်ခဲ့သည်။

အေစီမီလန် အသင်းသည် အသက်၃၄နှစ်ရှိခံစစ်ကစားသမား ဝေါ်လ်ကာကို ဇန်နဝါရီအပြောင်းအရွှေ့ကာလက အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ပြီးနောက် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၂ ပွဲထိ ပါဝင်ခွင့်ရရှိခဲ့သူဖြစ်ပြီး ကိုပါအီတာလီယာ ဖလားပြိုင်ပွဲတွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့ကာ ပွဲချိန်ပြည့် ကစားနိုင်ခဲ့သော်လည်း မျက်ခုံးဒဏ်ရာ ရရှိခဲ့သည်။

လက်ရှိတွင် အသင်းတာဝန်ရှိသူများက ဒဏ်ရာကို စစ်ဆေးမှုများပြုလုပ်ခဲ့ပြီးနောက် ခွဲစိတ်ကုသရန်ဆုံးဖြတ်၍ ပြီးခဲ့သည့် အင်္ဂါနေ့က ခွဲစိတ်မှုပြုလုပ်ခဲ့ရာ အောင်မြင်ခဲ့ကြောင်း အတည်ပြုပြောကြားခဲ့သည်။

အေစီမီလန်အသင်းအနေဖြင့် ဝေါ်လ်ကာကို အပြီးသတ်ခေါ်ယူရန် ဆန္ဒရှိသော်လည်း ကစားသမား၏ အသက်အရွယ်ကြောင့် ညှိနှိုင်းမှုပြုလုပ်ရန် ကြန့်ကြာနေသဖြင့် လာမည့်နွေရာသီတွင် မန်စီးတီးအသင်းသို့ ပြန်လည်ပြောင်းရွှေ့နိုင်ပြီး မန်စီးတီးအသင်းကလည်း ကစားသမားအတွက် တံခါးဖွင့်ထားသည်ဟု ထုတ်ဖော် ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Espn
Trs : ML



## အားကစားသတင်းအတိုအထွာများ

- ဂါလာတာစာရေးအသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားနေသည့် အိုစီမန်က လာမည့်နွေရာသီတွင် အသင်းပြောင်းရွှေ့ရန်ဆုံးဖြတ်ခဲ့ပြီး ပရီးမီးယားလိဂ် သို့မဟုတ် ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း သိရသည်။
- လီဗာပူးအသင်းက တိုက်စစ်မှူးဆာလာဟ်ကို သက်တမ်းတိုးရန် လက်မလျှော့သေးဘဲ စာချုပ်သက်တမ်းတိုးနိုင်ပါက အသင်းမှ တောင်ပံကစားသမား ဒီယက်ဇ်ကို ရောင်းချမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။
- မန်ယူအသင်း ကစားသမားဟောင်း မာတစ်က ဂိုးသမား အိုနာနာသည် မန်ယူအသင်းသမိုင်းတွင် အဆိုးရွားဆုံး ဂိုးသမားဖြစ်ကြောင်း ဝေဖန်ပြောကြားခဲ့သည်။
- ဘာစီလိုနာအသင်းက ညာတောင်ပံခံစစ်ပိုင်းအတွက် ဖီအိုရင်တီးနားအသင်းမှ ခံစစ်ကစားသမား ဒိုဒိုကို ယူရို ၂၂ သန်းဖြင့် ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

ML

## WBO စထရောဝိတ်တန်း ကမ္ဘာ့ချန်ပီယံဘွဲ့အား ငါးကြိမ်တိုင်တိုင် ကာကွယ်နိုင်ခဲ့သည့် အော်စကာကို WBO က အထိမ်းအမှတ်လက်စွပ်ချီးမြှင့်



ပွာတိုရီကို ဧပြီ ၉

WBO၊ WBA(Super) စထရောဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ပွာတိုရီကိုလက်ဝှေ့သမား အော်စကာအား WBO က ယနေ့တွင် ဂုဏ်ပြုဆုချီးမြှင့်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အော်စကာသည် WBO စထရောဝိတ်တန်း လက်ရှိချန်ပီယံဘွဲ့ကို ငါးကြိမ်မြောက်ကာကွယ်သည့် ပွဲစဉ်အဖြစ် မက္ကဆီကိုနိုင်ငံ ကင်န်ကွင်မြို့တွင် ပြီးခဲ့သည့် မတ် ၂၉ ရက်က မက္ကဆီကိုလက်ဝှေ့ကစားသမား ကာနီနှင့် ထိုးသတ်ခဲ့ရာ အော်စကာက ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရခဲ့သဖြင့် WBO စထရောဝိတ်တန်း လက်ရှိချန်ပီယံဘွဲ့အား ငါးကြိမ်မြောက် ကာကွယ်နိုင်ခဲ့သည့် အော်စကာအား ပွာတိုရီကိုနိုင်ငံအခြေစိုက် WBO လက်ဝှေ့အဖွဲ့ချုပ်က WBO အမှတ်တံဆိပ်ပါ ရွှေလက်စွပ်ကို ချီးမြှင့်ဂုဏ်ပြုခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး WBO အဖွဲ့ချုပ်ဥက္ကဋ္ဌ ဂတ်စတာဗိုကိုယ်တိုင် ဆုချီးမြှင့်ပေးခဲ့ရာ အဆိုပါဂုဏ်ပြုလက်စွပ်အား အော်စကာကိုယ်တိုင် လက်ခံရယူခဲ့သည်။

WBO အဖွဲ့ချုပ်၏ အားပေးမှုထောက်ခံမှုကြောင့် လက်ဝှေ့ကစားသမားဘဝကို အကောင်းဆုံး စတင်နိုင်ခဲ့သလို လက်ဝှေ့သမားဘဝသက်တမ်း တစ်လျှောက်တွင်လည်း အကောင်းဆုံးအထောက်အပံ့ရရှိခဲ့သည့် WBO အဖွဲ့ချုပ်အား ကျေးဇူးတင်ကြောင်းလည်း အော်စကာက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

## လာမည့်နှစ်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်မှ အသင်းငါးသင်းထိ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိမည်ဖြစ်

လန်ဒန် ဧပြီ ၉

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် အာဆင်နယ်အသင်းက သုံးဂိုးပြတ် အနိုင်ရခဲ့ပြီးနောက် ပရီးမီးယားလိဂ်ကလပ်အသင်းများ အနေဖြင့် ယူအီးအက်ဖ်အေ အဆင့်သတ်မှတ်ချက်တွင် ရမှတ်အများဆုံးရရှိခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့် ငါးနေရာထိ ရရှိခဲ့ကြောင်း သိရသည်။

အသင်း ၃၆ သင်းထိ တိုးမြှင့်ကျင်းပနေသည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ထိပ်သီးလိဂ်ငါးခုမှ ရမှတ်အများဆုံးရရှိမည့် လိဂ်နှစ်ခုအနေဖြင့် ချန်ပီယံလိဂ်ဝင်ခွင့် ငါးနေရာထိရရှိမည်ဖြစ်ပြီး ယခုအခါ ပရီးမီးယားလိဂ်ကလပ် အသင်းများက ယခုနှစ် ဥရောပပြိုင်ပွဲများတွင် ရလဒ်ကောင်းများ ရယူနိုင်ခဲ့သောကြောင့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဝင်ခွင့် ငါးနေရာထိ ရရှိခဲ့ခြင်းဖြစ်သည်။

ယခင်က ပရီးမီးယားလိဂ်ကလပ်အသင်းများက ရမှတ်အများဆုံးဖြင့် ယူအီးအက်ဖ်အေ အဆင့်သတ်မှတ်ချက် ထိပ်ဆုံးတွင် ဦးဆောင်နေသော်လည်း လက်ကျန်ပွဲစဉ်များတွင် အနည်းဆုံး သရေရလဒ်နှစ်ပွဲ သို့မဟုတ် အနိုင်တစ်ပွဲရရှိမှသာ ချန်ပီယံလိဂ်ဝင်ခွင့် ငါးနေရာသေချာမည်ဖြစ်ပြီး လက်ရှိတွင် အာဆင်နယ်အသင်းက ရီးရဲလ်မက်ဒရစ်အသင်းကို သုံးဂိုးပြတ် နိုင်ပွဲရခဲ့သောကြောင့် အခြားထိပ်သီးလိဂ်များကို ရမှတ်ဖြတ်တောက်နိုင်ခဲ့ပြီး ဝင်ခွင့်တစ်နေရာ ပိုမိုရရှိခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ဘောလုံးရာသီက ဂျာမနီဘွန်ဒက်စ်လီဂါနှင့် အီတလီ စီးရီးအေတို့က ယူအီးအက်ဖ်အေ အဆင့်သတ်မှတ်ချက်တွင် ရမှတ်အများဆုံးရရှိခဲ့သဖြင့် ဂျာမနီမှ ဒေါ့မွန်အသင်းနှင့် အီတလီမှ ဘိုလောနာအသင်းတို့က အဆင့်(၅)နေရာ ရရှိခဲ့သော်လည်း ချန်ပီယံလိဂ်ဝင်ခွင့် ရရှိခဲ့ကြောင်း သိရသည်။

သို့သော် ပရီးမီးယားလိဂ်မှ အာဆင်နယ်နှင့် အေဗီလာအသင်းတို့အနေဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဆုဖလားရရှိခဲ့ပါကလည်း ဝင်ခွင့်ငါးနေရာသာ ရရှိမည်ဖြစ်ကြောင်း ယူအီးအက်ဖ်အေက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Espn
Trs : ML

## ဒီကလန်ရိုက်နှင့် ဆာကာတို့၏ ဒဏ်ရာပြဿနာ စိုးရိမ်ရခြင်းမရှိကြောင်း အာဆင်နယ်အသင်းနည်းပြ အာတီတာပြောကြား






လန်ဒန် ဧပြီ ၉

အာဆင်နယ် အသင်းက ရီးရဲလ်မက်ဒရစ်အသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် တောင်ပံကစားသမား ဆာကာနှင့် ဒီကလန်ရိုက်တို့ ဒဏ်ရာရရှိခဲ့သော်လည်း စိုးရိမ်ဖွယ်မရှိကြောင်း နည်းပြအာတီတာက ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါပွဲစဉ်တွင် အာဆင်နယ်အသင်းက အိမ်ကွင်းအားသာချက်ဖြင့် ရီးရဲလ်မက်ဒရစ်အသင်းကို ဖိအားပေးနိုင်ခဲ့သောကြောင့် ပွဲကစားချိန် ၅၈ မိနစ်နှင့် မိနစ် ၇၀ တို့တွင် ကွင်းလယ်ကစားသမား ဒီကလန်ရိုက်က အလွတ်တည်ကန်ဘောမှတစ်ဆင့် ဦးဆောင်ဂိုး နှစ်ဂိုးဆက်တိုက်သွင်းယူနိုင်ခဲ့ပြီး ဆက်တိုက် ဖိအားပေးနိုင်ခဲ့သော်လည်း ပွဲကစားချိန် ၇၄ မိနစ်တွင် တောင်ပံကစားသမားဆာကာ ဖနောင့်ဒဏ်ရာကြောင့် လူစားလဲထွက်ခွာခဲ့ရသည်။

အာဆင်နယ်အသင်းအနေဖြင့် ဆာကာထွက်ခွာသွားသော်လည်း တိုက်စစ်ကစားပုံ ကျဆင်းသွားခြင်း မရှိသဖြင့် ပွဲချိန် ၇၅ မိနစ်တွင် မာရင်နိုက တတိယဦးဆောင်ဂိုး ထပ်မံ သွင်းယူနိုင်ခဲ့ပြီးနောက် ပြိုင်ပွဲကို ထိန်းချုပ်ကစားခဲ့ရာ ပွဲချိန် မိနစ် ၈၀ တွင် ဒီကလန်ရိုက် ခြေဖဝါးဒဏ်ရာ ထပ်မံရရှိခဲ့ပြီး အသင်းဖော်ကစားသမား တီယာနေးနှင့် လူစားလဲခဲ့ရသည်။

လက်ရှိတွင် အာဆင်နယ် အသင်းက ကစားသမားနှစ်ဦးစလုံး၏ ဒဏ်ရာအခြေအနေကို စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ဆာကာအနေဖြင့် ဒဏ်ရာပြင်းထန်မှုမရှိသည့်အတွက် လာမည့်ပွဲစဉ်များကို ပါဝင်နိုင်မည်ဖြစ်ကြောင်း သိရပြီး ဒီကလန်ရိုက်၏ ဒဏ်ရာမှာလည်း ရက်ပိုင်းအတွင်း ပြန်လည်ကောင်းမွန်နိုင်သဖြင့် ဧပြီ ၂၃ ရက်တွင် ကစားရမည့် ဒုတိယအကျော့ပွဲစဉ်တွင် ပါဝင်နိုင်ဖွယ်ရှိကြောင်း နည်းပြအာတီတာက ပြောကြားခဲ့သည်။

အာဆင်နယ် အသင်းသည် ပထမအကျော့တွင် ရီးရဲလ်မက်ဒရစ်အသင်းကို သုံးဂိုးပြတ် နိုင်ပွဲရရှိခဲ့သဖြင့် ဆီမီးဖိုင်နယ် အဆင့်သို့ရောက်ရှိရန် သေချာနေသော်လည်း လာမည့် ဒုတိယအကျော့တွင် သုံးဂိုးပြတ်မရှုံးနိမ့်အောင် ကြိုးပမ်းရမည်ဖြစ်ကြောင်း သိရသည်။

Ref : Espn
Trs : ML

# တန်ခူးလ သင်္ကြန်ရေ နှစ်သစ်အခါတွင် အေးချမ်းကြစေ

ကျော်တင့်(ရွှေခရမ်း)

မြန်မာ့ဆယ့်နှစ်လရာသီတွင် တန်ခူးလသည် နွေ၏အစ မြန်မာ့နှစ်သစ်ကိုကြိုဆိုသော လတစ်လဖြစ်သည်။ တန်ခူးဟူသော ဝေါဟာရသည် တန်းခူးမှ ဆင်းသက်လာခြင်းဖြစ်ပြီး တန်းဆိုသော စကားမှာထန်းဖြစ်၍ ခူးဆိုသည်ကားခူးဆွတ်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ထန်းသီးများခူးဆွတ်သော လဟု အဓိပ္ပာယ်ရသည်။ တန်ခူးလတွင် နှစ်သစ်အခါ၌ ငြိမ်းချမ်းသာယာပြီး အေးချမ်းပျော်ရွှင်စေရန်နိမိတ်ဖြင့် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို နှစ်စဉ်ကျင်းပကြပြီး မြန်မာနိုင်ငံသားအားလုံး အပျော်ရွှင်ဆုံး၊ အတက်ကြွဆုံး၊ အမြတ်နိုးဆုံးထိန်းသိမ်းဆင်နွှဲနေသည့် ပွဲတော်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်းရှိ လူမျိုး၊ ဘာသာမရွေး တိုင်းရင်းသားပြည်သူအားလုံး မြန်မာရိုးရာရေသဘင်ပွဲတော်ကို ဆင်နွှဲလေ့ရှိသည့်အပြင် ပြည်ပသို့ရောက်ရှိနေကြသော မြန်မာနိုင်ငံသားများကလည်း နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို ပါဝင်ဆင်နွှဲလေ့ရှိကြသည်။

သင်္ကြန်ဆိုသောစကားမှာ ပါဠိဘာသာတွင် သင်္ကန္တဟုခေါ်ဆိုပြီး "ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်း" ဟုအဓိပ္ပာယ်ရသည်။ တန်ခူးလသည်ရာသီအားဖြင့် မိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်းသည့်ကာလဖြစ်သည်။ သင်္ကြန်ပွဲတော်သည် ဟိန္ဒူဝါဒမှ ဆင်းသက်လာခြင်းဖြစ်ပြီး ဗြဟ္မာမင်းဦးခေါင်းကို နတ်သမီးကညာခုနစ်ဖော်က တစ်နှစ်လျှင် တစ်ယောက်စီဖြင့် အလှည့်ကျကိုင်ဆောင်ကြရာတွင် တစ်ဦး၏ လက်မှတစ်ဦး၏လက်သို့ မပျက်မကွက်လွှဲအပ်မည့်အချိန်ကာလကို ပုဏ္ဏားတို့ကတွက်ချက်ကြသည်။ ထိုကဲ့သို့ ကူးပြောင်းချိန်သည် တန်ခူးလဖြစ်ပြီး သင်္ကန္တဟုခေါ်ဆိုခဲ့ရာမှ သင်္ကြန်အဖြစ်သို့ ပြောင်းလဲလာကာ နှစ်သစ်ကူးပွဲတော်တစ်ရပ်အဖြစ်ပေါ်ပေါက်လာခြင်းဖြစ်သည်။

မြန်မာသက္ကရာဇ် အေဒီ ၆၅၃ (ခရစ်နှစ် ၁၂၉၁) တွင် ရေးထိုးခဲ့သော စောလှဝန်းဘုရားကျောက်စာ၌ "မိဖုန်၊ သင်္ကြန်၊ စာရိယ်၊ ညောင်ရိယ်သွန်း၊ မပြတ်စိန်လျင်တည်၏"ဟု ရာသီပွဲတော်ဝေါဟာရများ ဖော်ပြထားသည်ကို ကြည့်ခြင်းဖြင့် ထေရဝါဒသာသနာထွန်းကားသော ပုဂံခေတ်ကပင် သင်္ကြန်ပွဲတော်များကျင်းပခဲ့သည်ကို သိရှိနိုင်သည်။ သင်္ကြန်ကာလကို အကြိုနေ့၊ အကျနေ့၊ အကြတ်နေ့၊ အတက်နေ့ စသည်ဖြင့်သတ်မှတ်ကာ တစ်ရက်တည်းပြီးစီးသွားသော ပွဲတော်မျိုးမဟုတ်ဘဲ များသောအားဖြင့် လေးရက်ဖြစ်ပြီး ရက်ထပ်နှစ်များတွင် ငါးရက် စသည်ဖြင့် ဆင်နွှဲကျင်းပသော ပွဲမျိုးဖြစ်သည်။ သင်္ကြန်ပွဲတော်သည် ပုဂံခေတ်မှ ယနေ့ခေတ်ထိ နှစ်စဉ်နှစ်တိုင်းစည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပြီး တောင်ငူ၊ အင်းဝ၊ ဟံသာဝတီခေတ်အဆက်ဆက်ကပင် ပျော်ရွှင်စွာဆင်နွှဲကြသကဲ့သို့ ပဒေသရာဇ်ခေတ်ကုန်ပြီး ကိုလိုနီခေတ်သို့ရောက်သည့်တိုင်အောင် မပျောက်မပျက်ဆင်နွှဲခဲ့ကြသည်။ ရှေးမြန်မာတို့သည် ရေသဘင်ပွဲတော်ဓလေ့ကို သိမ်မွေ့ယဉ်ကျေးစွာဖြင့် ဆင်နွှဲကြပြီးသင်္ကြန်ရေလောင်းပက်ကြရာတွင် အေးမြမြနံ့သာရည်ကို ငွေဖလားအတွင်း၌ထည့်၍ "ကျန်းမာချမ်းသာကြပါစေ"ဟူသော စိတ်စေတနာဖြင့် သပြေခက်များဖြင့် တစ်ဦးနှင့်တစ်ဦးရွှင်မြူးစွာပက်ဖျန်းကြသည်။ စေတနာသန့်သန့်ဖြင့်ပက်သည့်ရေဖြစ်သည့်အတွက် သင်္ကြန်ရေသည် အပူလျှပ်ခြင်း၊ ဖျားနာခြင်းကင်းပြီး ရွှင်လန်းချမ်းမြေ့မှုကို ခံစားရပါသည်။ နှစ်ဟောင်းတွင် ကိန်းအောင်းနေသည့် ဘေးဥပဒ်အန္တရာယ်များ၊ စိတ်ဆိုးစိတ်ညစ်များကို ပပျောက်ကင်းစင်ကာ သန့်ရှင်းခြင်းသို့ရောက်ရှိစေရန် ရည်သန်၍ လုပ်ဆောင်ကြသည်။

သင်္ကြန်ကာလတွင် သင်္ကြန်မုန့်ဟုတင်စားကြသော မုန့်လုံးရေပေါ်၊ မုန့်ကြာစိ၊ သာကူကျို၊ ရွှေရင်အေး၊ မုန့်လက်ဆောင်း စသည့်မုန့်များကို မြို့ကြီး၊ မြို့ငယ်၊ ကျေးလက်၊ တောရွာမကျန် စတုဒိသာမဏ္ဍပ်

**❖အလှထူးသော တန်ခူးလတွင် မြိုင်မြိုင်ဆိုင်ဆိုင်ဖူးပွင့်တတ်သည့် တန်ခူးလ၏ရာသီပန်းဖြစ်သည့် ပိတောက်ပန်းသည်လည်း သင်္ကြန်နှင့်ခွဲခြား၍ မရနိုင်ပါ။ "လတန်ခူးပေမို့ အလှထူးပါဘိ၊ မြမြဖူးရယ်တဲ့၊ ခိုင်ရွှေဝါ"ဆိုသကဲ့သို့ သင်္ကြန်အကြို မိုးပြေးအောက်ဝယ် ပန်းပိတောက်ရွှေဝါတို့သည် ပင်လုံးညွတ်ဖူးပွင့်ကြလေသည်။ တန်ခူးလတွင် ပိတောက်ပန်းအပြင် ကံ့ကော်ပန်း၊ ငုဝါပန်း၊ ရင်ခတ်ပန်းတို့သည်လည်း ပတ်ဝန်းကျင်အနှံ့မွှေးပျံ့ထုံသင်းလျက်ရှိသည်။❖**

များဖြင့် လှူဒါန်းကျွေးမွေးကြသည်။ စတုဆိုသည်မှာ လေးဂဏန်းဖြစ်ပြီး ဒိသာဟူသောစကားမှာ အရပ်လေးမျက်နှာကိုခေါ်ဆိုခြင်းဖြစ်သည်။ ထို့ကြောင့် အရပ်လေးမျက်နှာမှ အယုတ်အလတ်အမြတ်မရွေးမည်သူမဆို ဝင်ရောက်စားသုံးနိုင်ပေရာ ချစ်စရာကောင်းသော ဓလေ့တစ်ခုလည်းဖြစ်ပေသည်။ ထို့ပြင် ကျောင်းကန်ဘုရားများ၌ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဘုရားဆင်းတုတော်များကို ရေသပ္ပာယ်ခြင်း၊ ငါးလွှတ်ပွဲ၊ တိရစ္ဆာန်လွှတ်ပွဲများပြုလုပ်၍ ဇီဝိတဒါနပြုလုပ်ခြင်း၊ အလှူပွဲများကျင်းပခြင်း စသည့် မင်္ဂလာရှိသောကောင်းမှုကုသိုလ် အစုစုကို ရွေးချယ်ပြုလုပ်ကြသည်။ ဗုဒ္ဓဘာသာဝင်အများစုသည် သီတင်းသီလဆောက်တည်၍ ဝိပဿနာတရားများ ပွားများအားထုတ်ကာ ကောင်းမြတ်သော အကျင့်သီလတို့ဖြင့် စိတ်ကိုဆေးကြောကြခြင်းဖြစ်သည်။

တန်ခူးလ၏ အထူးခြားဆုံး ရက်မြတ်မင်္ဂလာမှာ မြန်မာနှစ်ဆန်းတစ်ရက်နေ့ပင်ဖြစ်သည်။ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် သက်ကြီးပူဇော်ပွဲများ၊ အဘိုး၊ အဘွားတို့ကို ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း၊ လက်သည်းသန့်ရှင်းခြင်းများ၊ ဇီဝိတဒါန အသက်လွှတ်ပွဲများကို အိုးစည်ဗုံမောင်း အကအခုန်များဖြင့် ပျော်ရွှင်စွာဆင်နွှဲခဲ့ကြခြင်း၊ ရေတွင်းရေကန်များကို ဆယ်ယူခြင်း၊ လမ်းဟောင်း၊ တံတားဟောင်းများကို ပြုပြင်တည်ဆောက်ခြင်း၊ စေတီပုထိုးများပြုပြင်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများနှင့် လမ်းများတွင် အမှိုက်သရိုက်များ ဖယ်ရှားရှင်းလင်းခြင်း၊ မိမိတို့၏နေအိမ်များတွင် မုန့်များပြုလုပ်၍ လှူဒါန်းပေးကမ်းခြင်း၊ ရပ်ကွက်လမ်းများတွင် စတုဒိသာမဏ္ဍပ်များဖြင့် လှူဒါန်းကျွေးမွေးခြင်းများကို ပြုလုပ်ကြသည်။

သင်္ကြန်ပွဲတော်ကို မြန်မာနိုင်ငံအနှံ့အပြားတွင် ကျင်းပကြပြီးရခိုင်တိုင်းရင်းသားတို့၏ ရိုးရာသင်္ကြန်ပွဲတော်တွင် လောင်းလှေထဲမှရေများကိုခပ်ကာ လူပျိုကာလသားများနှင့် မိန်းမပျိုလေးများက မျက်နှာချင်းဆိုင်ကာ ပျော်ရွှင်စွာရေပက်ကစားကြပုံမှာထူးခြားလှသည့် မြင်ကွင်းဖြစ်သည်။ ထို့ပြင် မွန်တိုင်းရင်းသားတို့၏ ရိုးရာသင်္ကြန်ထမင်းသည် နူးညံ့ပျော့ပျောင်းအောင်ချက်ထားသည့် ထမင်းကို ရေစိမ်စားရသည့် ထမင်းတစ်မျိုးဖြစ်ပြီး မွန်ရိုးရာသင်္ကြန်ထမင်းသည် ယနေ့တိုင်ထင်ရှားလှသည်။

သင်္ကြန်ကာလတွင် သိကြားမင်းသည် လူ့ပြည်သို့ ဆင်းသက်လာသည်ဟု အယူအဆရှိကြပြီး လူ့ပြည်သို့ ဆင်းသက်သည့်အချိန်နှင့် နတ်ပြည်သို့ ပြန်လည်တက်သည့်အချိန် လက်ထဲ၌ မည်သည့်အရာကိုကိုင်ဆောင်၍ ဆင်းသက်ကြောင်း အစွဲပြု၍ တစ်နှစ်စာ ဆောင်ရန်၊ ရှောင်ရန်များ၊ ကောက်ပဲသီးနှံအထွက်နှုန်းများနှင့် မိုးလေဝသခန့်မှန်းချက်များ စသည်တို့ပါဝင်သည့် သင်္ကြန်စာမှာ ယနေ့ထက်တိုင် ဖတ်ရှုကြမြဲဖြစ်လေသည်။ မြန်မာလူမျိုးတို့သည် အတာအိုးဟုခေါ်သည့် မြေအိုးငယ်များတွင် အုန်းရွက်၊ မာလကာညွန့်၊ တမာညွန့်၊ ဒန်းညွန့်၊ ကြံရွက်၊ ဆီးညွန့်၊ မြေဇာမြက်နှင့် ပိတောက်ပန်းခက်စသည်ဖြင့် ရေပယက်၍ထိုးကာ သိကြားမင်းနှင့် သင်္ကြန်ကိုကြိုဆိုသောအားဖြင့် အိမ်ရှေ့တွင်ထားကြသည်။ နှစ်ဆန်းတစ်ရက်နေ့တွင် မိမိတို့၏ ရပ်ရွာအတွင်း၌ အန္တရာယ်ကင်းရှင်းစေရေးအတွက် သံဃာတော်များကိုပင့်ဖိတ်ပြီး ပရိတ်တရားရွတ်ပွားခြင်းများကို လုပ်ဆောင်ကြသည်။

အလှထူးသော တန်ခူးလတွင် မြိုင်မြိုင်ဆိုင်ဆိုင် ဖူးပွင့်တတ်သည့် တန်ခူးလ၏ရာသီပန်းဖြစ်သည့် ပိတောက်ပန်းသည်လည်း သင်္ကြန်နှင့်ခွဲခြား၍ မရနိုင်ပါ။ "လတန်ခူးပေမို့ အလှထူးပါဘိ၊ မြမြဖူးရယ်တဲ့၊ ခိုင်ရွှေဝါ"ဆိုသကဲ့သို့ သင်္ကြန်အကြို မိုးပြေးအောက်ဝယ် ပန်းပိတောက်ရွှေဝါတို့သည် ပင်လုံးညွတ်ဖူးပွင့်ကြလေသည်။ တန်ခူးလတွင် ပိတောက်ပန်းအပြင် ကံ့ကော်ပန်း၊ ငုဝါပန်း၊ ရင်ခတ်ပန်းတို့သည်လည်းပတ်ဝန်းကျင်အနှံ့ မွှေးပျံ့ထုံသင်းလျက်ရှိသည်။

ယခုနှစ်တွင် သင်္ကြန်ပွဲတော်၏ထူးခြားမှုအနေဖြင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ လူသားမျိုးနွယ်ကိုယ်စားပြုဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း (The Representative List of Intangible Cultural Heritage of Humanity) တွင် ပါဝင်နိုင်ရေးအတွက်ဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO) က မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ကြေညာခဲ့သည်။ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပါဝင်ခြင်းအားဖြင့် ကမ္ဘာက ပိုမိုသိရှိလာနိုင်ခြင်း၊ မျိုးဆက်သစ်များကို လက်ဆင့်ကမ်းအမွေပေးနိုင်ခြင်း၊ အတာသင်္ကြန်ကို ရိုးရာမပျက်ထိန်းသိမ်းကျင်းပနိုင်ရေးအတွက် ပြည်သူလူထု၏ အသိအမြင်ပိုမိုပွင့်လန်းလာစေခြင်း၊ မြန်မာနိုင်ငံ၏ အခြားသောဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကိုလည်း ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် အတွေ့အကြုံနှင့်အခွင့်အလမ်းကောင်းများ ရရှိလာစေခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်သည်။

တန်ခူးလမဟာသင်္ကြန်ပွဲတော်သည် မြန်မာတို့၏ ဘာသာရေးနှင့်ရိုးရာယဉ်ကျေးမှုအစဉ်အလာများဖြင့်ပြည့်စုံနေသောပွဲတော်ကြီးတစ်ခု ဖြစ်သဖြင့် သင်္ကြန်ပွဲတော်ကို ယဉ်ကျေးသိမ်မွေ့စွာဆင်နွှဲခြင်းသည် ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်ပေသည်။ ပူပြင်းသောနွေကာလ၌ လူအချင်းချင်းအေးမြသောရေပက်ဖျန်းလောင်းခြင်းဖြင့် မြန်မာလူမျိုးတို့အတွက် ဘေးအန္တရာယ်ဆိုးများကင်းဝေးစေသော အေးချမ်းသာယာပျော်ရွှင်သည့် နှစ်သစ်ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။

**ကိုးကား**

- မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းအဖြစ် သတ်မှတ်ခံရ သတင်းထုတ်ပြန်ချက်(ပြန်ကြားရေးဝန်ကြီးဌာန)
- မြန်မာ့စွယ်စုံကျမ်းအတွဲ(၁၃)
- နေ့စဉ်ထုတ်သတင်းစာများ

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# လေပတ်ကား ရုပ်ရှင်ဇာတ်ကားကို ဧပြီ ၁၁ ရက်တွင် ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN ရုပ်သံလိုင်းမှ ထုတ်လွှင့်မည်




**ရန်ကုန် ဧပြီ ၉**

လေပတ်ကား ရုပ်ရှင်ဇာတ်ကားကို ဧပြီ ၁၁ ရက် ည ၇ နာရီ မိနစ် ၃၀ တွင် ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ZAT LENN ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း ဒါရိုက်တာ ကိုဇော်(အရှက်ဦး)က ပြောပြ၍ သိရသည်။

လေပတ်ကား ရုပ်ရှင်ဇာတ်ကား၏ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒီဒီထက်အောင်က ရေးသားထားပြီး ဒါရိုက်တာ ကိုဇော်(အရှက်ဦး)က ဘိုဘိုရုပ်ရှင်ထုတ်လုပ်ရေးအတွက် ပုံဖော်ရိုက်ကူးထားသည့် အချစ်ဟာသ ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ သရုပ်ဆောင်တွေကာရိုက်တာမတူအောင်တော့ သေချာ ပြင်ဆင်ရိုက်ကူးထားပါတယ်။ ကိုဇော်ဝင်းနိုင်တို့ ဆင်မတို့လဲ မတူတဲ့ရှုထောင့်တွေကနေ တင်ဆက်ထားပါတယ်။ ထက်အောင်ရှိုင်းကိုလဲ အစစ်မတွေကို မုန်းတယ်ဆိုတဲ့ ပုံစံလေးဖန်တီးထားပါတယ်။ အချစ်ဟာသဇာတ်မြူးလေးပါ။ ၂၀၂၃ ခုနှစ် အောက်တိုဘာလတုန်းက ရုံတင်ပြသခဲ့ပြီးပါပြီ။ ပရိသတ်တွေ အားပေးမှုရရှိခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအနေနဲ့ ပြန်ထုတ်လွှင့်မှာပါ"ဟု ဒါရိုက်တာ ကိုဇော်(အရှက်ဦး)က ပြောပြသည်။

လေပတ်ကား ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ ထက်အောင်ရှိုင်း၊ ခင်လှိုင်၊ ဇော်ဝင်းနိုင်(မန်း)၊ ဆင်မ၊ ကျင်ဝုက်၊ ချစ်လူလူ၊ သွက်လက်၊ ဘရန်ဒိုလီ၊ အောင်သီဟ၊ မေမြင့်မိုရ်၊ ဝေလာရီ၊ Elena၊ မျိုးမျိုးခိုင်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Wolf Man ဇာတ်ကားကို ဧပြီ ၂၈ ရက်မှစ၍ အွန်လိုင်းစနစ်ဖြင့်ပြသရန် Paramount ကုမ္ပဏီစီစဉ်

**နယူးယောက် ဧပြီ ၉**

Wolf Man အမည်ရှိထိတ်လန့်သည်းဖို ဇာတ်ကားသစ်ကို ဧပြီ ၂၈ ရက်တွင် အွန်လိုင်းစနစ်ဖြင့် ထုတ်လွှင့်ပြသရန် Paramount ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း ဧပြီ ၈ ရက် သတင်းများအရ သိရသည်။

Wolf Man ဇာတ်ကား၌ မင်းသား ခရစ္စတိုဖာအက်ဘော့နှင့် ဂျူလီယာဂါနာတို့ ပါဝင်သရုပ်ဆောင်ထားသည်။

Wolf Man ဇာတ်ကားကို ဝါနာဘရားသားကုမ္ပဏီက ယခုနှစ် ဇန်နဝါရီလတွင် စတင်ရုံတင်ပြသခဲ့ပြီးဖြစ်သည်။

အဆိုပါဇာတ်ကားသည် သမန်းဝံပုလွေတစ်ကောင်၏ ရန်ပြုမှုနှင့် ရင်ဆိုင်ခဲ့ရသော မိသားစုတစ်စု၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသော ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Wolf Man ဇာတ်ကားကို ဒါရိုက်တာ လက်ဟာန်နယ်က တာဝန်ယူ ရိုက်ကူးပေးထားပြီး အဆိုပါ Wolf Man ဇာတ်ကားအတွက် ရိုက်ကူးထုတ်လုပ်မှုစရိတ်အဖြစ် ယူနီဗာဆယ်ကုမ္ပဏီအနေဖြင့် အမေရိကန်ဒေါ်လာ ၂၅ သန်း သုံးစွဲခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO




# ခိုင်နှင်းဝေပရဟိတအသင်းနှင့် အလှူရှင်များက နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံကြီး၌ ကျောက်ကပ်ဆေးစက်နှင့်ဆေးဝါးများအပါအဝင် အရေးပေါ်လိုအပ်ပစ္စည်းများ လှူဒါန်း

**ရန်ကုန် ဧပြီ ၉**

သရုပ်ဆောင် ခိုင်နှင်းဝေ၏ ခိုင်နှင်းဝေပရဟိတအသင်းနှင့် သရုပ်ဆောင်များ၊ စေတနာရှင်၊ အလှူရှင်များက နေပြည်တော်ခုတင်(၁၀၀၀) ဆေးရုံကြီး၌ ကျောက်ကပ်ဆေးစက်နှင့်ဆေးဝါးများအပါအဝင် အရေးပေါ်လိုအပ်ပစ္စည်းများကို ဧပြီ ၈ ရက်က လှူဒါန်းခဲ့ကြောင်း သရုပ်ဆောင် ခိုင်နှင်းဝေထံမှ သိရသည်။

ထိုသို့လှူဒါန်းရာ နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံကြီးတွင် အရေးပေါ် လိုအပ်နေသည့် ကျောက်ကပ်ဆေးစက်၊ အရေးပေါ်လိုအပ်နေသည့် ဆေးဝါးများအပါအဝင် လိုအပ်ပစ္စည်းများအတွက် စုစုပေါင်း တန်ဖိုးငွေကျပ် သိန်း ၄၆၀၀ ခန့်ကျော်ကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"လူနာအများဆုံး တက်ရောက်နေတဲ့ နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံကြီးမှာ အရေးပေါ်လိုအပ်နေတဲ့ ကျောက်ကပ်ဆေးစက်နှစ်လုံး၊ ဆေးသွင်းစက်တစ်လုံး



(တန်ဖိုးငွေကျပ် သိန်း ၃၀၀၀ ဝန်းကျင်)၊ ပျက်စီးသွားတဲ့ရေတွင်း၊ ရေကန်၊ ရေပိုက်တွေ ပြုပြင်ဖို့နဲ့ ရေတွင်းအသစ်တွေတူးဖို့ လိုအပ်တဲ့ပိုက်နဲ့စက်ပစ္စည်းတွေ ဝယ်ယူဖို့၊ ရေပုံး၊ ရေစင်တွေပြုပြင်ဝယ်ယူဖို့အတွက် ငွေကျပ် သိန်း ၁၃၀၀ နဲ့ အရေးပေါ်လိုအပ်နေတဲ့ဆေးဝါးတွေဝယ်ယူဖို့အတွက် ငွေကျပ် သိန်း ၇၀၀ ကို ခုနစ်ရက်သားသမီးတွေကုသိုလ်အဖြစ် ကူညီလှူဒါန်းခဲ့ပါတယ်"ဟု သရုပ်ဆောင် ခိုင်နှင်းဝေက ပြောပြသည်။

သရုပ်ဆောင် ခိုင်နှင်းဝေ၏ ခိုင်နှင်းဝေ ပရဟိတအသင်းက စေတနာရှင်များနှင့် လက်တွဲကာ ယခင်နှစ်က နိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံဖြစ်စဉ်များကြောင့် သဘာဝဘေးအန္တရာယ်များကြုံတွေ့ရသည့်ပြည်သူများကို ငွေကျပ် သိန်းပေါင်း ၃၆၀၀၀ ကျော်တန်ဖိုးရှိ စားနပ်ရိက္ခာနှင့် အသုံးအဆောင်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

ASH

# Love Everlasting ဇာတ်ကားကို ရိုက်ကူးထုတ်လုပ်ရန် ဆိုနီကုမ္ပဏီပြင်ဆင်

**နယူးယောက် ဧပြီ ၉**

Love Everlasting အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်ကို ရိုက်ကူးထုတ်လုပ်ရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက ပြင်ဆင်ထားကြောင်း ဧပြီ ၈ ရက် သတင်းများအရ သိရသည်။

Love Everlasting ဇာတ်ကားသည် အမေရိကန်ကာတွန်းဆရာ တွမ်ကင်း၏ ရုပ်ပြကာတွန်းများကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Love Everlasting ဇာတ်ကားကို ဒါရိုက်တာ လန်နီအက်ဘရာဟမ်ဆန်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းရေးဆရာ ဂျိန်းဂိုးမင်က ဇာတ်ညွှန်းကို ရေးသားပေးထားကြောင်း သိရသည်။


Love Everlasting ဇာတ်ကားသည် ဂျိုအန်ပီတာဆန်အမည်ရှိ အမျိုးသမီးတစ်ဦး၏စွန့်စားမှုကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

လက်ရှိတွင် Love Everlasting ဇာတ်ကားအတွက် သရုပ်ဆောင်များကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ရွေးချယ်နေဆဲဖြစ်သည်။

Love Everlasting ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO




# အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တွင် ပန်းချီဆရာကြီး ၁၀၉ ဦးပါဝင်သည့် မန္တလေးငလျင်ဒဏ်သင့်ဒေသများသို့ လှူဒါန်းမည့်ရန်ပုံငွေပန်းချီပြပွဲ ပြုလုပ်လျက်ရှိ

**ရန်ကုန် ဧပြီ ၉**

ရန်ကုန်တိုင်းဒေသကြီး ပန်းပဲတန်းမြို့နယ်ရှိ အမျိုးသားစာကြည့်တိုက်(ရန်ကုန်) တွင် ပန်းချီဆရာကြီး ၁၀၉ ဦးပါဝင်သည့် မန္တလေးငလျင်ဒဏ်သင့်ဒေသများသို့ လှူဒါန်းမည့် ရန်ပုံငွေပန်းချီပြပွဲကို ဧပြီ ၈ ရက်မှစ၍ ပြုလုပ်လျက်ရှိကြောင်း မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို) အတွင်းရေးမှူး ပန်းချီ ဌေးအောင်က ပြောပြ၍ သိရသည်။

အဆိုပါရန်ပုံငွေပန်းချီပြပွဲက ရရှိလာသည့်ရန်ပုံငွေများကို မန္တလေးငလျင်ဒဏ်ခံစားခဲ့သည့်ဒေသများရှိပျက်စီးခဲ့သည့် သာသနာနိကအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် အဓိကထားလှူဒါန်းမည်ဖြစ်ပြီး မန္တလေးငလျင်ဒဏ်သင့် ပန်းချီလောကသားမိသားစုများကိုလည်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ငလျင်ဒဏ်ခံစားခဲ့ရတဲ့ဒေသတွေက ငလျင်ဘေးသင့်ပြည်သူတွေအတွက် ထောက်ပံ့လှူဒါန်းနိုင်ဖို့ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)မှာ ဧပြီ ၈ ရက်ကစပြီး ရန်ပုံငွေပန်းချီပြပွဲ ပြုလုပ်နေပါတယ်။ အဲဒီပြပွဲကိုတော့ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)က ကြီးမှူးကျင်းပတာဖြစ်ပါတယ်။ ပြပွဲမှာတော့ ပန်းချီဆရာကြီး ၁၀၉ ယောက်ရဲ့ ပန်းချီကားအချပ်ပေါင်း ၁၃၃ ကား ပါဝင်ပြသနေပြီး ပန်းချီကားအမျိုးအစားအစုံအလင်ပါဝင်ပါတယ်။ အခုလိုရောင်းချတဲ့အခါမှာလဲ ပန်းချီဆရာကြီးတွေက ပန်းချီကားရဲ့ မူလရောင်းတဲ့ဈေးနှုန်းထက် များစွာဈေးနှုန်းလျှော့ချပြီး ရောင်းချနေတာဖြစ်ပါတယ်"ဟု ပန်းချီ ဌေးအောင်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၂၄x၃၆) လက်မ၊ (၁၅x၁၁) လက်မ၊ (၁၈x၂၄) လက်မ၊ (၁၈x၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းအနေဖြင့်လည်း အနည်းဆုံးငွေကျပ် သုံးသိန်းမှ အများဆုံး ငွေကျပ် ၁၀ သိန်းထိရှိကြောင်း သိရသည်။

ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing Myanmar inspects slightly damaged International Convention Center-1 and Yanaung-myin reservoir, and temporary mobile hospital at township sports ground, Shwekyabin Ward




Senior General Min Aung Hlaing inspects the damage to the Myanmar International Convention Center-1 in Nay Pyi Taw.



Senior General Min Aung Hlaing hears reports on operations of the temporary mobile hospital run by US-based Samaritan's Purse International Relief Organization at Shwekyabin Ward in Zabuthiri Township.



Senior General Min Aung Hlaing talks to a patient at the temporary mobile hospital run by US-based Samaritan's Purse International Relief Organization at Shwekyabin Ward in Zabuthiri Township.

**Nay Pyi Taw April 9**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspected the Myanmar International Convention Center-1 (MICC-1) and Yanaungmyin Dam, slightly damaged by Mandalay earthquake that jolted on 28 March and visited the patients at a temporary mobile hospital set up in the township sports ground at Shwekyabin Ward, Zabuthiri Township, and spoke words of encouragement this afternoon.

Accompanied by SAC Secretary General Aung Lin Dway, Union Minister U Myo Thant and officials, the Senior General examined the slight damages caused by the earthquake at the ceiling at the entrance of the main hall of MICC-1, the ceilings of Jade Hall, Ruby Hall, and Emerald Hall and and minor damages of the walls of meeting rooms and gave directives.

At the Yanaungmyin reservoir in Dekkhinathiri Township, the Senior General checked the temporary repair of the cracks at the dam, the work of filling the cracks with sand and earth, and soil testing. As regards the reports on points of the reservoir, strength of the dam, and appearance of cracks due the earthquake, the Senior General pointed out the need to complete the dam before the onset of monsoon, green the watershed areas, and take essential steps for the thriving of the planted trees. He also attended to the other needs.

At a temporary mobile hospital, run by the US-based Samaritan's Purse International Relief Organization, at Shwekyabin Ward, *See Page 13*

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.



Senior General Min Aung Hlaing hears reports on the damage to Yanaungmyin reservoir in Dekkhinathiri Township.

*From Page 12*

Zabuthiri Township, the Senior General, while looking around the facility, heard a report on operations of the hospital including surgical operations on patients presented by hospital in charge Dr. Elliott Tenpenny. He then cordially greeted the patients and thanked the US government and American people for providing assistance for Myanmar.

The hospital in charge thanked the Myanmar government for the logistics support it provided for the convenience of the US medical team in carrying out rescue and relief undertakings and providing medical treatment.

The temporary mobile hospital was jointly erected by Directorate of Medical Services and Directorate of Military Engineers of the Office of Commander-in-Chief (Army), with container boxes. The modern mobile hospital comprises outpatient ward, emergency treatment ward, operation theater, medical store and laboratory. The 60-bed hospital is providing medical treatment and surgical operations for patients with various types of wounds and diseases. Specialist physicians including surgeons and orthopedic specialists, and nurses of DMS are joining hands with the American team at the hospital. Arriving in Myanmar on 4 April, the US team started its healthcare operations on 7 April, and had conducted surgical operations on 20 patients. The team will open an intensive care unit and two more operation theaters on 10 April to extend its healthcare services.

100

# Foreign leaders send message of condolences to Myanmar leader

**Nay Pyi Taw April 9**

President of the Federative Republic of Brazil Luiz Inácio Lula da Silva and Former President of Federal Democratic Republic of Nepal Mrs Bidya Devi Bhandari sent message of condolences to Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, expressing extensive loss and damage as well as loss of lives and injuries in the event of powerful Mandalay earthquake which struck on 28 March 2025.

In the message of condolence, it was expressed, on behalf of the people and government of Brazil, deep sorrow and sympathy to the victims and their families of the earthquake that occurred in Myanmar on 28March. It conveyed heartfelt condolences for the high number of fatalities and the significant and visible damage and losses caused by the disaster. The message also expressed a desire to offer emotional support to all those affected by the earthquake through Your Excellency, and sincere wishes for a speedy recovery to all who have been injured. It further stated deep regret over the loss of lives, homes, and destruction of property resulting from the earthquake in Myanmar. The message concluded with confidence that the government and people of Myanmar would successfully carry out rescue, relief, and reconstruction efforts, including the rebuilding of damaged infrastructure.

100

**Senior General Min Aung Hlaing,**
**Chairman of the State Administration Council,**
**and Prime Minister of the Republic of the Union of Myanmar,**

**Your Excellency,**

Nepal and Myanmar share a longstanding relationship based on mutual respect, trust, and cooperation. Since the establishment of formal diplomatic relations in 1960, high-level visits and exchanges have further strengthened our bilateral ties. I fondly recall my official visit to Myanmar in 2019, during my tenure as President of Penal, and the warm hospitality we received on that occasion.

In spired by the teachings of Gautam Buddha, the messier of world peace, compassion, and friendship, the people of our two nations have maintained close socio-cultural ties that help us share our joys and sorrows.

I am deeply saddened to learn about the great loss of lives and property caused by the devastating powerful earthquake that struck Myanmar on 28 March 2025. Witnessing the horrifying images of this disaster through media and social networks has left me heartbroken.

In this moment of sorrow caused by this natural disaster, I extended my deepest condolences to the government and people of Myanmar through Your Excellency, Senior General Min Aung Hlaing. I also express my heartfelt tribute to those who lost their precious lives in this earthquake and wish for the speedy recovery of the injured.

Nepal, too, suffered a similarly catastrophic earthquake a decade ago in 2015. That disaster claimed over 10,000 Nepali lives and destroyed more than 500,000 physical infrastructures, including historical and cultural heritage sites, government and public buildings, and private residences. Therefore, we can deeply empathize with the pain Myanmar is experiencing at this moment.

I firmly believe that the government and people of Myanmar will successfully carry out rescue, relief, and rehabilitation efforts and rebuild the damaged infrastructure.

Thank you.

Rt Hon'ble Mrs Bidya Devi Bhandari
Former President of Nepal
7 April 2025

**Senior General Min Aung Hlaing,**
**Prime Minister and Chairman of the State Administration Council,**

On behalf of the Brazilian people and government, I express my sincere condolences to the Myanmar people and the families of the victims for the earthquake that struck Myanmar on 28 March.

I am deeply saddened by the large number of victims and the significant materials damage. I ask Your Excellency to extend my solidarity to all those who suffered losses due to this tragic event.

I sincerely wish a speedy recovery to this friendly nation and to all those affected people by the tragedy.

Luiz Inácio Lula da Silva
President of the Federative Republic of Brazil

# More than 1,000 acres of summer paddy planted in Mawlaik Township

**Malaik April 9**

Statistics of Mawlaik District Agriculture Department stated that a total of 1,689 acres of summer paddy has been planted in Mawlaik Township of Sagaing Region.

In the 2024–2025 summer crop season, local authorities earmarked to grow 2,300 acres of summer paddy in Mawlaik Township. As of today, a total of 1,689 acres have already been cultivated since planting began in January of this year.

"Mawlaik Township has planned to grow over 2,000 acres of summer paddy for this year's summer crop season. So far, more than 1,600 acres have been cultivated. Efforts are being made to meet the targeted acreage. Farmers are being provided with agricultural techniques, awareness on pest prevention, and guidance to avoid crop losses and to ensure timely transportation of harvested paddy under proper shelter," said Daw Kywe Kywe Hlaing, Head of the Mawlaik District Department of Agriculture.

To increase per-acre yield and meet production targets, quality seeds are being distributed to summer paddy farmers in Mawlaik Township. Pamphlets on agricultural techniques are being handed out, and training sessions and discussions are being organized. Efforts are also being made to ensure timely access to necessary agricultural inputs.

Senior farmers are being encouraged to coordinate with the Department of Agriculture to make advance preparations, such as following the department's guidelines on pest and disease prevention, engaging in soil nutrient enrichment activities, and collecting quality seeds in advance, in order to plant summer paddy and other crops in a timely manner after the harvest of monsoon crops. 206



A vast stretch of summer paddy field.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်ကြည်းတပ်က MK 4.8 HQ Aerosonde UAV ၏ ရှေ့ပြေးပုံစံနှစ်စုံကို Textron ကုမ္ပဏီထံမှ လက်ခံရရှိခဲ့



အမေရိကန်ကြည်းတပ်သည် Future Tactical Uncrewed Aircraft Systems (FTUAS)ပရိုဂရမ်အရ Textron ကုမ္ပဏီထံမှ MK 4.8 HQ Aerosonde UAV ၏ ရှေ့ပြေးပုံစံနှစ်စုံကိုလက်ခံရရှိခဲ့ပြီး စမ်းသပ်မှုများ စတင် ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း Army Recognition သတင်းဌာနက ဇွန် ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။ ဤလုပ်ဆောင်ချက်သည် တိုက်ခိုက်ရေးတပ်မဟာအဖွဲ့များအနေဖြင့် ရှုပ်ထွေးနက်နဲသော စစ်ဆင်ရေးပတ်ဝန်းကျင် အခြေအနေများတွင် လေကြောင်းစောင့်ကြည့်ထောက်လှမ်းခြင်း၊ ကင်းထောက်ခြင်းနှင့် ပစ်မှတ်ဖော်ထုတ်ခြင်းတို့ကို မည်သို့ဆောင်ရွက်နိုင်မည်ကို ပြောင်းလဲကျင့်သုံးနိုင်ရန် အမေရိကန်ကြည်းတပ်၏ သိသာထင်ရှားသော ကြိုးပမ်းအားထုတ်မှုတစ်ရပ်ကို ကိုယ်စားပြုနေခြင်းဖြစ်ကြောင်း သိရသည်။

Textron ကုမ္ပဏီထုတ် MK 4.8 HQ Aerosonde UAV သည် ကမ္ဘာ့အကြမ်းတမ်းဆုံးသော မြေမျက်နှာသွင်ပြင်တချို့တွင် ပျံသန်းမှုနာရီပေါင်း ခြောက်သိန်းကျော်ဖြင့် ရည်မှန်းချက်တာဝန်ထမ်းဆောင်နိုင်မှုအပေါ် သက်သေပြထားနိုင်ခဲ့သည်။ FTUAS ပရိုဂရမ်အတွက် အံဝင်ခွင်ကျဖြစ်သော UAV ဗားရှင်းသည် တပ်မဟာအဆင့် ကင်းထောက်မစ်ရှင်များကို လုပ်ဆောင်နိုင်စေမည့် အရွယ်အစား၊ အလေးချိန်နှင့် ပါဝါအသုံးပြုမှုစသည့် ဝိသေသလက္ခဏာများဖြင့် ပြည့်စုံသည်။ တစ်ချိန်တည်းမှာပင် ၎င်း UAV ကိုစစ်သည်နှစ်ဦးတည်းဖြင့် သယ်ဆောင်တိုက်ပွဲဝင်နိုင်မည်ဖြစ်သောကြောင့် UH-60 Black Hawk ရဟတ်ယာဉ်များ သို့မဟုတ် နည်းဗျူဟာမြောက် ယာဉ်များဖြင့်လည်း အလွယ်တကူသယ်ဆောင်၍ တိုက်ပွဲဝင်ဖြန့်ကြက်စေနိုင်မည်ဖြစ်ကာ ခေတ်သစ်စစ်ပွဲအတွက် လျင်မြန်စွာဖြန့်ကြက်အသုံးပြုနိုင်မှု အရည်အသွေးနှင့် ကိုက်ညီသည်။

MK 4.8 HQ Aerosonde UAV သည် ဖြုတ်လွယ်တပ်လွယ် ဖွဲ့စည်းပုံနှင့် စစ်သည်ဗဟိုပြုစနစ် ဒီဇိုင်းအတွက် အမေရိကန်ကြည်းတပ်၏ ကတိကဝတ်ကို သက်သေပြချက်တစ်ခုဖြစ်သည်။ ၎င်း၏ Modular Open Systems Architecture (MOSA) ဖွဲ့စည်းတည်ဆောက်ပုံသည် အသစ်အသစ်သော Payload များ၊ အာရုံခံကိရိယာများနှင့် ဆော့ဖ်ဝဲအဆင့်မြှင့်တင်မှုများကို လျင်မြန်စွာပေါင်းစပ်အသုံးပြုနိုင်စေခြင်းဖြင့် UAV သည် ရန်ဘက်များထံမှ တန်ပြန်ခြိမ်းခြောက်မှုများတိုးလာသည်နှင့်အမျှ နည်းပညာနှင့် အဆက်မပြတ် အဆင့်မြှင့်တင်နိုင်မည်ဖြစ်ကြောင်း သေချာစေသည်။

FTUAS ပရိုဂရမ်သည် ဖွံ့ဖြိုးတိုးတက်ရေးစမ်းသပ်မှုအဆင့်သို့ ရောက်ရှိလာသည်နှင့်အမျှ ပရိုဂရမ်သည် အနာဂတ် အမေရိကန်ကြည်းတပ်၏ ကင်းထောက်ခြင်းစွမ်းရည်သစ်များကို ထုတ်ဖော်ပြသရုံမျှမက ဘက်စုံ(Multi-domain) စစ်ဆင်ရေးများတွင် အမြန်နှုန်း၊ လိုက်လျောညီထွေရှိမှုနှင့် လွှမ်းခြုံအသုံးပြုနိုင်မှုအပေါ် ဗဟိုပြုသည့် မဟာဗျူဟာမြောက်အမြင်ကိုလည်း အားဖြည့်ပေးလျက်ရှိသည်။ MK 4.8 HQ Aerosonde မောင်းသူမဲ့လေယာဉ်သည် လေယာဉ်သစ်တစ်ခုမျှသာမကဘဲ လာမည့်နှစ်များအတွင်း အမေရိကန်ကြည်းတပ်၏ စောင့်ကြည့်ထောက်လှမ်းခြင်း၊ ထောက်လှမ်းခြင်းနှင့် ကင်းထောက်ခြင်းစွမ်းရည်များကို ပုံဖော်ပေးမည့် နည်းဗျူဟာမြောက် အလှည့်အပြောင်းသစ်၏ သင်္ကေတတစ်ရပ်ဖြစ်ကြောင်း သိရသည်။

**Technology: U.S. Army Tests New VTOL YRQ-10A Recon Drone Offering Real-Time Battlefield Intelligence. ကို ဘာသာပြန်ဆိုထားပါသည်။**

## စင်ကာပူရေတပ်ရှိ ဖရီးဂိတ်စစ်ရေယာဉ်တစ်စီးက Aster 30 မြေပြင်မှဝေဟင်ပစ်ဒုံးကျည်ဖြင့် ပစ်ခတ်စမ်းသပ်မှုပြုလုပ်နိုင်ခဲ့

စင်ကာပူသမ္မတနိုင်ငံ ရေတပ်၏ Formidable-class၊ RSS Formidable ဖရီးဂိတ်စစ်ရေယာဉ် တစ်စီးသည် Aster 30 မြေပြင်မှဝေဟင်ပစ်ဒုံးကျည်ဖြင့် ပစ်ခတ်စမ်းသပ်မှုတစ်ရပ် ပြုလုပ်နိုင်ခဲ့ကြောင်း Army Recognition သတင်းဌာနက ဇွန် ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါပစ်ခတ်စဉ်သည် မောင်းသူမဲ့လေယာဉ်ခြိမ်းခြောက်မှု အန္တရာယ်များ ပိုမိုကြီးထွားလာချိန်၌ စင်ကာပူရေတပ်၏ အဆင့်မြင့်စွမ်းဆောင်ရည်များကို ထုတ်ဖော်ပြသနိုင်ခဲ့သည့် သမိုင်းမှတ်တိုင်တစ်ခုလည်းဖြစ်သည်။

Aster 30 ဒုံးကျည်၏ လှုပ်ရှားပျံသန်းနေသောပစ်မှတ်ကို အချိန်နှင့်တစ်ပြေးညီ ထောက်လှမ်းခြင်း၊ ခြေရာခံထိန်းကျောင်းခြင်းနှင့် တိုက်ခိုက်ဖျက်ဆီးခြင်းတို့ကို လုပ်ငန်းစဉ်ကို အောင်မြင်စွာသက်သေပြနိုင်ခဲ့ခြင်းသည် စစ်ဆင်ရေးအခြေအနေများအောက်တွင် တိုက်ပွဲဝင်ထိရောက်မှုကို ပြသနိုင်ခဲ့ရုံမျှမက စင်ကာပူရေတပ်၏ ရေကြောင်းစွမ်းအားစုများအပေါ် ချဉ်းကပ်ဝင်ရောက်လာသည့် ခေတ်သစ်လေကြောင်းခြိမ်းခြောက်မှုများရန်မှ ကာကွယ်စောင့်ရှောက်နိုင်စွမ်းကို အလေးပေးဖော်ပြနေခြင်းလည်းဖြစ်သည်။ အာရုံခံစနစ်များမှသည် ပစ်ခတ်ချေမှုန်းသည်ထိ တိုက်ပွဲလုပ်ငန်းစနစ်တစ်ခုလုံး ချောချောမွေ့မွေ့ ယုံကြည်စိတ်ချစွာဆောင်ရွက်နိုင်စွမ်းကို အတည်ပြုရန်၊ တပ်ဖွဲ့ဝင်များအနေဖြင့် လျင်မြန်စွာတိုးတက်ပြောင်းလဲလာသောလေကြောင်းတိုက်ခိုက်မှုများ အထူးသဖြင့် သမားရိုးကျကာကွယ်ရေးစနစ်များအပေါ် ဒုက္ခပေးလာနိုင်သည့် ဒရုန်းများ၊ Loitering Munitions ကာမီကာဇီ တိုက်ခိုက်ရေးဒရုန်းများအပေါ် အချိန်နှင့်တစ်ပြေးညီ ကျွမ်းကျင်စွာပေါင်းစပ်တုံ့ပြန်နိုင်စွမ်းများပိုင်ဆိုင်ထားစေရန် ပစ်ခတ်စမ်းသပ်မှုများက မရှိမဖြစ်လိုအပ်ကြောင်း သိရသည်။

စင်ကာပူရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Sean Wat၊ စစ်ရေယာဉ်စုမှူး ဒုတိယဗိုလ်ချုပ်ကြီး Kwan Hon Chuong တို့တက်ရောက်၍ ပစ်ခတ်စဉ်ကို ကြည့်ရှုအားပေးခဲ့ကြသည်။ ဤအချက်ကို ထောက်ရှုခြင်းဖြင့် စင်ကာပူရေတပ်၏ စစ်ဆင်ရေး တိုးတက်ဖြစ်ထွန်းမှုနှင့် ရေတပ်၏ ပေါင်းစည်းလေကြောင်းရန်ကာကွယ်ရေး စွမ်းဆောင်ရည်များကို တိုးချဲ့ခြင်းအတွက် ထိပ်ပိုင်းခေါင်းဆောင်များကိုယ်တိုင် အားပေးအားမြှောက် ကြိုးပမ်းဆောင်ရွက်နေမှုကို သတင်းစကားပေးပို့လိုသော မဟာဗျူဟာမြောက်ဖြစ်စဉ်တစ်ခုအဖြစ် မီးမောင်းထိုးပြလိုခြင်းလည်းဖြစ်သည်။

သင်္ဘောကိုယ်ထည် နံပါတ် ၆၈ ရေးထိုးထားသော RSS Formidable ဖရီးဂိတ်စစ်ရေယာဉ်သည် Formidable-class ကိုယ်ပျောက်ဖရီးဂိတ်ရေယာဉ်များတွင် ဦးဆောင်သင်္ဘောတစ်စီးဖြစ်ပြီး စင်ကာပူရေတပ်၏ တိုက်ခိုက်ရေး



စစ်ရေယာဉ်စုတွင် အဓိကကျကြောင်း သိရသည်။

Aster 30 သည် တိုက်လေယာဉ်များ၊ UAV များ၊ ခရုဇ်ဒုံးကျည်များနှင့်နည်းဗျူဟာမြောက် ပဲ့ထိန်းဒုံးကျည်များအပါအဝင် အမျိုးမျိုးသော ဝေဟင်ခြိမ်းခြောက်မှုများကို တန်ပြန်ရန် ဒီဇိုင်းထုတ်ထားသည့် တာဝေးပစ်မြန်နှုန်းမြင့် ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်ဖြစ်သည်။ ဒုံးကျည်၏ လှုပ်ရှားစစ်ကစားနိုင်မှုစွမ်းအား မြင့်မားကောင်းမွန်မှုနှင့် ဒေါင်လိုက်ပစ်လွှတ်နိုင်စွမ်းသည် ဒရုန်းအုပ်များ၊ ဒုံးကျည်များဖြင့် တိုက်ခိုက်လာခြင်းများ မြင့်မားလာသည့် အချိန်အခါမျိုးတွင် တုံ့ပြန်တိုက်ခိုက်ရာ၌ လားရာပေါင်းစုံမှပစ်မှတ်များကို လျင်မြန်စွာ တိုက်ပွဲဝင်နိုင်စေလိမ့်မည်ဖြစ်သည်။

RSS Formidable ဖရီးဂိတ်စစ်ရေယာဉ်ပေါ်မှဒုံးကျည်ဖြင့် ဒရုန်းကို အောင်မြင်စွာ ကြားဖြတ်ပစ်ချနိုင်ခဲ့ခြင်းသည် စင်ကာပူရေတပ် လေကြောင်းရန်ကာကွယ်ရေး၏ ထိရောက်စွာတုံ့ပြန်နိုင်စွမ်းကို မီးမောင်းထိုးပြနေခြင်းဖြစ်သည်။ ဘက်မညီခြိမ်းခြောက်မှုများနှင့် မောင်းသူမဲ့စနစ်များသည် ကမ္ဘာလုံးဆိုင်ရာပဋိပက္ခဇုန်များတွင် တွေ့ရဖန်များလာသည်နှင့်အမျှ ယခုကဲ့သို့သော ဒုံးကျည်ပစ်ခတ်စဉ်လေ့ကျင့်မှုများသည် အနာဂတ်စိန်ခေါ်မှုများကိုရင်ဆိုင်ရန် အမျိုးသားကာကွယ်ရေးတပ်ဖွဲ့များ၏ တိုက်ပွဲဝင်အသင့်ဖြစ်မှုကို လက်ဆုပ်လက်ကိုင်ပြသနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Breaking News: First Aster 30 Missile Fired from Singapore Navy Formidable-Class Frigate in France Destroys Drone. ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၂၀၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မော်လိုက် ဧပြီ ၉

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၂၀၈ ဧကထိ စိုက်ပျိုးပြီးစီးနေပြီ ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခု ၂၀၂၄-၂၀၂၅ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ဖောင်းပြင်မြို့နယ်တွင် စပါးဧက ၆၈၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇန်နဝါရီလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ ၆၂၀၈ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ စပါးဧက ၆၈၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့အထိ ၆၂၀၈ ဧက စိုက်ပျိုးပြီးစီးနေပြီ ဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေတယ်။ စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး၊ သီးနှံများ ပျက်ဆီးဆုံးရှုံးမှုမရှိရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ဖောင်းပြင်မြို့နယ်တွင် စပါးစိုက် တောင်သူများအနေဖြင့် စပါးအထွက်နှုန်း တိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ လိုအပ်သည့် သွင်းအားစုများ အချိန်မီရရှိရေး တို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကိုအထွက်နှုန်း ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ပြည်တွင်း စားသုံးမှုဖူလုံစေမည့် အပြင် ပြည်ပသို့ တင်ပို့နိုင်မည်ဖြစ်သဖြင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

(၂၀၆)

# ညောင်ရွှေမြို့နယ်ရှိ ကျေးရွာနှစ်ရွာတွင် သောက်သုံးရေ ဖြန့်ဝေပေးမှုများ ကြည့်ရှုစစ်ဆေး

ညောင်ရွှေ ဧပြီ ၉

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကေလာကျေးရွာနှင့် ဇရပ်ကြီးကျေးရွာတို့တွင် သဘာဝဘေးအန္တရာယ် ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရသည့် ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစေရန်အတွက် ဧပြီ ၈ ရက်နေ့ နေ့လယ်ပိုင်းက သောက်သုံးရေများ ဖြန့်ဝေပေးမှု အခြေအနေများကို တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးခဲ့သည်။



ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်း၊ ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်ယုယုနှင့် ဝန်ထမ်းများက အဆိုပါ ကျေးရွာနှစ်ရွာတွင် သဘာဝဘေးအန္တရာယ် ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရသည့် ကျေးလက်နေပြည်သူများအတွက် သောက်သုံးရေ ဖြန့်ဝေနေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းက တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့် အခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ညောင်ရွှေမြို့နယ်တွင် သဘာဝဘေးအန္တရာယ် ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ကျေးလက်နေပြည်သူများအတွက် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိပြီး ကျေးရွာအတွင်းရှိ သောက်ရေ၊ သုံးရေများ ပြန်လည် ရရှိနိုင်ရန်အတွက် ရေသန့်စက်များ ပြန်လည်ပြုပြင်ပေးခြင်း၊ ပြိုကျပျက်စီးသွားသော စင်မြင့်ရေစင်များနှင့် ရေထွက်ရေကန်များ ပြန်လည်ပြုပြင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးပြေမပိသာချိန် ၇၂၀၀၀ ထိတင်ပို့နိုင်ခဲ့

ဘိုကလေး ဧပြီ ၉

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်း ငါးပြေမ ပိသာချိန် ၇၂၀၀၀ ထိတင်ပို့နိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးမြင့်က ပြောသည်။

ဘိုကလေးမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေး လုပ်ငန်းများသည် ဒေသထွက်ငါးအမျိုးမျိုးကို ရန်ကုန်ဈေးကွက်သို့ တင်ပို့လျက်ရှိပြီး ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ငါးပြေမပိသာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ငါးပြေမ ပိသာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသထွက် ငါးပြေမတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းတယ်။ ပြီးခဲ့တဲ့ မတ်လအတွင်း ငါးပြေမပိသာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရတယ်။ ပြီးခဲ့တဲ့ လတွေကထက် ပိသာချိန် တော်တော်များများ ပိုမို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့နယ်ကနေ ငါးပြေမတွေအပါအဝင် ရေထွက်ကုန်မျိုးစုံကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချတာ များပါတယ်။ အခြားရေထွက်ကုန်တွေလည်း တင်ပို့ရောင်းချနေပါတယ်။ ငါးပြေမကတော့အများဆုံးတင်ပို့ခဲ့ရတာပေါ့"ဟု ဘိုကလေးမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးမြင့်ကပြောသည်။

ဘိုကလေးမြို့နယ်တွင် လယ်ငါးပြေမနှင့် မွေးမြူရေး ငါးပြေမ နှစ်မျိုး အများဆုံးထွက်ရှိပြီး ထွက်ရှိသည့် ငါးပြေမများကို ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ငါးပြေမသည် ဈေးကွက် အခိုင်အမာရှိကြောင်း၊ အဆိုပါ ငါးပြေမပိသာချိန် ၁၀ လျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း




# ကံမမြို့နယ် အုပ်ဖိုကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး



ကံမ ဧပြီ ၉

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ငွေကြေးအရင်းအနှီးရရှိစေရန် ရည်ရွယ်၍ ကျွန်းကလေး ကျေးရွာအုပ်စု အုပ်ဖိုကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကံမမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိဦးမင်းကိုနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၃ ဒသမ ၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက အုပ်ဖိုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၁၃ ဒသမ ၀၅သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦးကို ငွေကျပ် ၂၆ ဒသမ ၂၁သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁ ဒသမ ၉၂ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၂ ဒသမ ၁၂သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၃ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နေဘ်လူး


ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ရေတ်သီး၊ ရေတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။











နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1)အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရန်အောင်မြင်ဆည်အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

**ရှေ့ဖုံးမှအဆက်**

မြို့နယ်အားကစားကွင်း၌ ယာယီဖွင့်လှစ်ကုသပေးလျက်ရှိသည့် ယာယီဆေးရုံရှိ လူနာများကို ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် တာဝန်ရှိသူများလိုက်ပါပြီး ငလျင်ဒဏ်ကြောင့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1) ပင်မအဆောက်အအုံ အဝင်မျက်နှာကြက် ထိခိုက်ပျက်စီးမှုများ၊ ကျောက်စိမ်းခန်းမ၊ ပတ္တမြားခန်းမ၊ မြခန်းမတို့ မျက်နှာကြက် ပျက်စီးမှုများနှင့် အစည်းအဝေးခန်းမများ၊ နံရံများ အနည်းငယ်ကွဲအက်နေမှုနှင့် ပျက်စီးမှုအချို့အား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်ဆည်သို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ကုန်းကြောတမံအက်ကွဲကြောင်းများကို ယာယီပြုပြင်ထားရှိမှု၊အက်ကွဲကြောင်းများအတွင်း သဲနှင့် မြေသားဖြည့်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် မြေသားစစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့အား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရန်အောင်မြင်ဆည်ဆိုင်ရာအချက်အလက်များနှင့် ဆည်တမံကြံ့ခိုင်မှုနှင့် ငလျင်ဒဏ်ကြောင့် အက်ကွဲကြောင်းများဖြစ်ပေါ်ခဲ့မှုတို့ကို ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်မှုရှိခဲ့သည့် ကုန်းကြောတမံအား ပြန်လည်ပြုခြင်းလုပ်ငန်းကို မိုးရာသီမတိုင်မီ ပြီးစီးအောင်ဆောင်ရွက်သွားရန်၊ ရေဝေရေလဲသစ်တောများကို စိမ်းစိုသည်ထိဆောင်ရွက်သွားရန်၊စိုက်ပျိုးထားသည့်သစ်ပင်များအား ရှင်သန်အောင် ပြုပြင်ထိန်းသိမ်းသွားရန်နှင့် အခြားလိုအပ်သည်များကိုလမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ မြို့နယ်အားကစားကွင်း၌ ယာယီဖွင့်လှစ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1)အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1)အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

ကုသပေးလျက်ရှိသည့်အမေရိကန်အခြေစိုက် Samaritan’s Purse Internation Relief Organization က ရွှေ့လျားဆေးရုံသို့ရောက်ရှိရာ ဆေးရုံတာဝန်ခံ Dr. Elliott Tenpenny က ဆေးရုံ၌ လူနာများခွဲစိတ်ကုသပေးနေမှုနှင့် ဆေးရုံဖွင့်လှစ်ထားရှိမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသရာ နိုင်ငံတော်ဝန်ကြီးချုပ်က ရွှေ့လျားဆေးရုံအတွင်း လိုက်လံကြည့်ရှုပြီး လူနာများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ယခုကဲ့သို့ မြန်မာနိုင်ငံသို့ လာရောက်ကူညီဆောင်ရွက်မှုအတွက် အမေရိကန်နိုင်ငံအစိုးရနှင့် အမေရိကန်ပြည်သူလူထုအားကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမေရိကန်ဆေးကုသရေးအဖွဲ့မှ တာဝန်ခံက မြန်မာနိုင်ငံသို့ မိမိတို့လာရောက်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအစိုးရအနေဖြင့် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာကိစ္စရပ်များကိုအဆင်ပြေချောမွေ့စွာဖြင့် ဆောင်ရွက်ပေးသည့်အတွက် မိမိတို့အနေဖြင့် လူနာများကုသရာတွင် ပိုမိုအဆင်ပြေသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါရွှေ့လျားဆေးရုံမှာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဆေးဝန်ထမ်းတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးနှင့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှပူးပေါင်း၍ ကွန်တိန်နာဘောက်များဖြင့် ဆောက်လုပ်ထားသည့် အရေးပေါ် ခေတ်မီရွှေ့လျားဆေးရုံဖြစ်ပြီး ပြင်ပလူနာဌာန၊ အရေးပေါ်ကုသမှုဌာန၊ ခွဲစိတ်ခန်း၊ ဆေးစတိုနှင့် ဓာတ်ခွဲခန်းတို့ပါဝင်ကြောင်း၊ လူနာဦးရေ ၆၀ ကို ကုသပေးနိုင်ရန်အတွက် ခုတင် ၆၀ ဆံ့ ယာယီဆေးရုံဖြစ်ကြောင်း၊ အဆိုပါယာယီဆေးရုံတွင် လူနာမျိုးစုံကို အခမဲ့ကုသပေးခြင်း၊ ခွဲစိတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါအဖွဲ့တွင် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ခွဲစိတ်ဆရာဝန်၊ အရိုးကုဆရာဝန်များ အပါအဝင် ပါရဂူနှင့် သူနာပြုများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အမေရိကန်ဆေးကုသရေးအဖွဲ့အနေဖြင့် ဧပြီ ၄ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီး ဧပြီ ၇ ရက်မှ စတင်ပြီးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ လူနာဦးရေ ၂၀ ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း၊ ဧပြီ ၁၀ ရက်တွင်လည်း အထူးကြပ်မတ်ဆောင်တစ်ဆောင်နှင့် ခွဲစိတ်ခန်း နှစ်ခန်းကို ထပ်မံဖွင့်လှစ်ပြီး ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရန်အောင်မြင်ဆည်နှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားစဉ်။

# မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် အင်အားပြင်းမန္တလေးမြေငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့်ပတ်သက်၍ ပြည်ပနိုင်ငံများမှ သမ္မတနှင့် နိုင်ငံတော်အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ ဆက်လက်ပေးပို့

**နေပြည်တော် ဧပြီ ၉**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အင်အားပြင်းမန္တလေးမြေငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် ဘရာဇီးဖယ်ဒရယ်သမ္မတနိုင်ငံသမ္မတ မစ္စတာ လူဝစ် အင်နာစီအို လူလာ ဒါ စီးလ်ဗားကလည်းကောင်း၊နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတဟောင်း မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီကလည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာ ပေးပို့သည်။

အဆိုပါသဝဏ်လွှာများတွင် မြန်မာနိုင်ငံ၌ မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့်ငလျင်ကြောင့် သေဆုံးသူများနှင့် ကျန်ရစ်သူမိသားစုဝင်များအတွက် ဝမ်းနည်းကြေကွဲရပါကြောင်း၊ သေဆုံးသူအရေအတွက် အများအပြားနှင့် သိသာထင်ရှားသောပျက်စီးဆုံးရှုံးမှုများအတွက် မိမိတို့အနေဖြင့် အထူးပင်ဝမ်းနည်းမိပါကြောင်း၊ ဤဝမ်းနည်းဖွယ်ဖြစ်ရပ်ကြောင့် ငလျင်ဘေးသင့်သူများအားလုံးသို့ အဆွေတော်မှတစ်ဆင့် မိမိ၏ စိတ်ခွန်အားကို ပေးလိုပါကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားရသူများအားလုံး အမြန်ဆုံးပြန်လည်ကျန်းမာပါစေကြောင်း စိတ်ရင်းစေတနာဖြင့် ဆန္ဒပြုအပ်ပါကြောင်း၊ ငလျင်ကြောင့် အသက်အိုးအိမ်များဆုံးရှုံး၍ ပစ္စည်းဥစ္စာများပျက်စီးခဲ့မှုအတွက် များစွာစိတ်မကောင်းဖြစ်ရပါကြောင်း၊ မြန်မာအစိုးရနှင့် ပြည်သူများအနေဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား အားသွန်ခွန်စိုက်ဖြင့် ကြိုးပမ်းအားထုတ်လုပ်ဆောင်နေမှုများနှင့် ပျက်စီးခဲ့သည့်အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်မှုများကို အမြန်ဆုံးအောင်မြင်စွာဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ဖော်ပြထားကြောင်း သတင်းရရှိသည်။ (၅၀၁)

---

**အဆွေတော်**

**ဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ**

ဘရာဇီးပြည်သူများနှင့် အစိုးရကိုယ်စား မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က ဖြစ်ပွားခဲ့သည့် ငလျင်ကြောင့် သေဆုံးသူများနှင့် ကျန်ရစ်သူမိသားစုများအား ဝမ်းနည်းကြေကွဲကြောင်း ဖော်ပြလိုပါသည်။

သေဆုံးသူအရေအတွက်အများအပြားနှင့် သိသာထင်ရှားသော ပျက်စီးဆုံးရှုံးမှုများအတွက် မိမိအနေဖြင့် အထူးပင်ဝမ်းနည်းမိပါသည်။ ဤဝမ်းနည်းဖွယ်ဖြစ်ရပ်ကြောင့် ငလျင်ဘေးသင့်သူများအားလုံးသို့ အဆွေတော်မှတစ်ဆင့် မိမိ၏ စိတ်ခွန်အားကို ပေးလိုပါသည်။

ချစ်ကြည်ရင်းနှီးသော မြန်မာနိုင်ငံနှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားရသူများအားလုံး အမြန်ဆုံး ပြန်လည်ကျန်းမာပါစေကြောင်း စိတ်ရင်းစေတနာဖြင့် ဆန္ဒပြုအပ်ပါသည်။

**မစ္စတာ လူဝစ် အင်နာစီအို လူလာ ဒါစီးလ်ဗား**
**သမ္မတ**
**ဘရာဇီးဖယ်ဒရယ်သမ္မတနိုင်ငံ**

---

**ရက်စွဲ၊ ၂၀၂၅ ခုနှစ် ဧပြီ ၇ ရက်**

**အဆွေတော်**

အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အပေါ် အခြေခံ၍ နီပေါနှင့် မြန်မာနိုင်ငံတို့သည် ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ထိန်းသိမ်းထားရှိပါသည်။ ၁၉၆၀ ပြည့်နှစ်တွင် တရားဝင်သံတမန်ဆက်သွယ်မှုကို ထူထောင်ပြီးချိန်မှစ၍ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့များ၏ ခရီးစဉ်များနှင့် အပြန်အလှန်သွားရောက်လည်ပတ်မှုများသည် မိမိတို့၏ နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာစေခဲ့ပါသည်။မိမိအနေဖြင့် နီပေါသမ္မတအဖြစ် တာဝန်ထမ်းဆောင်စဉ် မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ခဲ့မှုနှင့် ခရီးစဉ်အတွင်း မိမိတို့အပေါ် နွေးထွေးသည့် ဧည့်ဝတ်ပျူငှာမှုတို့ကို ကောင်းမွန်စွာပြန်ပြောင်းသတိရမိပါသည်။

ကမ္ဘာ့ငြိမ်းချမ်းရေး၊ သနားကြင်နာမှုနှင့် ချစ်ခင်ရင်းနှီးမှုတို့၏ ရှေ့ဆောင်လမ်းပြ ဂေါတမဗုဒ္ဓ၏ သင်ကြားပြသမှုတို့ဖြင့် မိမိတို့နှစ်နိုင်ငံပြည်သူများအနေဖြင့် နီးကပ်သည့် လူမှုယဉ်ကျေးမှုဆက်ဆံရေးကို ထိန်းသိမ်းထားရှိလျက်ရှိပြီး မိမိတို့အကြား ပျော်ရွှင်မှုများနှင့် ဝမ်းနည်းဖွယ်များကို မျှဝေရာတွင် အထောက်အကူပြုလျက်ရှိပါသည်။

မြန်မာနိုင်ငံ၌ မတ် ၂၈ ရက်တွင် ပြင်းအား ၇ ဒသမ ၇ မဂ္ဂနီကျူ့ရှိ ပျက်စီးဆုံးရှုံးမှုများပြားသည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်အိုးအိမ်ဆုံးရှုံး၍ ပစ္စည်းဥစ္စာများပျက်စီးမှုများအတွက် များစွာစိတ်မကောင်းဖြစ်ရပါသည်။ ဘေးအန္တရာယ်ကြောင့် ထိတ်လန့်တုန်လှုပ်ဖွယ်ဓာတ်ပုံများကို သတင်းမီဒီယာများနှင့် လူမှုဆက်သွယ်ရေးကွန်ရက်များကတစ်ဆင့် တွေ့မြင်ရသည့်အတွက် မိမိအနေဖြင့် ကြေကွဲဝမ်းနည်းရပါသည်။

အဆိုပါသဘာဝဘေးအန္တရာယ်ကြောင့် ဝမ်းနည်းပူဆွေးရသည့်အချိန်တွင် အဆွေတော် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှတစ်ဆင့် မြန်မာအစိုးရနှင့် ပြည်သူများထံသို့ မိမိအနေဖြင့် များစွာဝမ်းနည်းကြောင်း ပြောကြားလိုပါသည်။ ငလျင်ကြောင့် တန်ဖိုးရှိသည့်အသက်အိုးအိမ်များ ဆုံးရှုံးခဲ့ရသူများအတွက် မိမိက ဝမ်းနည်းရပါကြောင်းနှင့် ဒဏ်ရာရရှိသူများ အမြန်ဆုံးသက်သာပျောက်ကင်းပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

နီပေါနိုင်ငံအနေဖြင့် လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုဖြစ်သည့် ၂၀၁၅ ခုနှစ် အလားတူ ငလျင်ဘေးနှင့် တွေ့ကြုံခံစားခဲ့ရပါသည်။ အဆိုပါဘေးအန္တရာယ်ကြောင့် နီပေါပြည်သူဦးရေ ၁၀၀၀၀ ကျော်အသက်ဆုံးရှုံးခဲ့ပြီး သမိုင်းဝင်နှင့် ယဉ်ကျေးမှုအမွေအနှစ်နေရာများ၊ အစိုးရရုံးဌာနများနှင့် ပြည်သူများ၏ နေအိမ်များ အပါအဝင် အဆောက်အအုံ ၅၀၀၀၀၀ ကျော် ပျက်စီးခဲ့ပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ ခံစားနေရသည့် နာကျင်မှုကို မိမိတို့အနေဖြင့် များစွာစာနာထောက်ထားဖြစ်မိပါသည်။

မြန်မာအစိုးရနှင့် ပြည်သူများအနေဖြင့် ကယ်တင်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ကြိုးပမ်းအားထုတ်မှုများနှင့် ပျက်စီးသွားသည့် အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်မှုများကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါသည်။

ကျေးဇူးတင်ပါသည်။

**ဘီဒီယာ ဒေဗီ ဘန်ဒါရီ**

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

---

# တရုတ်နိုင်ငံမှ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ ပြန်လည်ထွက်ခွာ

**နေပြည်တော် ဧပြီ ၉**

မြန်မာနိုင်ငံသို့ ရောက်ရှိနေကြသော တရုတ်နိုင်ငံမှ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့များသည် ၎င်းတို့လုပ်ငန်းတာဝန်များပြီးဆုံးသဖြင့် တရုတ်နိုင်ငံမှ Y-20 အမျိုးအစားလေယာဉ်လေးစင်းဖြင့် နေပြည်တော်ရှိ တပ်မတော်လေဆိပ်မှ တရုတ်နိုင်ငံသို့ ယနေ့နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာကြသည်။

အဆိုပါအဖွဲ့များကိုအမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါအဖွဲ့တွင် China International Search and Rescue Team (CISAR) (Beijing)၊ Chinese Blue Sky Search and Rescue နှင့် Hong Kong China Search and Rescue Team တို့ ပါဝင်ပြီး မြန်မာနိုင်ငံသို့ အစောဆုံးနှင့် ပထမဆုံးရောက်ရှိလာသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များဖြစ်သည်။ အဆိုပါအဖွဲ့များသည် နေပြည်တော်ကောင်စီနယ်မြေနှင့် မန္တလေးမြို့တို့၌ အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့်ဆေးကုသရေးလုပ်ငန်းများကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံလုပ်အားပေးပြည်သူများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ တရုတ်နိုင်ငံရှာဖွေကယ်ဆယ်ရေးအဖွဲ့များအနေဖြင့် နေပြည်တော်နှင့် မန္တလေးမြို့တို့၌ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို လူသားချင်းစာနာထောက်ထားမှုစိတ်ထားဖြင့် နေ့၊ ညမပြတ် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အသက်ရှင်သူ လေးဦး၊ သေဆုံးသူ ၆၄ ဦး တို့ကို ရှာဖွေထုတ်ယူပေးနိုင်ခဲ့ပြီး သက်ဆိုင်ရာမိသားစုများထံ အပ်နှံပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် တာဝန်ရှိသူများက တရုတ်နိုင်ငံမှ အရေးပေါ်ရှာဖွေကယ်ဆယ်ရေး အဖွဲ့များကို ပို့ဆောင်နှုတ်ဆက်ကြစဉ်။

# လျင်ဘေးသင့် ပြည်သူများကို ကူညီပံ့ပိုးပေးနိုင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များဆွေးနွေး



**နေပြည်တော် မေ ၉**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူး ကိုယ်စားလှယ် Ms. Julie Bishop အား ယနေ့နံနက် ၁၀နာရီခွဲတွင် နိုင်ငံခြားရေး ဝန်ကြီးဌာန နေပြည်တော်၌ လက်ခံ တွေ့ဆုံ ခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ငလျင်ဘေးသင့် ပြည်သူများကို ကူညီပံ့ပိုးပေးနိုင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးကြိုးပမ်းဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ အကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များအပေါ် နှစ်ဖက်အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။ အထူး ကိုယ်စားလှယ်ကလည်း မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် မန္တလေးမြေလျင်ကြီးကြောင့် အသက်အိုးအိမ်စည်းစိမ်ပျက်စီးဆုံးရှုံးမှုများအတွက် ဝမ်းနည်းပါကြောင်းနှင့် စာနာထောက်ထားမိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် ငလျင်ဒဏ်သင့် ဝန်ထမ်းမိသားစုများကို တွေ့ဆုံထောက်ပံ့ အားပေးစကား ပြောကြား

**နေပြည်တော် မေ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်သည် တာဝန် ရှိသူများလိုက်ပါလျက် ယနေ့ညနေပိုင်း တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ငလျင်ဒဏ်သင့် ဝန်ထမ်းမိသားစုများကို တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ဆေးဝါးများ၊ တာပေါ်လင်မိုးကာစများ၊ သောက်ရေသန့်များ၊ စားသောက်ဖွယ်ရာ များနှင့် ထောက်ပံ့ငွေများပေးအပ်၍ လိုအပ်သည့် အုပ်ချုပ်မှုကိစ္စများကို ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**



# တရုတ်နိုင်ငံမှ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများ၊ ဆေးဝါးများ ထပ်မံရောက်ရှိ

**နေပြည်တော် မေ ၉**

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင် ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှု များကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် အပြင် နိုင်ငံတကာမှလည်း လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီ များပေးလျက်ရှိရာ သက်ဆိုင်ရာနိုင်ငံ များအလိုက် ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများသည် မြန်မာနိုင်ငံသို့ နေ့ရက်အလိုက်ရောက်ရှိ ကြသည်။



တရုတ်နိုင်ငံမှ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်း များနှင့် ဆေးဝါးများ စုစုပေါင်းပစ္စည်းတန် ချိန် ၁၀၄ တန် တင်ဆောင်လာသော Y-20 အမျိုးအစားလေယာဉ် လေးစင်းတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ရောက်ရှိကြသည်။ အဆိုပါပစ္စည်းများကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးယာယီတာဝန်ခံMs.Cao Jing က လွှဲပြောင်းပေးအပ်ရာ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးကျော်ထွန်း နှင့်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသိန်း တို့က လက်ခံခဲ့ကြသည်။

အလားတူ တရုတ်ပြည်သူ့သမ္မတ နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အကူအညီပစ္စည်းများဖြစ်သည့် ရွက်ဖျင်တဲ၊ မိုးကာစ၊ အိပ်ရာခင်း၊ ခြင် ထောင်နှင့် စားသောက်ကုန်များ စုစုပေါင်း ၆၂၇၂၇ Kg တင်ဆောင်လာသည့် Air China လေကြောင်းမှ လေယာဉ်သည် ယနေ့မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ထပ်မံရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသ ကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသ ကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ Minister Counsellor ဖြစ်သူ Mr. Jia Junjie နှင့် တာဝန်ရှိသူ များက လက်ခံကြိုဆိုခဲ့ကြသည်။

အဆိုပါရောက်ရှိလာသည့် ကယ်ဆယ် ရေးပစ္စည်းများကို တပ်မတော်သားများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ ဝန်ထမ်းများ၊ ပြည်တွင်း ကုန်တင်ကုန်ချလုပ်သားများက သက်ဆိုင် ရာ မော်တော်ယာဉ်များပေါ်သို့တင်ဆောင် ပြီး ငလျင်ဘေးသင့်ဒေသများသို့ ရန်ကုန် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှု ဖြင့် နေပြည်တော်သို့ ဆက်လက်ပို့ဆောင် ခဲ့ကြောင်း သိရသည်။ (၅၀၁)

**တရုတ်နိုင်ငံမှ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ ထပ်မံရောက်ရှိစဉ်။**

# သထုံ-မြိုင်ကလေးလမ်းပိုင်းနှင့် မော်လမြိုင်-ရေးလမ်းပိုင်းများတွင် ကုန်ရထားများနှင့် ပျဉ်းမနား-တောင်တွင်းကြီး-ပျဉ်းမနားလမ်းပိုင်းတွင် လူစီးကုန်တင်ရထားများ ပြန်လည်ပြေးဆွဲမည်

**နေပြည်တော် မေ ၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ခရီးသွားပြည်သူများ အဆင်ပြေစွာခရီး သွားလာနိုင်ရေးနှင့် ကုန်စည်များအဆင် ပြေစွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် လမ်းပိုင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ကို ဆောင်ရွက်လျက်ရာတွင် သထုံ- မြိုင်ကလေးလမ်းပိုင်းနှင့် မော်လမြိုင်-ရေး လမ်းပိုင်းများတွင် ရထားလမ်းနှင့် တံတား များ ကြံ့ခိုင်မှုအားနည်း၍ ပြန်လည်အဆင့် မြှင့်တင်နိုင်ရန် သထုံ-မြိုင်ကလေးလမ်း ပိုင်းနှင့် မော်လမြိုင်-ရေးလမ်းပိုင်းများကို ယာယီရပ်နားခဲ့ရသည်။

သထုံ-မြိုင်ကလေးလမ်းပိုင်းတွင် သထုံ လေးတိုင်ထိ လမ်းပိုင်းကိုအဆင့်မြှင့်တင် ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးခဲ့၍ မတ် ၂၀ ရက်မှစ၍ ကုန်ရထားများစတင်ပြေးဆွဲ ခဲ့ပြီးဖြစ်သည်။ယခုအခါ မော်လမြိုင်-ရေး လမ်းပိုင်းတွင် မော်လမြိုင်မှ သံဖြူဇရပ်ထိ ရထားလမ်းနှင့်တံတားများအဆင့်မြှင့်တင် ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ် ၍ မေ ၁၀ ရက်မှစ၍ ကုန်ရထားများ စတင်ပြေးဆွဲသွားမည်ဖြစ်သည်။

ထို့အတူ ပျဉ်းမနား-တောင်တွင်းကြီး လမ်းပိုင်းတွင်လည်း မတ် ၂၈ ရက်တွင် ပြင်းထန်သော မြေလျင်လှုပ်ခတ်မှု ကြောင့် ပျဉ်းမနားဘူတာမှ ကံသာဘူတာ ကြား ရထားလမ်းပိုင်းအချို့နှင့် တံတား နှစ်စင်း ပျက်စီးခဲ့ရသဖြင့် ရထားပြေးဆွဲမှု များကို ယာယီရပ်နားခဲ့ရသည်။ ယခုအခါ အဆိုပါပျက်စီးမှုများကို လူအင်အား၊ စက် ယန္တရားအင်အားများဖြင့် ပြန်လည်ပြုပြင် ဆောင်ရွက်ခဲ့ရာ ရထားလမ်းပြန်လည် အသုံးပြုနိုင်ပြီဖြစ်၍ အမှတ်(၁၀၃) အဆန်၊ အမှတ်(၁၀၄)အစုန် ပျဉ်းမနား-တောင်တွင်း ကြီး-ပျဉ်းမနားလူစီးကုန်တင်ရထားများကို မေ ၁၀ ရက် မှစ၍ ပုံမှန်အတိုင်းပြန်လည် ပြေးဆွဲသွားမည်ဖြစ်ကြောင်း မြန်မာ့ မီးရထားမှ သိရသည်။ **(သတင်းစဉ်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

☆ ကျောဖုံးမှအဆက်

အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့်စစ်ကိုင်းမြို့ပေါ်ရှိ နေအိမ်တိုက်တာများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများကလည်းကောင်း၊စစ်ကိုင်းမြို့ စီတီးရပ်ကွက်ရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်၊စစ်ကိုင်းမြို့ ပန်းပဲတန်းရပ်ကွက်ရှိ ရတနာဆင်များရှင်စေတီ၊ သာသနိကအဆောက်အအုံများ၊ အရန်စေတီများ၊ ချင်းစုရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ တကောင်းရပ်ကွက်ရှိ မဟာစေတီကြီးဘုရားနှင့်စစ်ကိုင်းမြို့ သောတပန်းရပ်ကွက် သံပုဏ္ဏာရာမကျောင်းတိုက်တို့ကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများကလည်းကောင်း သွားရောက်ကြည့်ရှု၍ ပြိုကျပျက်စီးခဲ့သည့်အပျက်အစီးများကို ဖယ်ရှားရှင်းလင်းနေမှုများနှင့် စစ်ကိုင်းမြို့ပေါ်ရှိ ငလျင်ဒဏ်သင့်ပြည်သူများ သောက်သုံးရေ အဆင်ပြေစေရေးအတွက် တပ်မတော်ရေသန့်စက်ရုံမှ ဧရာဝတီမြစ်ရေကို သန့်စင်၍ သောက်သုံးရေဖြန့်ဝေနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ပြုပြင်တည်ဆောက်ရေးနိုင်ရေးတို့အတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ အေးမြဝတီရပ်ကွက်ရှိ အထွေထွေရောဂါကုဆေးရုံ(ခုတင်-၂၀၀)သို့ သွားရောက်၍ ဆေးကုသမှုခံယူလျက်ရှိသော ရဟန်းရှင်လူများပြည်သူများကို တွေ့ဆုံအားပေးပြီး ဆေးရုံရှိ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့သို့ ရောက်ရှိနေသော အိန္ဒိယနိုင်ငံမှ Colonel RAKESH KADEKHAR ဦးဆောင်သော ဆောက်လုပ်ရေးအင်ဂျင်နီယာအဖွဲ့များကို သွားရောက်တွေ့ဆုံ၍ စစ်ကိုင်းတံတား (အင်း၀) ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများကိုလည်းကောင်း၊ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော Sky Villa၊ မန္တလေးတောင်တော်ရှိ တန်ဆောင်းများ၊ အရန်စေတီများနှင့် ခတ်လှေကားနေရာများ၊ စန္ဒာမုနိဘုရား၊ ကုသိုလ်တော်ဘုရား၊ အတုမရှိရွှေကျောင်းနှင့် မန္တလေးမြို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သောနေရာများနှင့် မြို့တွင်းလမ်းမကြီးများသို့လည်းကောင်း သွားရောက်ကြည့်ရှု၍ ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့ပြင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ချမ်းအေးသာစံမြို့နယ်ရှိ ချမ်းသာရာဘုရားကြီး၊ အမရပူရမြို့နယ် ဆင်ဖြူမယ်ကျောင်းတိုက်၊ ချမ်းမြသာစည်မြို့နယ် တပ်မတော်စည်သွတ်စက်ရုံနန်းမြို့ရိုးနေရာများ၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ပေါ်စေတီ၊ ကျောက်သေတ္တာစေတီတောင်ပေါ်ရှိ ကျောက်သေတ္တာကြီး တည်ရှိမှုအခြေအနေ၊ ကြောင်ပန်းကုန်းအတွင်းရှိ သမိုင်းဝင် တမုတ်ရှင်ပင်ရွှေဂူဘုရားကြီးကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အပျက်အစီးများဖယ်ရှားရှင်းလင်းရေးနှင့် ပြန်လည် တည်ဆောက်ရေးတို့အတွက် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက်ကျောက်ဆည်မြို့ပြည်သူ့ဆေးရုံရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကိုကြည့်ရှုအားပေးပြီး ထောက်ပံ့ပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်သည်။ ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်နှင့် မြစ်သားမြို့နယ်တို့မှ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် လမ်း၊တံတား၊အဆောက်အအုံများ အမြန်ဆုံးပြန်လည်တည်ဆောက်မည့်အခြေအနေများကို ဆွေးနွေးညှိနှိုင်းကြသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ပုဗ္ဗသီရိမြို့နယ်၊ဇမ္ဗူသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့ရှိ ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊စစ်မှုထမ်းဟောင်းအိမ်ရာများနှင့်ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးပြီး ဒဏ်ရာရရှိကြသည့် ဒေသခံပြည်သူများအား ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်ပြည်သူများကလည်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေသူများနှင့် ငလျင်ဒဏ်သင့်ပြည်သူများကို စားသောက်ရေးအဆင်ပြေစေရေးအတွက် စားသောက်ဖွယ်ရာများ၊ သောက်ရေသန့်များ၊ သောက်သုံးရေများ၊အသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းတို့ကို ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ ပန်းပဲတန်းရပ်ကွက်ရှိ ရတနာဆင်များရှင်စေတီ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေးစကားပြောကြားစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော Sky Villa တွင် နိုင်ငံတကာရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေမှုများအား ကြည့်ရှုအားပေးစဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၂၄-၂၀၂၅ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၂၄-၂၀၂၅ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးပြုလုပ်

**နေပြည်တော် ဧပြီ ၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ ၂၀၂၄-၂၀၂၅ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ နှစ်ပတ်လည် အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ (ဥဝ၁)

# သောက်သုံးရေရှားပါးမှုများ ကြုံတွေ့နေရသည့် ဒလမြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်း

**နေပြည်တော် ဧပြီ ၉**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးမှုကြုံတွေ့နေရသည့် မှော်စက်ရပ်ကွက်ရှိ အိမ်ထောင်စု ၂၂၆ စု၊ ကမာကဆစ်ရပ်ကွက်ရှိ အိမ်ထောင်စု ၃၁၂ စု၊ ကျန်စစ်သားရပ်ကွက်ရှိ အိမ်ထောင်စု ၄၅၈ စုနှင့် ဗညားဒလရပ်ကွက်၊ နန်းဦးပရိယတ္တိစာသင်တိုက်၌ သီတင်းသုံးနေထိုင်တော်မူသော သံဃာတော် အပါး ၁၅၀ တို့အတွက် သောက်သုံးရေအဆင်ပြေစေရေးအတွက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် ဒလတပ်နယ်မှ နယ်မြေခံတပ်မတော်သားများက နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ ၄၃ မီတာရေ သယ်ယာဉ်ဖြင့် သောက်သုံးရေ စုစုပေါင်း ဂါလန် ၅၀၀၀၀ ကို သွားရောက်ဖြန့်ဝေလှူဒါန်းပေးသည်။

ထို့သို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် ဒလတပ်နယ်မှတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(ဥဝ၁)



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ဒေသခံပြည်သူများအား သောက်သုံးရေဖြန့်ဝေလှူဒါန်းနေမှုကို ဒလတပ်နယ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

# တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ပြည်သူ့စစ်(ဥာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ၊ စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် ဧပြီ ၉**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်ရှိ ပြည့်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်က ကော့သောင်းတပ်နယ်ရှိ အောင်သူရခန်းမ၌ သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများပေးအပ်ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အလားတူ မြိတ်မြို့၊ ထားဝယ်မြို့နှင့် ဘုတ်ပြင်းမြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိများက သက်ဆိုင်ရာတပ်နယ်များရှိခန်းမအသီးသီး၌ သွားရောက်တွေ့ဆုံပြီး ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (ဥဝ၁)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ဆီနှင့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ၂၀၂၅ ခုနှစ် ဧပြီ ၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၆၁၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအတွက် အသိပေးကြေညာချက်

၁။ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့်အခြားပြည်ပနိုင်ငံများမှ ခွင့်ဖြင့်ဝင်ရောက်လာပြီး ပြန်လည်ထွက်ခွာမည့်သူများကိုလည်းကောင်း၊ မိမိအစီအစဉ် ကျွမ်းကျင်လုပ်သားအဖြစ်လည်းကောင်း၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကိုလည်းကောင်း ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် မတ်လတွင် လုပ်သား ၃၂၆၄ ဦးနှင့် ၁-၄-၂၀၂၅ ရက်နေ့တွင် ၅၉ ဦးတို့ကို ခွင့်ပြုပေးခဲ့ပါသည်။

၂။ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အဆောက်အအုံနှင့် ရုံးခန်းများ ထိခိုက်ပျက်စီးခဲ့သော်လည်း ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကို သွားရောက်အလုပ်လုပ်ကိုင်မည့် အမျိုးအစားအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် SOP များနှင့်အညီ ၁-၄-၂၀၂၅ ရက်နေ့မှစ၍ စိစစ်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် အီသီယိုးပီးယားနိုင်ငံသားတစ်ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့



**နေပြည်တော် ဧပြီ ၉**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကို ထိထိရောက်ရောက် နှိမ်နင်းဆောင်ရွက်လျက်ရှိရာ မြဝတီမြို့-ရွှေကုက္ကိုလ် KK Park နယ်မြေသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေသည့် အီသီယိုးပီးယားနိုင်ငံသား တစ်ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။

ထိုသို့ စစ်ဆေးဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ပြည်နှင်လွှဲပြောင်းပေးမည့်ပြည်ပနိုင်ငံသားများကို ကောင်းမွန်စွာထိန်းသိမ်းထားရှိမှုနှင့် ထပ်မံစစ်ဆေးထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသား၏ ကိုယ်ရေးအချက်အလက်များနှင့်မှတ်တမ်းများစာရင်းကောက်ယူနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာများအား လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ယနေ့ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၇၄၀ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၂၃၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၁၅၀၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်မှ ယနေ့ထိ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့်ပြည်ပနိုင်ငံသား ဦးရေ ၈၇၄၀ သည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊မလေးရှား၊ပါကစ္စတန်၊အိန္ဒိယ၊ ယူဂန်ဒါ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ သီရိလင်္ကာ၊ တောင်အာဖရိက၊ တူနီးရှား၊ အယ်လ်ဂျီးရီးယား၊ ကွန်ဂို၊ ကင်မရွန်း၊ ဥဇဘက်ကစ္စတန်၊ နိုင်ဂျီးရီးယား၊ ကာဂျစ်စတန်၊နမီးဘီးယား၊မာဒါဂတ်စကား၊ရိုမေးနီးယား၊လိုက်ဘေးရီးယား၊ရုရှား၊ ဖိလစ်ပိုင်နှင့် တရုတ်(တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သတင်းရရှိသည်။ (မဝလ)

# သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သော ဘိလပ်မြေများကို စက်ရုံအထိုင်ဈေးဖြင့် ရောင်းချ

**နေပြည်တော် ဧပြီ ၉**

သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သောဘိလပ်မြေများကို ဘိလပ်မြေစက်ရုံ(မြိုင်ကလေး)နှင့် ဘိလပ်မြေစက်ရုံ(ပြည်ညောင်)တို့မှ စက်ရုံအထိုင်ဈေးဖြင့် ငလျင်ဘေးဒဏ်သင့်ဒေသများဖြစ်သော မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့များသို့ရောင်းချပေးမည်ဖြစ်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့များကမှာယူသည့် ဘိလပ်မြေတန်ချိန် ၅၁၀၀ ကျော်ကို ဧပြီ ၈ ရက်မှစတင်ပြီး သက်ဆိုင်ရာ ဘိလပ်မြေစက်ရုံများမှ အထူးအစီအစဉ်ဖြင့် ပို့ဆောင်လျက်ရှိကြောင်းနှင့် အလားတူ ပြည်တွင်းရှိ အခြားဘိလပ်မြေစက်ရုံများမှလည်း ရောင်းချပေးရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

**( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ငလျင်အန္တရာယ်ကို စည်းလုံးညီညွတ်စွာကျော်ဖြတ်ပါ

ဇင်မင်းစိုး(ဗိုလ်ကလေး)

ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာမြေကြီးကို အဓိက အလွှာကြီး ၄ လွှာဖြင့် ဖွဲ့စည်းထားသည်။ ၎င်းတို့မှာ (၁) အတွင်းအူတိုင်၊ (၂) အပြင်အူတိုင်၊ (၃) အကာ၊ (၄) အခွံလွှာဟူ၍ဖြစ်သည်။ ကမ္ဘာ့အပေါ်ယံရှိ အခွံလွှာ၏အပိုင်းများကို ကျောက်ထုလွှာဟုခေါ်ပြီး အဆိုပါ ကျောက်ထုလွှာအချင်းချင်းပွတ်တိုက်မိခြင်းကို ငလျင်လှုပ်ခြင်းဟုခေါ်ဆိုကာ ငလျင်များသည် ကျောက်ထုလွှာများ တစ်ခုနှင့်တစ်ခုဆုံရာနေရာများတွင် ဗဟိုပြု၍ လှုပ်ခတ်လေ့ရှိကြောင်း မှတ်သားရသည်။

သာမန်အားဖြင့် ငလျင်လှုပ်တတ်သောမြေကြောကို ငလျင်ကြောဟုခေါ်ဆိုသည့်အပြင် ဘူမိဗေဒဝေါဟာရအားဖြင့် ၎င်းငလျင်ကြောကို ငလျင်ရပ်ဝန်းဟုလည်းခေါ်သည်။ ကမ္ဘာပေါ်တွင် အဓိကအားဖြင့် ငလျင်ရပ်ဝန်းကြီး နှစ်ခုတည်ရှိပြီး ပစိဖိတ်ကမ်းရိုးတန်းတစ်လျှောက် ပစိဖိတ်အနားပတ်လည်ရပ်ဝန်းနှင့် မြေထဲပင်လယ်ဒေသမှစတင်၍ အင်ဒိုနီးရှားကျွန်းစုများထိ သွယ်တန်းနေသော အယ်လ်ပိုက်ရပ်ဝန်းတို့ဖြစ်သည်။ မြန်မာနိုင်ငံသည် အယ်လ်ပိုက်ငလျင်ရပ်ဝန်း၌ ကျရောက်နေသည်။

ငလျင်များ၏ အရွယ်အစားသည် ထိုငလျင်ကိုဖြစ်ပေါ်စေသည့် ပြတ်ရွေ့ကြောအရွယ်အစားနှင့် ပြတ်ရွေ့ကြော၏ ရွေ့လျားသည့်နှုန်းအပေါ်တွင် မူတည်လေသည်။ သို့ရာတွင် ပြတ်ရွေ့ကြောများသည် ကမ္ဘာ့မြေမျက်နှာပြင်အောက် နက်ရှိုင်းသောနေရာတွင် တည်ရှိကြသည့်အတွက် သိပ္ပံပညာရှင်များက ထိုပြတ်ရွေ့ကြောများကို တိုက်ရိုက်တိုင်းတာနိုင်ခြင်း မရှိပေ။ အခြားနည်းဖြစ်သော ငလျင်တိုင်းတာရေးစက် ဆီစ်မိုဂရမ် (Seismogram) ပေါ်မှတိုင်းတာရရှိသည့် ကမ္ဘာ့မျက်နှာပြင် လှုပ်ရှားသွားသောနှုန်းကို ကြည့်ပြီးတိုင်းတာကြလေသည်။ ထိုသို့ တိုင်းတာရာတွင် ငလျင်များ၏အရွယ်အစားကို ရစ်ချ်တာစကေး (Richter Scale) ဖြင့် တိုင်းတာကြလေသည်။

မြန်မာနိုင်ငံ၏ အလယ်မှဖြတ်ပြီး တည်ရှိသော စစ်ကိုင်းပြတ်ရွေ့ကြောသည် အဓိကပြတ်ရွေ့တစ်ခုဖြစ်သည်။ လွန်ခဲ့သော နှစ်သန်းပေါင်း ၁၄၀ ခန့်မှစတင်ကာ အိန္ဒိယမြေလွှာချပ်သည် မြောက်ဘက်ရှိ ယူရေးရှားမြေလွှာချပ်ဆီသို့ တစ်နှစ်လျှင် ၃၅ မီလီမီတာခန့် ယနေ့ထိတိုင် ရွေ့လျားနေဆဲဖြစ်သည်။

ဟိမဝန္တာတောင်တန်းများနှင့် တိဗက်ကုန်းမြင့်ဒေသများသည် ထိုမြေလွှာချပ်နှစ်ခုတိုက်မိရာမှ အပေါ်ဘက်သို့ တိုးထွက်လာခြင်းဖြစ်ပြီး စစ်ကိုင်းပြတ်ရွေ့ကြောသည် ထိုရွေ့လျားမှု၏အကျိုးဆက်တစ်ခုဖြစ်သည်။ စစ်ကိုင်းပြတ်ရွေ့ကြောသည် ဆွန်းဒါးကျောက်ထုလွှာနှင့် အိန္ဒိယကျောက်ထုလွှာကြားတွင်ဖြစ်ပေါ်တည်ရှိနေသည့် ပြတ်ရွေ့ကြောဖြစ်ပြီး မန္တလေး၊ ရမည်းသင်း၊ ပျဉ်းမနား၊ နေပြည်တော်၊ တောင်ငူနှင့် ပဲခူးတို့ကို ဖြတ်သန်းတည်ရှိကာ အရှည်အားဖြင့် ၁၂၀၀ ကီလိုမီတာရှိသည်။

သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သည့် ငလျင်လှုပ်ခြင်းသည် သိပ္ပံပညာရှင်များပင် ကြိုတင်မခန့်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်ရာ ငလျင်နှင့်သက်ဆိုင်သော ကောလာဟလသတင်းများကို မယုံကြည်ကြရန် အလွန်အရေးကြီးပါသည်။

ငလျင်လှုပ်ခြင်း ပြင်းအားပေါ်မူတည်၍ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခြင်းရှိသည်ဖြစ်ရာ လျော့ပါးစေရေးအတွက် ထိခိုက်မှုများနည်းပါးအောင် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို သတိပြု၍ ပြုလုပ်ထားသင့်သည်။ လေးလံသောပစ္စည်းများကို အမြင့်တွင် မထားရန်နှင့် မှန်ပြတင်း၊ တံခါးများအနီးတွင် အိပ်စက်ခြင်းမပြုရန် အထူးလိုအပ်လှသည်။ အိမ်၏ပြင်ဆင်ရန်လိုအပ်သောနေရာများကို အပိုင်းအလိုက် ပြုပြင်ခိုင်ခံ့အောင် ပြုလုပ်ထားသင့်သည်။ လျှပ်စစ်မီးအိမ်၊ ဖယောင်းတိုင်၊ ဆေးသေတ္တာနှင့် အခြားအရေးပေါ်ပစ္စည်းများကို အသင့်ဆောင်ထားရမည်ဖြစ်သည်။ ငလျင်အန္တရာယ် ဓာတ်တိုက်လေ့ကျင့်မှုများနှင့် အခြားဘေးဒုက္ခဆိုင်ရာပညာပေးပြန်ကြားမှုအစီအစဉ်များကို ဆောင်ရွက်ပေးရမည်ဖြစ်သည်။

မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုန်တွင်ကျရောက်သည်၊ မည်ကဲ့သို့ပြင်ဆင်ထားသင့်သည်ကို ကြိုတင်လေ့လာထားရမည်ဖြစ်သည်။

ငလျင်လှုပ်နေစဉ် ဆောင်ရွက်ရန်အချက်များမှာ

(က) ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်၊ သတိရှိပါ၊ တည်ငြိမ်မှုရှိရန်။

(ခ) ငလျင်လှုပ်နေစဉ် ငါးစက္ကန့်အတွင်း အဆောက်အအုံအပြင်သို့ရောက်နိုင်ပါက ပြေးထွက်ပါ။ မထွက်နိုင်ပါက ဘေးကင်းသောနေရာတွင် ("ဝပ်၊ ကာ၊ ကိုင်")ပုံစံဖြင့် နေထိုင်ရမည်ဖြစ်သည်။

(ဂ) လယ်ကွင်း၊ ကွင်းပြင် သို့မဟုတ် ဘေးကင်းရာသို့ပြေးပါ။ မြင့်မားသော အဆောက်အအုံများ၊ လျှပ်စစ်မီးကြိုးနှင့် ဓာတ်တိုင်များ၊ သစ်ပင်များအောက်တွင်မနေပါနှင့်။ လွန်စွာအန္တရာယ်ကြီးမားလှပါသည်။

(ဃ) ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သဖြင့် ကမ်းခြေ၊ မြစ်ကမ်းစပ်တို့တွင် နေထိုင်ခြင်းမပြုသင့်ပေ။ ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။

(င) မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးငြိမ်းပါ။ မီးခလုတ်များကိုပိတ်ပါ။

ငလျင်လှုပ်နေစဉ် အောက်ပါတို့ကို ရှောင်ရှားသင့်ပါသည်။

(က) အဆောက်အအုံထဲသို့ ပြေးဝင်ခြင်း။

(ခ) ဓာတ်လှေကားများ အသုံးပြုခြင်း။

(ဂ) အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်း။

(ဃ) ဆည်၊ ရေလှောင်ကန်များအနီးတွင်နေထိုင်ခြင်း စသည်တို့ဖြစ်သည်။

ငလျင်ကြီးများ လှုပ်ခတ်ပြီးပါက နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ခတ်နိုင်ပါသဖြင့် သက်ဆိုင်ရာ ညွှန်ကြားချက် အတိုင်း နေထိုင်ကြရန် လိုအပ်သည်။ ကောလာဟလသတင်းများကို မယုံကြည်ကြရန်နှင့် သက်ဆိုင်ရာဌာနများမှ ထုတ်ပြန်ကြေညာထားသော သတင်းများ၊ အကြံပြုချက်များကို လိုက်နာ၍ အခြားသူများကို မျှဝေပေးရန် လိုအပ်သည်။

မိသားစုဝင်များပျောက်ဆုံးမှုရှိပါက သက်ဆိုင်ရာသို့ အမြန်ဆုံးအကြောင်းကြားပြီး ထိခိုက်ဒဏ်ရာရရှိပါက လိုအပ်သောဆေးကုသမှုများကို စနစ်တကျခံယူရန်လိုအပ်သည်။

**❖မန္တလေးမြေငလျင်ကြီးကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးခဲ့ရမှုများအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်မှုအားဖြင့် ယခုသဘာဝဘေးဒဏ်ကို စိတ်ဓာတ်ခိုင်မာမှု၊ အပြန်အလှန်ဖေးမကူညီမှုများဖြင့် လက်တွဲရင်ဆိုင်ကျော်ဖြတ်ကြရမည်ဖြစ်သည်။ တိုင်းရင်းသားပြည်သူများ သဘာဝဘေးဒဏ်များကြုံဆုံရပါက ကူညီကယ်ဆယ်ရေးကို အမြန်ဆုံးဆောင်ရွက်နိုင်သူများမှာ အနီးဆုံးရှိတိုင်းရင်းသားပြည်သူများသာဖြစ်သည်။ ❖**

### ကူညီကယ်ဆယ် ငလျင်အန္တရာယ်

မြန်မာနိုင်ငံ၌ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက် မွန်းလွဲပိုင်းတွင် မန္တလေးမြေငလျင်ကြီးနှင့် နောက်ဆက်တွဲငလျင်ငယ်များ၏ လှုပ်ရှားမှုများကြောင့် စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ပဲခူးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေ၊ ရှမ်းပြည်နယ်အရှေ့မြောက်ဒေသတို့တွင် ငလျင်ဒဏ်သင့်ခဲ့ရပြီး လမ်း၊ တံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ကာ ပြည်သူထောင်နှင့်ချီ၍ အသက်ဆုံးရှုံး၊ ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပေါ်ခဲ့ရလေသည်။

ငလျင်ဒဏ်ခံစားရသည့် ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ငလျင်ဒဏ်ခံစားရသည့် ဒေသများအတွက် ပြည်တွင်းမှသာမက ပြည်ပနိုင်ငံများကပါ အားတက်သရောပါဝင်ကူညီ ကယ်ဆယ်ပေးလျက်ရှိသည်ကို တွေ့ရှိရသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီကယ်ဆယ်ကြရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယ၊ စင်ကာပူ၊ ရုရှား၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ မလေးရှား၊ ယူအေအီး၊ လာအို၊ ဘူတန်၊ ဖိလစ်ပိုင်နိုင်ငံများနှင့် ပြည်တွင်းအရပ်ဖက်အဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ (မာဃလူမှုကူညီရေးအသင်း)နှင့် နိုင်ငံတကာအကူအညီပေးရေးအဖွဲ့အစည်းများ စသည့်ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များ၊ သူနာပြုဆေးအဖွဲ့များနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ဆေးဝါးများဖြင့် စိတ်အားထက်သန်စွာ ပါဝင်ကူညီလျက်ရှိသည်ကို တွေ့ရှိရသည်။

မန္တလေးမြေငလျင်ကြီးကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးခဲ့ရမှုများအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်မှုအားဖြင့် ယခုသဘာဝဘေးဒဏ်ကို စိတ်ဓာတ်ခိုင်မာမှု၊ အပြန်အလှန် ဖေးမကူညီမှုများဖြင့် လက်တွဲရင်ဆိုင်ကျော်ဖြတ်ကြရမည်ဖြစ်သည်။ တိုင်းရင်းသားပြည်သူများ သဘာဝဘေးဒဏ်များကြုံဆုံရပါက ကူညီကယ်ဆယ်ရေးကို အမြန်ဆုံး ဆောင်ရွက်နိုင်သူများမှာ အနီးဆုံးရှိတိုင်းရင်းသား ပြည်သူများသာဖြစ်သည်။

မန္တလေး မြေငလျင်ကြီးလှုပ်ခတ်ပြီးသည့်နောက် မြန်မာနိုင်ငံတစ်ဝန်းရှိ တစ်မြေတည်းနေ တစ်ရေတည်းသောက် တိုင်းရင်းသားညီအစ်ကိုများက တတ်စွမ်းသရွေ့ကူညီမှုများ၊ ငွေကြေးများအပါအဝင် ပစ္စည်းအစုံအလင်ကို ပါဝင်လှူဒါန်းကြသည် အပြန်အလှန်ချစ်ကြည်စည်းလုံးမှုရှိသော မြန်မာ့စိတ်ဓာတ်ပင်ဖြစ်သည်။

မြေငလျင်ဆိုသည်မှာ မည်သည့်အချိန်၊ မည်သည့်နေရာတွင် လှုပ်မည်ဆိုသည်ကို ယနေ့အချိန်ထိ မည်သည့်နိုင်ငံတွင်မှ ခန့်မှန်းနိုင်သည့် နည်းပညာမရှိသေးဘဲ မြေလွှာပြတ်ရွေ့များ၏ လှုပ်ရှားမှုများအပေါ် စောင့်ကြည့်ထောက်လှမ်းပြီး ၎င်းပြတ်ရွေ့ပေါ်တွင် ယခင်လှုပ်ခဲ့သည့် မြေလျင်များ၏ရာဇဝင်ကိုလေ့လာပြီးမှသာ ခန့်မှန်းသတိပေးနေကြခြင်းဖြစ်သည်။

မြေငလျင်လှုပ်ပြီးချိန်တွင် သတိပြုရမည်မှာ ငလျင်နှင့်ဆက်စပ်၍ ဖြစ်ပေါ်တတ်သော ကူးစက်ရောဂါများ ဥပမာအားဖြင့် ရေနှင့်ပတ်ဝန်းကျင် မသန့်ရှင်းမှုကြောင့် ဖြစ်ပေါ်တတ်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါမျိုးဖြစ်သည်။ ရာသီဥတု၊ မိုးလေဝသနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာက တရားဝင်ထုတ်ပြန်သော ထုတ်ပြန်ချက်များကို မျက်ခြည်မပြတ်ကြည့်ရှုခြင်းအားဖြင့် မှန်ကန်သောမိုးလေဝသအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်မည်ဖြစ်သည်။

လူမှုကွန်ရက်များတွင် ပြောဆိုနေကြသည့် ခန့်မှန်းစကားများနှင့် ကောလာဟလသတင်းများကို အလွယ်တကူယုံကြည်ခြင်းမပြုဘဲ စဉ်းစား၊ ချင့်ချိန်၍ မှန်ကန်သောသတင်းများကိုအခြေခံကာ ပြုလုပ်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ မန္တလေးမြေငလျင်ကြီးကြောင့် စိတ်ပိုင်း၊ ရုပ်ပိုင်း၊ ထိတ်လန့်ချောက်ချားနေရသူတို့အတွက် နောက်ထပ် စိတ်ဖိစီးစရာဖြစ်လာနိုင်သည့် မမှန်ကန်သောသတင်းများနှင့် ကောလာဟလများကို မပြောဆို၊ မဖြန့်ဝေကြရန် ပြည်သူအချင်းချင်းက ထိန်းကျောင်းဆောင်ရွက်သင့်ပေသည်။ ငလျင်ဒဏ်သင့်ပြည်သူများအပေါ် စာနာသနားကူညီသည့်အနေဖြင့် နှစ်သိမ့်ဆွေးနွေးခြင်း၊ အားပေးကူညီခြင်းများကိုသာ ဆောင်ရွက်ပေးကြရန် အထူးလိုအပ်လျက်ရှိပါသည်။

သဘာဝဘေးအန္တရာယ်များအနက် ငလျင်ဘေးအန္တရာယ်သည် ရှောင်လွဲ၍မရနိုင်သလို ကြိုတင်၍လည်း မသိရှိနိုင်သဖြင့် ရှောင်လွဲ၍မရသော ငလျင်ဘေးကို အတတ်နိုင်ဆုံးလျော့ပါး သက်သာရန်အတွက် တိုင်းရင်းသားအားလုံးက စည်းလုံးညီညွတ်စွာနေထိုင်ကြပြီး ကူညီဖေးမကြရမည်ဖြစ်သည်။ ငလျင်ဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုနည်းပါးသက်သာအောင် ငလျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများကို ကျယ်ပြန့်စွာလုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

ငလျင်ဘေးအန္တရာယ်ကြုံဆုံလာရသည့် ယခုအခါတွင် အချင်းချင်းလူသားချင်းစာနာထောက်ထားကြသည့် မွန်မြတ်သောစိတ်၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်စည်းလုံးမှုကိုအခြေခံသည့် မြန်မာ့စိတ်ထားတို့ဖြင့် ငလျင်ဘေးအန္တရာယ်ကို အားလုံးအတူတကွ စည်းလုံးညီညွတ်စွာ ရင်ဆိုင်ကျော်ဖြတ်ကြမည်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

**ကိုးကား**

- **မြန်မာ့အလင်းသတင်းစာ၏ အယ်ဒီတာ အာဘော်များ**
- **ရတနာပုံနေ့စဉ်သတင်းစာ**
- **ငလျင်နှင့် သက်ဆိုင်သည့် ဘူမိဗေဒစာအုပ်များ**

ဝတ္ထုတိုကဏ္ဍ

# ပြန်လမ်းလေး သာယာစေ

## ကိုရွှေတောသား(ဆင်ကူး)



(၁)

''ဘဝကတိုတောင်းသလောက် ဒုက္ခကရှည်လျားလှပါလား မယ်စိန်ရယ်''

အဘိုးလှဖေ၏စကား။ အဘွားမယ်စိန်က ခေါင်းတညိတ်ညိတ်ဖြင့် ပြန်ဖြေသည်။ နှစ်ယောက်စလုံးက အသက် ၈၀ ကျော်။ အဘိုးကြီး၊ အဘွားကြီးဖြစ်ခါမှ မြေးထိန်းရင်း အိမ်စောင့်နေရရှာသည်။ လူမမည့်အရွယ်၊ သိတတ်စအရွယ်မရောက်တရောက် မြေးများနှင့်အတူနေရင်း အဝေးရောက် သားသမီးများအတွက် စိတ်မအေးနိုင်ဖြစ်နေကြသည်။

''ကျုပ်တော့ ခုနေသာ သေကြည့် မကျွတ်မလွတ်နဲ့ ပြိတ္တာဘဝ ရောက်မှာသေချာတယ်''

''ဟုတ်ပ့ါကွယ် မေတ္တာသုတ်တွေ၊ ရတနသုတ်တွေ ဘယ်လောက်ပဲ ရွတ်ဖတ်နေစေကာမူ ဒီသား၊ ဒီသမီးတွေအရေး စိတ်မအေးနိုင်သေးသမျှတော့ ရင်ပူရ၊ ရင်မောရနဲ့ ဒုက္ခ ဒုက္ခတွေပါလား''

ကျောင်းသားအရွယ်မြေးများက ကျောင်းတက်သွားကြသော်ငြား အိမ်တွင်ကျန်နေရစ်သည့် ကလေးနှစ်ယောက်ကို ထိန်းကျောင်းနေရင်း ထမင်းဟင်းချက်ပြုတ်ကာ အဘွားမယ်စိန်လည်း မနားရသကဲ့သို့ အဘိုးလှဖေလည်း မြေးများကိုကျောင်းပို့၊ ကျောင်းကြို မြေးထိန်းရင်း မနားရရှာပေ။ ထမင်းစားချိန်ဆုံတုန်း ထမင်းစားရင်း စကားပြောနေကြခြင်းဖြစ်သည်။

''မယ်စိန်ရေ တို့အသက်တို့အရွယ်တွေက ဘုရားသွားကျောင်းတက်နဲ့ တရားနာ၊ သီလယူပြီး စိတ်အေးလက်အေးနေရမဲ့အရွယ်တွေရောက်နေပြီ''

''ဟုတ်ပ့ါ ဟုတ်ပ့ါ ကိုလှဖေရယ်။ အခုခေတ်ထဲမှာ အသက် ၈၀၊ ၉၀ ဆိုတာ မရှိသလောက် ရှားနေပြီ။ အတိတ်ဘဝက သီလတန်ခိုး ကုသိုလ်အကျိုးတွေကြောင့်သာ အသက်ရှည်ရှည်နေနေရတာ။ အခုတော့ နောင်ဘဝအတွက် ဘယ်မှာလဲ ရိက္ခာအထုပ်ရယ်လို့ စိတ်မအေးရပါလား ကိုလှဖေရယ်''

ညည်းညည်းညူညူဖြင့် စားလက်စထမင်းသည်လည်း လေးငါးခြောက်လုတ်ခန့်မျှသာ စားဝင်သည်။ ထမင်းစားပြီး အိပ်နေသည့်ကလေးကို ပုခက်လွှဲပေးနေရင်းအိမ်ရှေ့တွင် တစ်ယောက်တည်းဆော့နေသည့်ကလေးကိုလည်း မျက်စိဖွင့်နားစွင့်ဖြင့် ကြည့်နေရသေးသည်။

''မယ်စိန် အစားနည်းလိုက်တာ။ ဘယ့်နှယ် ထမင်းလေးတော့ နည်းနည်း ဝင်အောင်စားအုံးမှပေ့ါကွယ်''

''အို...ကျွန်မကိုသာပြောနေတယ်။ ကိုလှဖေကော အစားနည်းလှချေလား''

''ဒီလိုပါပဲ မယ်စိန်ရယ် ဆာမှမဆာတာကို''

စားလက်စ ထမင်းပန်းကန်ကိုသိမ်းနေသည့် အဘွားမယ်စိန်ကိုကြည့်ရင်း အဘိုးလှဖေလည်း သက်ပြင်းမောကြီးချမိလေသည်။

(၂)

''ဘဘကြီး မေမေတို့ ပြန်မလာသေးဘူးလား''

''ဟေ''

''ဘယ်တော့ ပြန်လာမှာလဲ ဘဘကြီး''

တစ်ယောက်ပြီးတစ်ယောက်မေးနေသည့် မြေးများ၏စကားကို အဘိုးလှဖေ တော်တော်နှင့်ပြန်မဖြေနိုင်ပေ။ အဘိုးလှဖေရင်ထဲ ဆို့နင့်နေသည်။ မိစုံဖစုံနှင့် နေချင်ရှာသည့် မြေးကလေးများကို ကြည့်ပြီး သနားမိသည်။

''ဘဘကြီး သမီးကို ဖေဖေနဲ့မေမေ့ဆီကို လိုက်ပို့ပေးပါလားဟင်။ သမီးဖေဖေနဲ့မေမေ့ကို သတိရလို့ပါ''

ခုနစ်နှစ်အရွယ် မြေးမကလေးက ပူဆာသည်။ ယောကျ်ားကလေးနှစ်ယောက်က ရှာထဲလျှောက်ကာ ကစားနေကြသော်လည်း မြေးမကလေးက မကစားဘဲ အဘိုးလှဖေအနားထိုင်ကာပြောနေသည်။

''မြေးလေးရေ ဘွားဘွားကို မဆလာလေးသွားဝယ်ပေးပါအုံးကွယ်''

အဘွားမယ်စိန်က စျေးဝယ်ခိုင်းလိုက်၍ မြေးမကလေးစျေးဆိုင်သွားလေမှ အဘိုးလှဖေလည်း သက်ပြင်းချရသည်။

''ခက်တော့တာပဲ မယ်စိန်ရယ်''

''ဘာများဖြစ်လို့လဲ ကိုလှဖေရဲ့''

''မယ်စိန့်သားတွေ၊ သမီးတွေက အဆင်ကော ပြေကြရဲ့လားကွယ်''

''အို...အဆက်အသွယ်လဲမရတော့ မှန်းလို့မရဘူးပေ့ါ ကိုလှဖေရယ်။ ကလေးတွေလဲ အိုးပစ်အိမ်ပစ်သားသမီးတွေပစ်ပြီးသွားလိုက်ကြတာ ဟိုမှာဘယ်လိုတွေများ ဖြစ်နေကြပြီလဲ။ အဆင်မှပြေကြရဲ့လား၊ ဒုက္ခတွေများ တွေ့နေပြီလားလို့ အချိန်တိုင်း တွေးပူနေမိတယ်''

ကိုယ့်မြေကိုယ့်ပြည်ကနေ အခြားတိုင်းတစ်ပါးနိုင်ငံများဆီသို့ထွက်ခွာကာ စွန့်စွန့်စားစားအလုပ်လုပ်သွားနေကြသည့် သားသမီးများအတွက် အဘိုးကြီး၊ အဘွားကြီးတို့မှာ စိတ်မအေးနိုင်ဘဲ ရင်မောနေမိကြသည်။

(၃)

''အဘိုးနေကောင်းလား''

လူငယ်တစ်ယောက်ကလာ၍ နှုတ်ဆက်သည်။ အဘိုးလှဖေ ထိုလူငယ်ကို သေချာကြည့်နေမိသည်။ သို့သော် မမှတ်မိဘဲဖြစ်နေသည်။

''မောင်ရင်က ဘယ်သူတုံး''

လူငယ်က အိမ်ရှေ့ကွပ်ပျစ်တွင် ဝင်ထိုင်သည်။ ပြီးမှ အဘိုးနှင့်အဘွားကို သေချာပြောပြသည်။

''အဘိုးတို့ သားကို ဘယ်မှတ်မိပ့ါမလဲ။ သားက ဦးသာမြိုင်ရဲ့သား ထွန်းတောက်လေ အဘိုးရဲ့''

လူငယ်၏စကားကြောင့် အဘိုးလှဖေလည်းမှတ်မိသွားသည်။ အားရဝမ်းသာစွာပြန်ပြောလိုက်သည်။

''ဟေ သာမြိုင်ရဲ့သား ထွန်းတောက်လား။ အေး မှတ်မိပြီ မှတ်မိပြီ။ အထူးသဖြင့် နာမည်ကို ဘယ်တော့မှမမေ့ဘူးဟေ့။ ဘာဖြစ်လို့လဲဆိုတော့ မင်းနာမည်ပေးတုန်းက အဘလဲ ရှိနေသကိုးကွ။ အဲဒီတုန်းက မင်းအဖေသာမြိုင်က သူ့သားကို သူများတွေထက်သာအောင်၊ တော်အောင်ဆိုပြီး ထွန်းထွန်းတောက်တောက်ရှိအောင်ထွန်းတောက်လို့ပေးခဲ့တာ''

အဘိုးလှဖေ၏စကားကြောင့် လူငယ်လည်း ပျော်ရွှင်စွာပြုံးသည်။

''ဟုတ်တာပေ့ါ အဘိုးရာ''

''ဒါနဲ့ မနှစ်တုန်းက မင်းဘွဲ့ရလို့အိမ်မှာ အလှူလုပ်သေးတယ်မဟုတ်လား''

''ဟုတ်တယ် အဘိုးရ အဖေကသားအတွက် ဂုဏ်ယူတယ်ဆိုပြီး ဂုဏ်ပြုပေးတာ''

''ဒါနဲ့ အခုဘာအလုပ်လုပ်နေလဲ။ အခုကော ဘာကိစ္စဒီကိုလာတာလဲ''

အဘိုးလှဖေက နားမလည်နိုင်စွာမေးလိုက်သည်။ လူငယ်က တော်တော်နှင့်မဖြေ။ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ ပြီးမှ ပြန်ဖြေသည်။

''သား မနေ့က နိုင်ငံခြားကပြန်ရောက်တယ်''

''ဟင်''

''အဲဒါ အဘိုးတို့ သားနဲ့သမီးက သားနဲ့အတူတူ အလုပ်လုပ်ခဲ့ကြတာလေ''

''ဟေ''

''အခုတော့ သားကဆက်ပြီးမလုပ်နိုင်တော့တာနဲ့ ပြန်ရောက်လာတယ်ဆိုပါတော့အဘိုးရာ''

''ဟေ ဒါ ဒါဆိုရင် အဘသားနဲ့ သမီးတွေကော အဆင်မှပြေကြရဲ့လားကွယ်။ အဘတို့ဆီလဲ အဆက်အသွယ်မလုပ်ဘူး''

အဘိုးလှဖေ၏စကားမဆုံးခင်တွင် လူငယ်က ခေါင်းခါသည်။ အဘိုးလှဖေကို ငေးကြည့်နေသည်။

''သားနဲ့သမီးက ဘာတွေများ မှာလိုက်ကြသေးလဲကွယ်''

တစ်ချိန်လုံးနားထောင်နေသည့် အဘွားမယ်စိန်က ဝင်မေးသည်။

(၄)

''ဒီက အဘိုးနဲ့အဘွား စိတ်မကောင်းတော့ မဖြစ်ကြပါနဲ့ခင်ဗျာ။ တကယ်တော့ သားတို့တွေအားလုံး လူကုန်ကူးခံခဲ့ရတာ။ ဒုက္ခတွေရောက်လိုက်တာမှ အဘိုးရာ။ သူများနိုင်ငံမှာ ဘာသာစကားက မကျွမ်းကျင်၊ တရားမဝင်တော့ အဖမ်းခံကြရသေးတယ်''

''ဘုရား ဘုရား ဖြစ်မှဖြစ်ရလေကွယ်''

ပြောပြောဆိုဆို အဘွားမယ်စိန်ကငိုသည်။ အဘိုးလှဖေလည်း မျက်ရည်ဝဲနေသည်။

''စိတ်အေးအေးထားပါ အဘွားရယ်။ အခုတော့ အားလုံး အဆင်ပြေသွားပါပြီ''

''ဟုတ်ရဲ့လား လူကလေးရယ်''

''ဟုတ်တယ်အဘိုးရ နောက်နှစ်လလောက်ဆိုရင် လမ်းစရိတ်လေးလဲရ ပိုက်ဆံလေး နည်းနည်းပါးပါး စုမိရင် အစ်ကိုနဲ့အစ်မတို့လဲ ပြန်လာကြမယ်တဲ့။ အဲဒါ သားကိုလူကြုံပြောခိုင်းလိုက်လို့လာပြီးပြောရတာပါ''

''အေး အေး တော်သေးတာပေ့ါ။ မြန်မြန်သာပြန်လာနိုင်ကြပါစေကွယ် ''

''ဩော်... ဒါကြောင့်မို့ အဆက်အသွယ်လဲမလုပ်၊ အိမ်လဲငွေမပို့နိုင်ခဲ့တာကိုး''

''ဟုတ်တယ်အဘွားရေ ကျွန်တော်ဖြင့် ဟိုရောက်မှ နောင်တတွေရနေတော့တာ။ တကယ့် တကယ် ဒုက္ခရောက်တော့ ကူရာမဲ့ကယ်ရာမဲ့နဲ့။ ဘယ်သူ့ကို အားကိုးလို့ အားကိုးရမှန်းကိုမသိတာ။ သားတို့က တရားဝင်သွားတာမဟုတ်တော့ သူများလှည့်စားတာခံခဲ့ရတာပေ့ါဗျာ။ ကံကောင်းလို့သာပေ့ါ။ ကူညီတတ်တဲ့ကိုယ့်လူမျိုး အချင်းချင်းနဲ့တွေ့လို့ အခုလိုပြန်ရောက်လာတာ။ အဲဒီလူကပဲ အလုပ်ရအောင် ရှာပေးထားသလို ခေါ်ပြီးတင်ကျွေးထားတာ''

''ဟုတ်လား စိတ်ကောင်းရှိလိုက်တဲ့ လူပါလားကွယ်။ တော်သေးတာပေ့ါ အဲဒီလိုလူမျိုးနဲ့တွေ့ပေလို့သာ''

လူငယ်က အဘိုးနှင့်အဘွားကို အကြောင်းစုံပြောပြကာ ပြန်သွားတော့သည်။ အဘိုးလှဖေနှင့် အဘွားမယ်စိန်တို့လည်း သားသမီးများအတွက် စိတ်မကောင်းဖြစ်ကြရသည်။ မကြာမီတွင် ကိုယ့်ရေကိုယ့်မြေသို့ အဆင်ပြေချောမွေ့စွာ အမြန်ဆုံး ပြန်ရောက်လာနိုင်ကြပါစေဟုလည်း ဆုတောင်းမေတ္တာပို့သလျက် မျှော်နေကြတော့သည်။

**❖ ''ဒီက အဘိုးနဲ့အဘွား စိတ်မကောင်းတော့ မဖြစ်ကြပါနဲ့ခင်ဗျာ။ တကယ်တော့ သားတို့တွေအားလုံး လူကုန်ကူးခံခဲ့ရတာ။ ဒုက္ခတွေရောက်လိုက်တာမှ အဘိုးရာ။ သူများနိုင်ငံမှာ ဘာသာစကားကမကျွမ်းကျင်၊ တရားမဝင်တော့ အဖမ်းခံကြရသေးတယ်'' ''ဘုရား ဘုရား ဖြစ်မှဖြစ်ရလေကွယ်'' ပြောပြောဆိုဆို အဘွားမယ်စိန်ကငိုသည်။ အဘိုးလှဖေလည်း မျက်ရည်ဝဲနေသည်။ ''စိတ်အေးအေးထားပါ အဘွားရယ်။ အခုတော့ အားလုံး အဆင်ပြေသွားပါပြီ''❖**

# တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ရွှေဘိုး ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုးခရိုင် တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၇၄၁၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောပြောင်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၄၂၈၈ ဧက၊ တစ်ဧကလျှင် ၅၀ ဒသမ ၂၅ တင်း နှင့် ဖူးစားပြောင်း ၃၁၂၆ ဧက၊ တစ်ဧကလျှင် ပြောင်းဖူးရေ ၁၃၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၇၄၁၄ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ အခုလက်ရှိ ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ခဲ့ပါတယ်" ဟု ရွှေဘိုးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ပြောင်းသီးနှံများကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပြောင်းသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမ ရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ညောင်တုန်းမြို့နယ်တွင် ဒေသထွက်ခရမ်းသီးများအရောင်းအဝယ်ကောင်းမွန်နေ

**ညောင်တုန်း ဇွန် ၉**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ဒေသထွက် ခရမ်းသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ညောင်တုန်း မြို့နယ်မှ ကုန်စိမ်းမျိုးစုံရောင်း ဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချောစုက ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် ယခု လက်ရှိ ခရမ်းသီးများထွက်ရှိနေပြီး ယခုနှစ် ဧပြီလ ပထမပတ်မှ စတင်၍ ယနေ့ထိ ခရမ်းသီးများ ဝယ်ယူမှုကောင်းပြီး အရောင်း အဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက်ခရမ်းသီး များ တစ်ရက်လျှင် အလုံးရေ ၄၀၀၀၀ မှ ၅၅၀၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။



"ညောင်တုန်းမြို့နယ်ကနေ ထွက်ရှိတဲ့ ခရမ်းသီးတွေ အဝယ် လိုက်နေပါတယ်။ အခြားဒေသ ကုန်စိမ်းဈေးကွက်က ဝယ်လက် တွေက အဝယ်များနေပါတယ်။ ညောင်တုန်းမြို့နယ်ကနေ အခြား ဒေသတွေကို အလုံးရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနေရပါတယ်။ ဒေသထွက်ခရမ်းသီးတွေက ပိုးမွှား ကင်းရှင်းပြီး အရည်အသွေး ကောင်းမွန်ပါတယ်။ အခုနှစ် ခရမ်းသီးတွေက အရည်အသွေး ကောင်းသလို အထွက်နှုန်းလည်း ကောင်းနေတယ်လို့ သိရတယ်။ လက်ရှိ ခရမ်းအဝိုင်းသီးကော အရှည်သီးပါနှစ်မျိုးစလုံး အရောင်း အဝယ် ကောင်းမွန်နေပါတယ်" ဟု ညောင်တုန်းမြို့နယ်မှ ကုန်စိမ်း မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချောစုက ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် စိုက်ပျိုး ထွက်ရှိပြီး အရောင်းအဝယ် ကောင်းမွန်နေသည့် ခရမ်းသီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၃၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသည့် ခရမ်းသီးများအပါအဝင် အခြား ကုန်စိမ်းများကို ကျောင်းကုန်း ဈေးကွက်နှင့် ပုသိမ်၊ ရေကြည် စသည့်ဒေသများသို့ တင်ပို့ရောင်း ချလျက်ရှိကြောင်း ညောင်တုန်း မြို့နယ်မှ ကုန်စိမ်းမျိုးစုံရောင်း ဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချောစုထံမှ သိရသည်။

**ကျော်ကျော်လင်း**

# စလင်းမြို့နယ် အုတ်ဖိုကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**စလင်း ဇွန် ၉**

မကွေးတိုင်းဒေသကြီး မင်းဘူး ခရိုင် စလင်းမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန က ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေ တိုးပွားစေရေး၊ ကျေးလက်နှင့် မြို့ပြကွာဟမှုကို လျှော့ချနိုင်ရေးအတွက် ဖွံ့ဖြိုးရေး စီမံကိန်းများ ဆောင်ရွက်ပေးလျက် ရှိရာ တောစိမ့်ကျေးရွာအုပ်စု အုတ် ဖိုကန်ကျေးရွာ၌ မြစိမ်းရောင်ကျေး ရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ ကို ဇွန် ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး ခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင် နှင့် ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် များနှင့်အတူ အုတ်ဖိုကန်ကျေးရွာ ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၇ ဒသမ ၉ သန်း ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင် ရွက်မှုအခြေအနေများ၊ လစဉ် ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံ ကိန်းဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်း စည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေ များကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည် များကို ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ အုတ်ဖိုကန်ကျေးရွာ၌ ယခု ဧကာဒသမနှစ်စက်ဝန်းတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း နှင့် အသေးစားစက်မှုလက်မှု လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၅ ဦးကို ငွေကျပ် ၅၇ ဒသမ ၉ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်း လုပ်ငန်းများ လည်ပတ်ဆောင်ရွက် လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

**သန်းသန်းစိုး**

## နိုးထရှင်သန်ရာမြို့မန္တလာ

- ချိန်ခါမတ်လ ဂိမှာန်တဝယ်
  လှပတည်ရာ မန္တလာ၌
  ခြင်းရာကြမ်းကြုတ် ငလျင်လှုပ်၍
  ဆုတ်ယုတ်သဏ္ဍာန် ကြုံရပြန်လို့
  ရှင်သန်လူများ သေရွာလားကာ
  ကြီးမားဒုက္ခ ခံစားရသည်
  မုချဝမ်းနည်း မျက်ရည်ဝဲ၏။

- ရွှေရောင်ဝင်းထိန် မစိုးရိမ်၌
  ဂုဏ်သိန်မြင့်မား ရဟန်းများမှာ
  ကြိုးစားပညာ စာဖြေရာဝယ်
  ကြမ္မာငင်ရ တိုက်ပြိုကျ၍
  ဘဝနတ်ထံ လွင့်ပါးပျံလို့
  ကျည်းတန်မြင်ကွင်း ဆုံတွေ့ခြင်းသည်
  ခပင်းများလူ စိတ်မှာပူ၏။

- ဒေသအလယ်ပိုင်း မြို့စစ်ကိုင်းတွင်
  ရစ်သိုင်းတည်ထား စေတီများနှင့်
  ထင်ရှားပေစွ သာသနိကတို့
  မုချပျက်စီး ဆုံးရှုံးကြီး၍
  အနီးတည်ရာ မင်းကွန်းရွာ၌
  ရှေးခါတည်ထား ပုထိုးများမှာ
  ပျက်ပြားမြေခ နမြောရ၏။

- ဩော်...
  ဆွေသဟာများ နိုင်ငံခြားမှ
  အလေးထားကာမျှ လာရောက်ကြ၍
  ပြည်မတွင်းမှ ပရဟိတတို့
  ဖြူစွစေတနာ ထားရှိကာဖြင့်
  သဘာဝဘေး ကူညီပေးတော့
  လှသွေးကြွယ်ရာ မန္တလာကား
  မြန်စွာနိုးထ ရှင်သန်ရတည်း။
  စစ်ကိုင်းမြို့ပြ ယခင်ကလို
  စိုပြည်ဦးမည်တကား။ ။

**စိန်ငွေးလှိုင်(ပခုက္ကူ)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ပြောင်းလဲတိုးတက်မှုကိုဖော်ဆောင်ဖို့ စာဖတ်ကြပါစို့ (အပိုင်း-၅)

မောင်သောင်းဝင်း(တမန်ဟောင်း)

မျိုးဆက်သစ်လူငယ်များသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ပင်ဖြစ်သည်။ စာဖတ်သည့်လူငယ်များသည် လူ့အဖွဲ့အစည်းကို ကောင်းကျိုးပြုနိုင်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်သည်။ အထူးသဖြင့် ပညာတတ်လူငယ်များပေါများသည့် နိုင်ငံတွင် တိုးတက်မှုကို မြန်မြန်ဆန်ဆန် ဖော်ဆောင်နိုင်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အနာဂတ်ခေါင်းဆောင်များ၏ ထက်မြက်သော ဉာဏ်ရည်ဉာဏ်သွေးများနှင့် အတွေးအခေါ် အယူအဆများ မှန်ကန်ထက်မြက် မြင့်မားလာစေရန်၊ ကလေးငယ်များ၏ တီထွင်ဖန်တီးလိုစိတ်များ ရှင်သန်နိုးကြားလာစေရန်၊ ကလေးငယ်များ ဗဟုသုတဖြစ်ဖွယ်စာပေနှင့် ရင်းနှီးကျွမ်းဝင်ပြီး စာဖတ်ဝါသနာပါလာစေရန်၊ ကလေးငယ်များ လန်းဆန်းတက်ကြွပျော်ရွှင်လာစေရန်နှင့် စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိလာစေရန် အလေးထားဆောင်ရွက်လျက်ရှိကြသည်။

**အကျိုးထူးများစွာဖြစ်ထွန်း**

လူတစ်ဦးသည် စာဖတ်နေသည့်အချိန်တွင် မတူညီသော အကြောင်းအရာများကို မှတ်သားမှုများ လုပ်ဆောင်ရသဖြင့် မိမိတို့၏ဦးနှောက်ကို အလေ့အကျင့်ဖြစ်စေသည်။ စာအုပ်တစ်အုပ်ကိုဖတ်နေသည့်တိုင်အောင် ထိုစာအုပ်ထဲရှိအကြောင်းအရာများကို မှတ်မိအောင် ကြိုးစားရလေ့ရှိသည်။ ထို့ကြောင့် စာဖတ်ခြင်းသည် ဦးနှောက်ကို အလုပ်ပေးသဖြင့် မှတ်ဉာဏ်များစွာ တိုးတက်စေသည်။ သာဓကအနေဖြင့် စာရေးသူတို့ မူလတန်းအရွယ်က ဖတ်ရှုခဲ့ဖူးသည့် အချို့သောပုံပြင်တို့ကို မှတ်မိနေခြင်းဖြစ်သည်။ ထို့ပြင် စုံထောက်နှင့် စွန့်စားခန်းဝတ္ထုများမှ ဇာတ်ကောင်များ၊ အတ္ထုပ္ပတ္တိစာအုပ်များမှ အထင်ကရပုဂ္ဂိုလ်များကိုလည်း အမှတ်ထင်ထင်ရှိနေခြင်းဖြစ်သည်။ အထူးသဖြင့် ငယ်စဉ်ကဖတ်ရှုခဲ့ရသည့် ဗုဒ္ဓဖြစ်တော်စဉ်များသည် ဘဝတိုးတက်အောင်မြင်ရေးအတွက် များစွာအထောက်အကူပြုခဲ့သည်။

အမှန်တော့ ရုပ်သံဇာတ်လမ်းတွဲများနှင့် ရုပ်ရှင်ဇာတ်ကားများသည် စာအုပ်များကိုသာအခြေခံထားခြင်းဖြစ်သည်။ ထို့ကြောင့် မူရင်းစာအုပ်ကိုဖတ်ရှုပြီး အပန်းဖြေခြင်းသည် အဓိပ္ပာယ်ကို ပိုမိုပြည့်စုံမည်ဖြစ်သည်။ သို့သော် စိတ်ဝင်တစား ဖတ်မှတ်သားလျှင် စာရေးသူ၏အာဘော်ကို အပြည့်အဝခံစားရမည်ဖြစ်သည်။ ထို့ကြောင့် စာဖတ်ခြင်းသည် အာရုံစူးစိုက်မှုစွမ်းဆောင်ရည်မြင့်တက်လာစေသည်။ စာဖတ်ခြင်းသည် စိတ်ဖိစီးမှုများလျော့ကျပြီး နှစ်ခြိုက်စွာအိပ်ပျော်စေနိုင်သည်။ သုတရသ မည်သည့်စာအုပ်ကို ဖတ်ရှုသည်ဖြစ်စေ စာဖတ်ခြင်းသည် ဗဟုသုတကြွယ်ဝစေသည်။ စာဖတ်ခြင်းသည် စိတ်ခွန်အားဖြစ်ပြီး အခက်အခဲများကို ကျော်လွှားနိုင်စေသည်။ စာအုပ်များသည် ကျွန်ုပ်တို့ကို ကမ္ဘာ့နေရာပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံ၊ ဘာသာစကားပေါင်းစုံ၊ အလေ့အထပေါင်းစုံတို့နှင့်မိတ်ဆက်ပေးနိုင်သည်။ ထို့ကြောင့် အခြားသူများ၏ယဉ်ကျေးမှု၊ အလေ့အထနှင့် ရိုးရာအစဉ်အလာတို့ကို နားလည်ခံစားနိုင်မည်ဖြစ်သည်။ ထို့ပြင် စာဖတ်ခြင်းသည် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကိုလည်း လက်တွေ့ရရှိစေပါသည်။

**အသိပညာဗဟုသုတတိုးပွားခြင်း**

အသိပညာဗဟုသုတနှင့် လေ့လာသင်ယူမှုမရှိလျှင် မည်သူမျှ အောင်မြင်မှုရရှိနိုင်မည် မဟုတ်ချေ။ အသိပညာ ဗဟုသုတရရှိရေးအတွက် တစ်ခုတည်းသောနည်းလမ်းသည် စာဖတ်ခြင်းပင်ဖြစ်သည်။ အဆွေစာရှုသူအနေဖြင့် မည်သည့်စာအုပ်ကိုဖတ်သည်ဖြစ်စေ အသိပညာဗဟုသုတများ ထပ်၍သာတိုးပွားလာစေမည်ဖြစ်သည်။ အထူးသဖြင့် တစ်ကြိမ်တစ်ခါမျှ ဖတ်ဖူးခြင်းမရှိသည့် စာအုပ်ကို ဖတ်ရှုသွားမည်ဆိုလျှင် ပို၍အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ စာအုပ်၊ စာပေများမှ အသိပညာဗဟုသုတများပိုမိုရရှိလေလေ ဘဝတွင် ကြုံတွေ့ရသည့် အခက်အခဲမှန်သမျှကို ဖြေရှင်းနိုင်လေလေပင်ဖြစ်သည်။ အတွေ့အကြုံသည် အကောင်းဆုံးဆရာဖြစ်သည်။ နေ့စဉ်ဘဝတွင် မတူညီသော အတွေ့အကြုံများ ရရှိနိုင်မည်ဖြစ်ပြီး စာဖတ်ထားမည်ဆိုလျှင်လည်း အတွေ့အကြုံသစ်များ၊ ဗဟုသုတများ တိုးပွားလာစေမည်ဖြစ်သည်။

**❖ ကျွန်ုပ်တို့သည် ဘဝရပ်တည်ချက်ကို ကန့်သတ်ထားမည်ဆိုလျှင် စိတ်ကူးစိတ်သန်းလည်း ရှင်သန်နိုင်မည်မဟုတ်ချေ။ မိမိမသိသေးသည့် နေရာဒေသများအကြောင်းကို ဖတ်သွားမည်ဆိုလျှင် ခေါင်းထဲတွင် လတ်ဆတ်သော စိတ်ကူးစိတ်သန်းများ ထွက်ပေါ်လာမည်ဖြစ်သည်။ သိလိုသောစိတ်ဖြင့် စာဖတ်သွားမည်ဆိုလျှင် သင်၏ စိတ်ကူးစိတ်သန်းများ ပိုမိုကောင်းမွန်လာစေမည်ဖြစ်သည်။ စာအုပ်အသီးသီးတွင် မတူညီသောဇာတ်ကောင်များနှင့် နေရာများပါရှိသောကြောင့် စာဖတ်သူကို မတူညီသောစိတ်ကူးစိတ်သန်းများ ဖြစ်ပေါ်စေသည်။ ❖**

**မှတ်ဉာဏ်တိုးတက်ခြင်း**

လူတစ်ဦးသည် စာဖတ်နေချိန်တွင် ဖတ်ရှုသည့်အကြောင်းအရာနှင့်ပတ်သက်၍ စဉ်းစားတွေးခေါ်လေ့ရှိသည်။ ကျွန်ုပ်တို့သည် စာဖတ်နေစဉ် မှတ်မိစေရန်အတွက် အခိုက်အတန့်နား၍ ပြန်လည်စဉ်းစားလေ့ရှိသည်။ အတ္ထုပ္ပတ္တိစာအုပ်တစ်အုပ်ကို ဖတ်မည်ဆိုလျှင် ထိုစာအုပ်တွင်ပါရှိသည့် ဇာတ်ကောင်၊ နောက်ခံသမိုင်းကြောင်း၊ ရည်မှန်းချက်နှင့် လုပ်ရှားမှုတို့ကို မှတ်မိနေလေ့ရှိသည်။ ထို့ပြင် စာဖတ်ထားမည်ဆိုလျှင် ဦးနှောက်သည် ဆက်စပ်အကြောင်းအရာများစွာကိုလည်း မှတ်မိလေ့ရှိသည်။

**အာရုံစူးစိုက်မှုစွမ်းရည်တိုးတက်ခြင်း**

အဆွေစာရှုသူအနေဖြင့် စာအုပ်တစ်အုပ် ဖတ်နေချိန်တွင် သင်၏အာရုံစူးစိုက်မှုသည် စာအုပ်ပေါ်တွင်သာရှိနေမည်ဖြစ်သည်။ ထို့ကြောင့် သင့်ပတ်ဝန်းကျင်ကို လျစ်လျူရှုထားနိုင်မည်ဖြစ်သည်။ လုပ်ငန်းတာဝန်မထမ်းဆောင်မီ ၁၅ မိနစ်လောက် စာဖတ်ကြည့်မည်ဆိုလျှင် လုပ်ငန်းအပေါ် အာရုံစူးစိုက်နိုင်မှုစွမ်းရည်သည် သိသိသာသာ တိုးတက်နေမည်ဖြစ်သည်။ စာဖတ်ချိန်ကြာမြင့်လေလေ အာရုံစူးစိုက်နိုင်မှုစွမ်းရည် ပိုမိုမြင့်မားလာလေလေပင်ဖြစ်သည်။ လေ့လာသင်ယူမှုတစ်ခုတွင် အာရုံစူးစိုက်မှုစွမ်းရည် အထူးလိုအပ်လျက်ရှိသည်။ ထို့ကြောင့် စာဖတ်ခြင်းဖြင့် အာရုံစူးစိုက်နိုင်မှုစွမ်းရည် တိုးတက်အောင် ဆောင်ရွက်သွားသင့်ပေသည်။

**စိတ်ဖိစီးမှုလျော့ချနိုင်ခြင်း**

ကျွန်ုပ်တို့သည် စာဖတ်နေချိန်တွင် ငြိမ်းချမ်းမှုကို အပြည့်အဝရရှိသည်။ စာထိုင်ဖတ်နေချိန်တွင် ကိုယ်ခန္ဓာသည် လှုပ်ရှားဆောင်ရွက်ရခြင်းမရှိသဖြင့် သက်သောင့်သက်သာ ရှိနေသည်။ အသက်ကိုလည်း ဖြည်းဖြည်းမှန်မှန်သာ ရှူရှိုက်သောကြောင့် သွေးလည်ပတ်မှုမှန်ကန်၍ စိတ်ဖိစီးမှုများကို လျော့ချစေနိုင်သည်။ စာဖတ်နေချိန်တွင် အခြားလုပ်ငန်းတာဝန်များနှင့် စိုးရိမ်ပူပန်စရာများကို မေ့ထားနိုင်သည်။ နေ့စဉ်လုပ်ငန်းခွင်နှင့် မိသားစုဘဝတွင် မည်မျှပင်စိတ်ဖိစီးမှုရှိနေစေကာမူ သုတရသနှင့် ဆောင်းပါးတစ်ပုဒ်လောက်သာ ဖတ်သွားမည်ဆိုလျှင် စိတ်ဖိစီးမှုအားလုံး ပြေပျောက်သွားစေနိုင်သည်။

**စိတ်ကူးစိတ်သန်းကောင်းမွန်ခြင်း**

ကျွန်ုပ်တို့သည် ဘဝရပ်တည်ချက်ကို ကန့်သတ်ထားမည်ဆိုလျှင် စိတ်ကူးစိတ်သန်းလည်း ရှင်သန်နိုင်မည်မဟုတ်ချေ။ မိမိမသိသေးသည့် နေရာဒေသများအကြောင်းကို ဖတ်သွားမည်ဆိုလျှင် ခေါင်းထဲတွင် လတ်ဆတ်သောစိတ်ကူးစိတ်သန်းများ ထွက်ပေါ်လာမည်ဖြစ်သည်။ သိလိုသောစိတ်ဖြင့် စာဖတ်သွားမည်ဆိုလျှင် သင်၏စိတ်ကူးစိတ်သန်းများ ပိုမိုကောင်းမွန်လာစေမည်ဖြစ်သည်။ စာအုပ်အသီးသီးတွင် မတူညီသောဇာတ်ကောင်များနှင့် နေရာများပါရှိသောကြောင့် စာဖတ်သူကို မတူညီသောစိတ်ကူးစိတ်သန်းများ ဖြစ်ပေါ်စေသည်။ စင်စစ်အားဖြင့် စာအုပ်ထဲမှ ဇာတ်ကောင်၏စရိုက်သည် စာဖတ်သူကို လွှမ်းမိုးလေ့ရှိပေသည်။

**ဖန်တီးနိုင်မှုစွမ်းအားကို နှိုးဆွပေးခြင်း**

အောင်မြင်မှုအတွက် လျှို့ဝှက်လက်နက်သည် စာဖတ်ခြင်းပင်ဖြစ်သည်။ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများသည် အကန့်အသတ်မရှိပေ။ စာဖတ်ခြင်းသည် ကျွန်ုပ်တို့၏ဉာဏ်ရည်ကို ပိုမိုထက်မြက်စေခြင်း၊ အာရုံစူးစိုက်နိုင်စွမ်းမြင့်မားစေခြင်း၊ ဖန်တီးနိုင်စွမ်းမြင့်မားစေခြင်းတို့ကိုဖြစ်ပေါ်စေသည်။

**ကျန်းမာရေးတိုးတက်စေခြင်း**

ညဘက်တွင် စာဖတ်ခြင်းသည် လွယ်ကူစွာ အိပ်ပျော်စေနိုင်သဖြင့် စိတ်ရောကိုယ်ပါ အနားရစေသည်။ စာဖတ်ခြင်းသည် နည်းလမ်းပေါင်းစုံဖြင့် တိုးတက်မှုဖြစ်ပေါ်စေသည်။ စာဖတ်နေချိန်တွင် စိုးရိမ်ပူပန်မှုကို လျှော့ချစေနိုင်သည်။ စိတ်သည် ရုပ်ကဲ့သို့ပင် လေ့ကျင့်ခန်းလုပ်ရန် လိုအပ်ပေသည်။ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားမှုဆောင်ရွက်ရန် လိုအပ်သကဲ့သို့ စိတ်ဓာတ်ကြံ့ခိုင်မှုအတွက်လည်း စာဖတ်နေရန် လိုအပ်ပေသည်။ ထို့ကြောင့် စာဖတ်ခြင်းသည် အထီးကျန်ဆန်မှု၊ စိတ်လေလွင့်မှုများကို ပြေပျောက်စေသဖြင့် ကျန်းမာရေးအတွက် များစွာအထောက်အကူဖြစ်စေသည်။

**ပြောင်းလဲတိုးတက်မှုဖော်ဆောင်ဖို့စာဖတ်ကြပါစို့**

စာရေးသူတို့အနေဖြင့် လူ့ဘဝတွင် မိမိကျရာအခန်းကဏ္ဍကို ကျွမ်းကျင်ပိုင်နိုင်စွာ၊ ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် စာကောင်းပေမွန်များဖတ်ရှုကာ စဉ်ဆက်မပြတ် ဗဟုသုတရှာဖွေပြီး လေ့လာသင်ယူလေ့ကျင့်နေရန် လိုအပ်ပေသည်။ မိသားစုတစ်စုတွင် မိဘတာဝန်ရှိသကဲ့သို့ သားသမီးများ၏တာဝန်လည်းရှိနေသည်။ ကိုယ်စီတာဝန် ကျေပွန်နေမှသာလျှင် ထိုမိသားစုသည် တိုးတက်နေမည်ဖြစ်သည်။ ထို့ကြောင့် လူတိုင်းစာဖတ်ရန်လိုအပ်ပေသည်။ အထူးသဖြင့် ခေါင်းဆောင်မှုအပိုင်းတွင်တာဝန်ယူရမည့်သူများသည် စာများများဖတ်ထားရန် လိုအပ်ပေသည်။ သို့မှသာလျှင် ရည်မှန်းချက်ကို အမှားအယွင်းနည်းနည်းဖြင့် လျင်မြန်စွာ အပြီးသတ်အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် စဉ်ဆက်မပြတ် ဖတ်မှတ်လေ့လာသင်ယူနေရန် လိုအပ်မည်ဖြစ်သည်။ စာအုပ်စာပေများမှ အသိပညာဗဟုသုတကို စဉ်ဆက်မပြတ်လေ့လာသင်ယူပြီး အပတ်တကုတ် လေ့ကျင့်နေသူသာလျှင် ကျွမ်းကျင်ပိုင်နိုင်သူဖြစ်နိုင်ပေသည်။ ထိုအချက်သည် မည်သူမျှ ငြင်းဆို၍မရသော ပကတိအရှိတရားပင်ဖြစ်သည်။

စင်စစ်အားဖြင့် တိုးတက်အောင်မြင်သူများသည် စာဖတ်ရန် ဝါသနာထုံပြီး အချိန်ပေး၍လည်း စာဖတ်လေ့ရှိကြသည်။ အောင်မြင်သူများသည် စက်မှု၊ သိပ္ပံနည်းပညာ စသည့်နယ်ပယ်တစ်ခုတွင်သာ စိတ်ဝင်စားမှုရှိသော်လည်း နယ်ပယ်အားလုံးကို ဖြန့်ကြက်ဖတ်ရှုလေ့ရှိကြသည်။ စာကောင်းပေမွန်များ ဖတ်ရှုခြင်းနှင့် ဗဟုသုတ ပိုမိုကျယ်ပြန့်တိုးတက်အောင်ဆောင်ရွက်ခြင်းသည် လူမှုဘဝနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း တိုးတက်ရေးတို့တွင် များစွာထိရောက်မှုရှိကြောင်းကို တိုးတက်အောင်မြင်သူတိုင်း သိရှိထားကြသည်။ အမှန်တော့ တိုးတက်လိုသူတိုင်းသည် အောင်မြင်မှုရရှိခဲ့သော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုဖတ်ရှုကာ ၎င်းတို့ဘဝတိုးတက်ရေးအတွက် သင်ခန်းစာများ ဖောက်ထုတ်ပြီး လေ့လာသင်ယူကြိုးပမ်းအားထုတ်လေ့ရှိကြသည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် ပြောင်းလဲတိုးတက်မှုကို လက်တွေ့ဖော်ဆောင်နိုင်ရန် စာကောင်းပေမွန်များကို တစိုက်မတ်မတ် ဖတ်ရှုသွားသင့်ပါကြောင်း စစ်မှန်သောမေတ္တာဖြင့် တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- Top 10 Benefits of Reading for All Ages/ Markham Public Library.

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ကလေးဝမြို့နယ်တွင် မြေပဲကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး တစ်ကေလျှင် ၇၁ ဒသမ ၇၈ တင်းထွက်ရှိ



**ကလေးဝ ဧပြီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်ကလေးဝမြို့နယ်တွင် မြေပဲကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၇၁ ဒသမ ၇၈ တင်းထွက်ကြောင်း သိရသည်။

ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ကေ ၅၃၈၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောမြေပဲ စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၇၁ ဒသမ ၇၈ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ကလေးဝမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲသီးနှံ ကေ ၅၃၈၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ အခုလက်ရှိမှာ ကေအားလုံးရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ကေကို မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်းနှင့် တစ်ကေစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုပါ ပြည်ပသို့တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် မြေပဲကို ဒေသမရွေးတိုးချဲ့စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ရေနံချောင်းမြို့နယ် ရုံးဆိပ်မြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**ရေနံချောင်း ဧပြီ ၉**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ ဆားတိုင်ကျေးရွာအုပ်စု ရုံးဆိပ်မြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဧပြီ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ငုဝါရွှေနှင့်ဝန်ထမ်းများက ရုံးဆိပ်မြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ထားမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များမှာကြားသည်။

ရုံးဆိပ်မြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မတည်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၁၉ သိန်းထုတ်ချေးပေးထားကြောင်း ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နေဘ်လူး**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးမုတ်ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဧပြီ ၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှရန်ကုန်ဈေးကွက်သို့မတ်လအတွင်း ငါးမုတ်ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်းဖျာပုံမြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်ခိုင်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလက ငါးမုတ် ပိဿာချိန် ၆၅၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ငါးမုတ် ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးမုတ်များကိုပြည်တွင်းဈေးကွက်က ဝယ်လိုအားကောင်းလာခြင်းကြောင့် တင်ပို့အားတက်လာခြင်းဖြစ်ကြောင်း သိရသည်။



"ဒေသထွက် ရေထွက်ကုန်တွေထဲမှာ ငါးမုတ်တွေ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ငါးမုတ် ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဘက်ကနေ ငါးမုတ်တွေ အဝယ်လိုက်လာလို့ တင်ပို့အား တက်ခဲ့တာပါ။ ဒေသပွဲရုံတွေဆီ ငါးမုတ်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီ ဝင်လာတဲ့ ငါးတွေကလဲ လတ်ဆတ်မှုရှိပါတယ်။ ကုန်တင်ပို့အား တက်လာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်နေသူတွေ အဆင်ပြေနေတာ တွေ့ရပါတယ်။ ဒီဘက်ဒေသက ထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ကိုပဲ အဓိက တင်ပို့ရောင်းချနေပါတယ်" ဟု ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်ခိုင်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးမုတ်များအပါအဝင် ဒေသရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ လက်ရှိ ငါးမုတ်တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ အထိပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# မင်းလှမြို့နယ် ချောင်းသစ်တန်းကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**မင်းလှ ဧပြီ ၉**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းသစ်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဂဝံမြေလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်၊ မင်းလှမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့် ဝန်ထမ်းများက ချောင်းသစ်တန်းကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် အရှည်ပေ ၂၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ကိုးသန်းဖြင့် ၂၀၂၅ ခုနှစ် မတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်တော့မည်ဖြစ်ကြောင်းနှင့် ယခင်ကထက်လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားတိုးတက်လာတော့မည်ဖြစ်ကြောင်း မင်းလှမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက ပြောပြ၍ သိရသည်။

**သုတ**

# ပွင့်ဖြူမြို့နယ် ဂါတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ ဧပြီ ၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေလှေကျေးရွာအုပ်စု ဂါတ်ကုန်းကျေးရွာ၌ အငွှမအကြိမ် မြစိမ်းရောင် ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဧပြီ ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အကြီးတန်းစာရေး ဒေါ်မွန်မွန်အောင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင် ကျေးရွာစီမံကိန်း ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းအကျိုးကျေးဇူးများနှင့် စီမံကိန်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး လိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ငွေစာရင်းဇယားပြုစုထိန်းသိမ်းရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး အကြီးတန်းစာရေး ဒေါ်မွန်မွန်အောင်က မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၃ ဒသမ ၁၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဂါတ်ကုန်းကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၈၅ ဦးကို ငွေကျပ် ၂၁ ဒသမ ၂၅ သန်း၊ မွေးမြူရေး လုပ်ငန်း လုပ်ကိုင်သူ ၁၁၅ ဦးကို ငွေကျပ် ၂၀ ဒသမ ၂၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၉ ဦးကို ငွေကျပ် ၁ ဒသမ ၆၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၀၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၃ ဒသမ ၁၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ရဲဝင်းနိုင် ( ညောင်ဦး )**

## ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

# တောင်ကိုရီးယားနိုင်ငံ ဟာဒုန်ကောင်တီတွင် တောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း တောင်ဂျောင်ဆန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်



**ဆိုးလ် မေ ၉**

တောင်ကိုရီးယားနိုင်ငံ တောင်ဂျောင်ဆန်စီရင်စု ဟာဒုန်ကောင်တီတွင် မေ ၈ ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး တောမီးသည် နေအိမ်များသို့ ကူးစက်မည်ကို စိုးရိမ်သည့်အတွက် လေကြောင်းအကူအညီကိုပါ ရယူခဲ့ပြီး တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရန် ကြိုးပမ်းခဲ့မှုကြောင့် တောမီးကို ၂၄ နာရီအတွင်း ထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း တောင်ဂျောင်ဆန်စီရင်စု အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုသည် ဟာဒုန်ကောင်တီအတွင်းရှိ အိုကေဂျုန်မြောင်တောင်ခြေအနီးမှစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့် သစ်တောရေးရာဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်အောင် ကြိုးစားပေးခဲ့ခြင်းဖြစ်ကြောင်း၊ တောမီးကို ၂၄ နာရီအတွင်း ထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်သော်လည်း တောမီးလောင်ကျွမ်းမှု အရှိန်ပြင်းထန်သည့်အတွက် သစ်တောမြေ ဟက်တာ ၇၀ ထိ လောင်ကျွမ်း ပျက်စီးခဲ့ကြောင်း တောင်ဂျောင်ဆန် စီရင်စု အာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဟာဒုန်ကောင်တီမှာ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပါတယ်။ အန္တရာယ်ရှိတဲ့ တောမီးလောင်ကျွမ်းမှုပါ။ ဒါကြောင့် သစ်တောဝန်ထမ်းတွေနဲ့ မီးသတ်တပ်ဖွဲ့ဝင်တွေပူးပေါင်းပြီးတော့ တောမီးကို ထိန်းချုပ်နိုင်ဖို့ ကြိုးစားပေးခဲ့တဲ့အတွက် ၂၄ နာရီအတွင်း တောမီးကို စတင်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံတချို့ကို နေရပ်ပြန်ခွင့်ပြုသွားတော့မှာ ဖြစ်ပါတယ်"ဟု တောင်ဂျောင်ဆန်စီရင်စု အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# နယူးဇီလန်နိုင်ငံ အာတိတ်ရေခဲပြင်များတွင်ကျက်စားသော နှင်းဝံပုလွေများ မျိုးသုဉ်းလုနီးစာရင်းဝင်လာ

**ဝယ်လင်တန် မေ ၉**

အာတိတ်ရေခဲပြင်များတွင် ကျက်စားသော နှင်းဝံပုလွေများ မျိုးသုဉ်းလုနီး စာရင်းဝင်လာကြောင်း တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး ကျွမ်းကျင်သူများက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အမွေးဖြူဖွေးကာ လှပသော နှင်းဝံပုလွေများသည် လွန်ခဲ့သော နှစ်ပေါင်း တစ်သောင်းကျော်ကတည်းက အမေရိကတစ်ခွင်တွင် လှည့်လည်ကျက်စားနေကြသော သတ္တဝါများဖြစ်ပြီး ရာသီဥတုဖောက်ပြန်မှု၊ ရေခဲပြင်များအရည်ပျော်လာမှု၊ အစားအစာများရှားပါးလာမှုများကြောင့် တဖြည်းဖြည်း ကျဆင်းလာကာ မျိုးသုဉ်းလုနီးပါး စာရင်းဝင်လာခဲ့



ကောင်ရေ ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါနှင်းဝံပုလွေများသည် မျိုးသုဉ်းလုနီးပါး မျိုးစိတ်များစာရင်းဝင်လာပြီးနောက် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းသူများက စနစ်တကျ ထိန်းသိမ်းမှုများပြုလုပ်ခဲ့သဖြင့် ယနေ့တွင် နှင်းဝံပုလွေပေါက်သုံးကောင်ကို သားဖောက်နိုင်ခဲ့ကြောင်း နယူးဇီလန်နိုင်ငံ အော့တာဂိုတက္ကသိုလ်မှသတ္တဗေဒပညာရှင် ဖိလစ်ဆီဒွန်က ပြောကြားခဲ့သည်။

အဆိုပါ နှင်းဝံပုလွေကောင်ရေသည် လက်ရှိတွင် နှစ်သိန်းခန့်ရှိသေးသော်လည်း ၎င်းတို့ကိုရှာဖွေတွေ့ရှိရန်မှာ ခက်ခဲကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ဘိုလီဗီးယားနိုင်ငံ ဘီနီနယ်မြေတွင် မြစ်ရေလျှံတက်မှုကြောင့် မွေးမြူရေးတိရစ္ဆာန်များ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

**လာပါ့ဇ် မေ ၉**

ဘိုလီဗီးယားနိုင်ငံ ဘီနီနယ်မြေတွင် မေ ၈ ရက်က မိုးသည်းထန်စွာရွာသွန်းကာ မြစ်ရေလျှံတက်မှု ဖြစ်ပေါ်ခဲ့သောကြောင့် မွေးမြူရေးခြံတချို့ ရေလွှမ်းမိုးသွားပြီး မွေးမြူရေးတိရစ္ဆာန်များ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း ဘိုလီဗီးယား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

ရေကြီးရေလျှံမှု ဖြစ်ပွားနေသည့် ဘီနီနယ်မြေသည် ဘိုလီဗီးယားနိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့ နယ်နိမိတ်ခြင်း ထိစပ်နေသည့် နယ်မြေဖြစ်ပြီး ဒေသခံများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကိုသာ ဦးစားပေးလုပ်ကိုင်ဆောင်ရွက်နေကြသူများ ဖြစ်ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေလျှံတက်ကာ မွေးမြူရေးခြံတချို့ ရေမြုပ်သွားသည့်အတွက် ကျွဲ၊ နွားများမှာ ရေကူး၍စားကျက်များရှိရာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။

"တစ်ခါမှ မကြုံဖူးသေးတဲ့ ရေကြီးရေလျှံမှုမျိုးနဲ့ ရင်ဆိုင်နေရပါတယ်။ ကျွဲ၊ နွားတွေကို စားကျက်ထဲလွှတ်ထားတုန်း ရုတ်တရက် ရေလွှမ်းလာတဲ့အတွက် ကျွဲ၊ နွားတွေကို ကုန်းမြင့်ပိုင်းကို ရေကူးပြီး ရွှေ့ပြောင်းစေခဲ့ပါတယ်" ဟု ကျွဲ၊ နွား ထိန်းကျောင်းသူ ဂန်သာအာမက်တလာက နိုင်ငံပိုင်သတင်းဌာနသို့ ပြောကြားခဲ့သည်။

ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသည့်အခြေအနေမှာ အန္တရာယ်ရှိသည့်အခြေအနေ ဖြစ်သည့်အတွက် ဘီနီနယ်မြေအတွင်းရှိ မွေးမြူရေးတိရစ္ဆာန်များအနေဖြင့် ဘီနီရေီယာအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားချိန် ကြာမြင့်ပါကအသက်ဆုံးရှုံးရမည့် အရေးဖြင့် ရင်ဆိုင်နေရကြောင်း၊ ဘန်နီနယ်မြေတွင် ကျွဲ၊ နွားအကောင်ရေ ၂၀၀၀၀၀ ကျော်ရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာ၏ နှစ်ရာခိုင်နှုန်းခန့်မှာ ဘီနီနယ်မြေတွင်ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# ဥရောပတိုက်တွင် အပူချိန်မြင့်တက်ခဲ့သဖြင့် အပူချိန်ဒုတိယအမြင့်ဆုံးမတ်လဖြစ်ခဲ့

**ပဲရစ် မေ ၉**

ဘယ်လ်ဂျီယံနိုင်ငံ အခြေစိုက် ဥရောပသမဂ္ဂအဖွဲ့အစည်းအောက်မှ C3S အဖွဲ့အစည်းမှ သုတေသီများက ဥရောပတိုက်တွင် ပြီးခဲ့သော မတ်လအတွင်း အပူချိန်မြင့်တက်မှုများဖြစ်ပေါ်ခဲ့ပြီး စစ်တမ်းများအရ အပူချိန်ဒုတိယအမြင့်ဆုံး မတ်လအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ရာသီဥတုလွန်ကဲမှု ပြဿနာများဖြင့် ရင်ဆိုင်နေရခြင်းဖြစ်ပြီး ဥရောပတိုက်အတွင်း အပူချိန်မြင့်တက်မှုမှာလည်း မကြာခဏဖြစ်ပေါ်လျက်ရှိကြောင်း၊ သက်တမ်းတစ်လျှောက် အပူချိန်အမြင့်ဆုံးသောမတ်လမှာ ၂၀၂၄ ခုနှစ် မတ်လဖြစ်ကြောင်း၊ ထိုသို့ ဥရောပတိုက်အတွင်း အပူချိန်မြင့်တက်မှုများနှင့် ရာသီဥတုလွန်ကဲမှုများ ဖြစ်ပေါ်နေခြင်းမှာ ရုပ်ကြွင်းလောင်စာ သုံးစွဲမှုများကြောင့်ဖြစ်ကြောင်း Copernicus Climate Change Service (C3S) မှ သုတေသီများက သုံးသပ်ချက်ထုတ်ပြန်ခဲ့သည်။

"ဥရောပတိုက်အတွင်း ရာသီဥတုလွန်ကဲမှုကြောင့် အပူချိန်မြင့်တက်မှုတွေ မကြာခဏဖြစ်ပေါ်နေတယ်။ ပြီးခဲ့တဲ့ မတ်လအတွင်းမှာလဲ အပူချိန်မြင့်တက်မှုတွေဖြစ်ပေါ်ခဲ့ပြီးတော့ ဥရောပတိုက်အတွက် အပူချိန်ဒုတိယမြောက်အမြင့်ဆုံး မတ်လအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။ ရာသီဥတုလွန်ကဲမှုကြောင့် နောက်ထပ် အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်"ဟု Copernicus Climate Change Service (C3S)မှ သုတေသီတစ်ဦးက ပြောကြားခဲ့သည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ဥရောပတိုက်အတွင်းရှိ နိုင်ငံအများစုတွင် ပူပြင်းခြောက်သွေ့မှုဖြင့် ရင်ဆိုင်နေရပြီး အပူချိန်မြင့်တက်မှုများကြောင့် မိုးခေါင်သည့်ပြဿနာဖြင့် ရင်ဆိုင်ရနိုင်ကြောင်း၊ သို့သော်လည်း လေပူတိုက်ခတ်ခြင်းများကြောင့် ရေငွေ့ပြန်ကာ စိုစွတ်မှုမြင့်မားလာနိုင်သကဲ့သို့ တိမ်ဖြစ်ထွန်းမှုများလည်း မြင့်တက်လာနိုင်ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ရုရှားနိုင်ငံတွင် နှင်းမုန်တိုင်းတိုက်ခတ်ပြီးနောက် ကောက်ပဲသီးနှံများပျက်စီးပြီး ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့

**မော်စကို မေ ၉**

ရုရှားနိုင်ငံ မော်စကိုမြို့တွင် မေ ၆ ရက်က ပုံမှန်မဟုတ်သော နှင်းမုန်တိုင်း တိုက်ခတ်မှုဖြစ်ပေါ်ခဲ့ပြီးနောက် ကောက်ပဲသီးနှံများ ပျက်စီးခဲ့ကာ ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

နှင်းမုန်တိုင်းကြောင့် ရုရှားနိုင်ငံ၏ တတိယအကြီးဆုံး ဂျုံစိုက်ပျိုးထုတ်လုပ်သော စတက်ဗရိုပူးဒေသတွင် ဂျုံစိုက်ခင်းများ ပျက်စီးခဲ့ကြောင်း ဒေသခံအုပ်ချုပ်ရေးမှူး ဗလာဒီမာရော့ဗ်က ပြောကြားခဲ့သည်။

လက်ရှိအချိန်သည် စတက်ဗရိုပူးဒေသတွင် ဂျုံများရိတ်သိမ်းချိန်ဖြစ်ပြီး နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ရာသီဥတုဆိုးရွားခြင်းက ဂျုံအထွက်နှုန်းကို ကျဆင်းသွားစေခြင်းဖြစ်ကြောင်း ဗလာဒီမာရော့ဗ်က ပြောကြားခဲ့သည်။

"ပျက်စီးသွားတဲ့ဂျုံခင်းတွေကို ကျွမ်းကျင်သူတွေက လောလောဆယ်အကဲဖြတ်နေပါတယ်။ ရလဒ်တွေအပေါ် အခြေခံပြီးနောက် ကျဆင်းသွားနိုင်တဲ့ ဂျုံအထွက်နှုန်းရာခိုင်နှုန်းကို ထုတ်ပြန်ပေးသွားမှာပါ"ဟု အုပ်ချုပ်ရေးမှူးက ပြောကြားခဲ့သည်။

ယနေ့တွင် နှင်းမုန်တိုင်းကြောင့် နှင်းထုသည် ကိုးလက်မထိ မြင့်လာကြောင်း၊ ထို့ပြင်အကြီးဆုံးစပါးထွက်ရှိသော ဒေသဖြစ်သည့် ခရာနိုဒါဒေသတွင်လည်း စပါးခင်းများပျက်စီးကာ စပါးအထွက်နှုန်း ကျဆင်းခဲ့ရကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ကျောရိုးမဲ့ရေသတ္တဝါခရုအမျိုးမျိုးနှင့် ကြွေခရုအကြောင်း

နှင်းအိ(ရာမညမြေ)

ခရုအမျိုးမျိုးပါဝင်သော ခရုမျိုးပေါင်းစုကြီး တစ်ခုလုံးကို ပါဏဗေဒအရမော်လပ်စကား (Mollusca)ဟုခေါ်တွင်၍ ထိုဝေါဟာရမှာ ကိုယ်ခန္ဓာပျော့သောသတ္တဝါမျိုးဟု အဓိပ္ပာယ်ရလေသည်။ ခရုမျိုးပေါင်းစုတွင် ခရု၊ ပက်ကျိ၊ ယောက်သွား၊ ကမာ၊ ပက်ကျိတို့သာမက၊ ကင်းမွန်၊ ကင်းမွန်ဘဲလိပ်၊ ဘဝဲ စသောသတ္တဝါများလည်းပါဝင်သည်။ ထိုသတ္တဝါများ၌ များသောအားဖြင့် ကိုယ်ခန္ဓာကိုဖုံးအုပ်ကာကွယ်ထားသော အခွံမာများရှိကြသော်လည်း အချို့တွင် လုံးဝမပါချေ။ အချို့တွင် ပါပြန်ကလည်း သေးငယ်၍သော်လည်းကောင်း၊ သို့မဟုတ် ကိုယ်ထဲ၌ နစ်မြုပ်၍သော်လည်းကောင်း ရှိတတ်သည်။ အခွံပါရှိခဲ့သော် ခရုလုံးကဲ့သို့ အခွံတစ်ခုတည်းပါရှိသော ခရုမျိုးဖြစ်က ခွံတည်းခရုဟူ၍လည်းကောင်း၊ ယောက်သွားကဲ့သို့အခွံနှစ်ခြမ်းစပ်ပါရှိက အခွံစုံခရုဟူ၍လည်းကောင်းခေါ်သည်။ အခွံပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေအခွံ ဖြစ်ပေါ်ဖန်တီးပေးနိုင်သော အပေါ်ယံအရေခွံတစ်ထပ်ကား အားလုံးမှာပင် ပါရှိကြ၏။ ရေငန်တွင် ခရုမျိုးပေါင်းစုံကို တွေ့ရ၏။ သို့သော် ရေချိုနှင့်ကုန်းတွင်နေသော ခရုမျိုးလည်းရှိသေးသည်။ ကမ္ဘာအရပ်ရပ်၌ ခရုမျိုးပေါင်း ၈၅၀၀၀ ခန့်မျှရှိ၍ ၎င်းတို့ကို အောက်ပါအတိုင်း အမျိုးအစား ပေါင်း ငါးမျိုးခွဲခြားထားသည်။

**ဝမ်းဗိုက်ဖြင့်သွားသောခရု**

ဤဝေါဟာရမှာ ဝမ်းဗိုက်ဖြင့်သွားသော သတ္တဝါများဟုအဓိပ္ပာယ်ရ၍ ဤမျိုးပေါင်းတွင် ပက်ကျိနှင့်တကွ ရေချို၊ ရေငန်အပြင် ကုန်းမှာပါ တွေ့ရသောခရုလုံး၊ ခရုစေတီများပါဝင်သည်။ ကမ္ဘာအရပ်ရပ်တွင် တွေ့ရသော ခရုမျိုးအားလုံးအနက် ထက်ဝက်ကျော်ကျော်သည် ဤမျိုးပေါင်း၌ပါဝင်သည်။ ၎င်းတို့သည် မိမိတို့၏ဝမ်းဗိုက်အရေပြားကို မြေပေါ်၌ တွန့်၍တွန့်၍ တစ်နေရာမှတစ်နေရာသို့ သွားသွားကြသည်။ ဦးခေါင်းဦးချွန်သဏ္ဌာန် ဦးမှင်တစ်စုံပါတတ်သည်။ ထိုဦးမှင်များ၏ထိပ်ဖျား၌ မျက်စိတစ်လုံးစီပါသည်။ အကယ်၍ ဦးမှင်နှစ်စုံရှိပါက နောက်ပိုင်းအစုံတွင် မျက်စိများပါရှိသည်။ ပက်ကျိကဲ့သို့သော အကောင်မျိုးအချို့တွင် အခွံလုံးဝမရှိဘဲ အချို့တွင် အလွန်သေးငယ်သောအခွံကလေးသည် ကိုယ်အတွင်း၌နစ်မြုပ်နေသည်။ ကျန်အခွံရှိသော အမျိုးတို့တွင် အခွံသည်အခွံတစ်ခုတည်းဖြစ်၍ ဝက်အူလိမ်အရစ်များဖြင့် ကတော့ပုံများလည်းရှိတတ်သည်။

**အခွံစုံခရု**

ဤမျိုးပေါင်းတွင် ရုပ်၊ ခုံး၊ ယောက်သွား၊ ကမာစသော ရေနေအခွံစုံခရုအားလုံးပါဝင်သည့်အတွက် သာမန်အားဖြင့် အခွံစုံခရုမျိုးဟုလည်းခေါ်ကြသည်။ အခွံနှစ်ခြမ်းသည်တစ်နေရာ၌ ပတ္တာဆက်ဆက်နေ၍ ထိုအခွံများကိုအလိုရှိသလို ပိတ်နိုင်ဖွင့်နိုင်သည်။ ဤခရုမျိုး၏ခြေထောက်မှာ ပုဆိန်သွားပုံသဏ္ဌာန်ရှိ၍ တစ်ခါတစ်ရံ ၎င်းတို့ကိုပယ်လီဆိုင်ပေါ့(ပုဆိန်သွားပုံခြေထောက်ရှိသတ္တဝါ)ဟုလည်းခေါ်ကြသည်။ ဤခြေထောက်ဖြင့် ၎င်းတို့သည် သဲထဲ၌ရွှံ့ထဲ၌ တွင်းတူးပြီး ခိုအောင်းနိုင်ကြသည်။ ပါးလွှာသောအသက်ရှူအင်္ဂါပါသောသတ္တဝါ (Lamellibranchia)ဟု ခေါ်ခြင်းမှာ ဤခရုမျိုး၏ အသက်ရှူအင်္ဂါများသည် သစ်ရွက်သဏ္ဌာန်ပြားချပ်၍ အထပ်ထပ်ပါရှိသောကြောင့်ဖြစ်သည်။

**ဦးခေါင်းတွင်ခြေထောက်ပေါက်သောခရု**

ဤဝေါဟာရမှာ ဦးခေါင်းတွင်ခြေထောက်ပေါက်သောသတ္တဝါမျိုးဟု အဓိပ္ပာယ်ပေါက်သည်။ ခရုမျိုးအားလုံးတွင် ဤသတ္တဝါမျိုးသည် ကိုယ်အင်္ဂါအစိတ်အပိုင်းအပြည့်စုံဆုံး အဆင့်အတန်းအမြင့်ဆုံးဖြစ်၍ အသိဉာဏ်အရာ၌ ကျောရိုးရှိတိရစ္ဆာန်များနှင့်အနီးစပ်ဆုံးဖြစ်သည်။ ၎င်းတို့သည် ရေငန်သတ္တဝါများဖြစ်ကြသည်။ ဤခရုမျိုး၏ဦးခေါင်းတွင် မျက်စိနှစ်လုံးပါရှိ၍ ပါးစပ်ပတ်လည်၌ စုပ်ယူနိုင်သော အင်္ဂါအဖုကလေးများနှင့်ပြည့်စုံနေသည်။ ဦးမှင် ရှစ်ချောင်းသော်လည်းကောင်း၊ ၁၀ ချောင်းသော်လည်းကောင်း ပါရှိသည်။ ပါးစပ်တွင် ကြက်တူရွေးနှုတ်သီးကဲ့သို့ မာကျောသော နှုတ်သီးတစ်မျိုးလည်းပါရှိတတ်သည်။



ဘဝဲ၊ ကင်းမွန်နှင့်ကင်းမွန်ဘဲလိပ်တို့သည် ဤမျိုးပေါင်းတွင်ပါဝင်သည်။ ၎င်းတို့သည် အစာကိုဖြစ်စေ၊ ရန်သူကိုဖြစ်စေ၊ ဦးမှင်များဖြင့်ရစ်ပတ်ကာ ရုန်းမလွတ်နိုင်အောင်ဖမ်းဆုပ်ထားပြီးလျှင် နှုတ်သီးဖြင့်ကိုက်ဖြတ်စားမျိုလေ့ရှိသည်။ ဤခရုမျိုးတွင် ရန်သူနှင့်တွေ့က အကာအကွယ်အလို့ငှာ ပန်းထုတ်နိုင်သောမင်ရည်အိတ်လည်းပါရှိတတ်၍ ထွက်ပြေးလိုသောအခါ ထိုအရည်ကိုပန်းထုတ်ပြီး ရေကိုနောက်ကျိစေ၍ တစ်ဟုန်ထိုးနောက်ဆုတ်ပြေးတတ်သည်။ နော့တီလပ်(Nautilus)ဟုခေါ်သောလှပသည့် ပင်လယ်ခရုလုံးတစ်မျိုးတည်းတွင်သာ အခွံပါရှိ၍ ကျန်ခရုမျိုးတို့၌ လုံးဝအခွံမပါချေ။ ပါပြန်လျှင်လည်း သေးငယ်၍ ကိုယ်ထဲ၌နစ်မြုပ်နေသည်။

**မာသောအခွံရှိသောရေငန်ခရု**

ဤခရုမျိုးသည် ရေငန်သတ္တဝါသက်သက်ဖြစ်သည်။ မာသောအခွံရှိ၍ အမ်ဖီနျူရာ(Amphineura) ဟုခေါ်သည်။ ကိုယ်ထည်မှာ ခပ်ဝိုင်းဝိုင်းပြားပြားဖြစ်၍ ဦးခေါင်းသီးခြားမရှိချေ။ ကိုယ်အပေါ်ပိုင်းတွင်သာ သေးငယ်သောအခွံပါရှိ၍ အခွံမှာပါးလွှာကာတစ်ခုပေါ်တစ်ခုထပ်လျက်ရှိတတ်သည်။ ကိုယ်အောက်ပိုင်းတစ်ပိုင်းလုံးမှာ ခြေထောက်သဖွယ်ဖြစ်၍ ဤခြေထောက်ကိုတွားသွားရန်နှင့် ကျောက်တွင်ကပ်တွယ်နေရန် အသုံးပြုသည်။

**ဆင်စွယ်နှင့်ပုံသဏ္ဌာန်တူသောခရု**

ဤခရုမျိုး၌ ဆင်စွယ်နှင့်ပုံသဏ္ဌာန်တူသောအခွံရှိ၍ စကက်ဖိုပဒါ(Scaphopoda)ဟုခေါ်သည်။ ဤမျိုးပေါင်းတွင် အမျိုးအနည်းငယ်သာပါ၍ အထက်တွင်ဖော်ပြခဲ့သောမျိုးပေါင်းတို့လောက် မထင်ရှားချေ။ ၎င်းတို့သည် သေးငယ်သောရေသတ္တဝါများဖြစ်ကြ၏။ ၎င်းတို့၏အခွံမှာ တစ်ဖက်သို့ရှူးသွားသော ပြွန်ကောက်ကလေးသဖွယ်ဖြစ်၍ ထိပ်နှစ်ဖက်စလုံး၌ အပိတ်မရှိဘဲပွင့်နေသည်။ ခရုဆင်နှာမောင်းဟုခေါ်သောခရုမျိုးသည် ဤမျိုးပေါင်းတွင်ပါဝင်သည်။ ခရုမျိုးဝင်သတ္တဝါတို့၏အရွယ်မှာ အစားစားရှိသည်။ အလွန်သေးငယ်သော အကောင်များလည်းရှိ၍ ကင်းမွန်ဘဲလိပ်အကြီးစားများမှာ အလျားပေ ၂၀ ကျော်ထိရှိသဖြင့် ကျောရိုးမဲ့သတ္တဝါထဲ၌ အရှည်လျားဆုံးပင်ဖြစ်သည်။ ၎င်းတို့သည် များသောအားဖြင့် နေးကွေးကြ၏။ သို့သော် ကင်းမွန်ဘဲလိပ်၊ ဘဝဲစသောအကောင်အချို့မှာ အလွန်လျင်မြန်ဖျတ်လတ်ကြသည်။ ကမာကောင်သည်လည်း ငယ်ရွယ်စဉ်က ဖျတ်လတ်၍ ကြီးပြင်းလာသောအခါကျမှ ကျောက်တုံးကျောက်ဆောင်များတွင် တွယ်ကပ်ပြီး မလှုပ်မရှားဘဲနေသည်။ ကမ္ဘာတွင် ခရုများပေါ်စက ၎င်းတို့အားလုံးသည် ပင်လယ်၌သာ ကျက်စားခဲ့ကြကြောင်းကို တူးဖော်ရရှိသော ရှေးဖြစ်ကျောက်ဖြစ်ရုပ်ကြွင်းများမှ လေ့လာသိရှိရပေသည်။ ထို့နောက် ရေချိုတွင် အချို့ကျက်စားလာကြ၍ နောင်သော် ကုန်းပေါ်တွင်ပါကျက်စားလာကြသည်။ ယခုအခါ ပါဏဗေဒအလိုအရ ဂက်စရိုပဒါခရုမျိုးတို့သည်ကုန်းသတ္တဝါအပေါင်းတွင် အမျိုးများပြားသော မျိုးပေါင်းတစ်ခုဖြစ်နေကြောင်း သိရသည်။

**ကြွေခရု**

ကြွေခရုသည် သေးငယ်သော ပင်လယ်ခရုမျိုးစိတ်ဖြစ်ပြီး ဝမ်းဗိုက်ဖြင့်သွားသော ခရုမျိုးဖြစ်သည်။ သမိုင်းကြောင်းအရ ပစိဖိတ်နှင့်အိန္ဒိယသမုဒ္ဒရာနိုင်ငံအများအပြားတွင် ဒင်္ဂါးပြားများ အသုံးမပြုမီက ကြွေခရုအခွံများကို ငွေကြေးအဖြစ် တွင်ကျယ်စွာအသုံးပြုခဲ့ကြပြီး ကြွေစေ့ဟုခေါ်ခဲ့ကြသောကြောင့် ဤမျိုးစိတ်များကို ကြွေခရုဟုခေါ်သည်။

**ဖော်ပြချက်နှင့်ဝိသေသလက္ခဏာများ**

ကြွေခရုသည်သေးငယ်၍ အကြမ်းအားဖြင့်အချိုးအစားမညီသော ဆဋ္ဌဂံပုံခပ်ဆင်ဆင် တဖက်ခုံးတစ်ဖက်ပြားကြွေစေ့ပုံရှိပြီး သုံးစင်တီမီတာ (၁ ဒသမ ၂ လက်မ) အရွယ်ထိရှိသည်။ အပြားဖက်တွင်အနားစွန်းများတွန့်နေသော အလျားလိုက်အကွဲကြောင်းပါရှိသည်။ အရောင်သည် ခပ်ဖျော့ဖျော့ဖြစ်သော အဖြူအဝါနုရောင်စသည်ဖြင့်ရှိသည်။ ကျောဘက်မှာ အဝါရောင်အနားကွပ်ထားသော မီးခိုးစိမ်းရောင်ဖြင့် ကြည်လင်တောက်ပနေပြီး တစ်ခါတစ်ရံအရောင်ရင့်သော ကန့်လန့်ဖြတ်အစင်းကြောင်းများနှင့် နူးညံ့သောအဝါရောင်အကွင်းများပါရှိသည်။ ဝမ်းဗိုက်ရှိအပေါက်သည် ဖြူဖွေးကျယ်ပြန့်ပြီး အနားတွန့်များပါရှိသည်။ သက်ရှိအကောင်၏အခွံကို အဖြူနှင့်ခပ်ဖျော့ဖျော့အရောင်များဖြင့် ဖုံးအုပ်ထားသည်။

**ပျံ့နှံ့တည်ရှိပုံ**

၎င်းသည် အင်ဒို-ပစိဖိတ်အပူပိုင်းရေပြင်တွင်တွင်ကျယ်စွာတွေ့ရလေ့ရှိသော မျိုးစိတ်ဖြစ်သည်။ အရှေ့နှင့်တောင်အာဖရိက၊ မဒါဂတ်စကား၊ ပင်လယ်နီနှင့် ပါရှန်ပင်လယ်ကွေ့၊ မော်လဒိုက်၊ အရှေ့ပိုင်းပိုလီနီးရှား၊ အလယ်ပိုင်းအမေရိကမှ ကျွန်းစုများ၊ ဂျပန်တောင်ပိုင်းနှင့်မြောက်ပိုင်း နယူးဆောက်ဝေးပြည်နယ်နှင့် လောင်ဟိုးကျွန်းအပါအဝင် ဒေသအများအပြားတွင်တွေ့ရသည်။

**နေထိုင်ရာ**

ဤကြွေခရုသည် ပင်လယ်ရေမှော်ပင်များ၊ သန္တာအကြွင်းအကျန်များနှင့် အခွံနှစ်ခုပါ ပင်လယ်ခရုယောက်သွားအခွံများကြားတွင် ဒီရေလွှမ်းရေတိမ်ပိုင်းရေကန်များတွင် နေထိုင်ပါသည်။ ရေတိမ်ပိုင်းများတွင် ကျောက်ဆောင်များနှင့် ရေနည်းသောသန္တာကျောက်တန်းများတွင် တွေ့ရှိနိုင်သည်။ ကျောက်တုံးများနှင့် သန္တာသေအပိုင်းအစများပေါ်တွင် ပေါက်နေသော ရေညှိများနှင့် ရေနေအပင်များကိုစားသည်။

**လူ့အသုံးအဆောင်များ**

အခွံကိုလက်ဝတ်တန်ဆာနှင့် အခြားအလှဆင်ပစ္စည်းများဖြစ်သည့် ခြင်းတောင်းနှင့်နံရံချိတ်အလှဆင်ပစ္စည်းများတွင် အသုံးပြုသည်။

**ငွေကြေးအဖြစ်**

ဤကြွေခရု၏အခွံ (ကြွေစေ့) များကို အာဖရိက၊ အာရှနှင့်ပစိဖိတ်ကျွန်းများရှိနေရာဒေသများစွာတွင် ကုန်ပစ္စည်းဖလှယ်ရေးကြားခံ(ငွေကြေး) အဖြစ် ၁၉ ရာစုနှောင်းပိုင်းထိ အသုံးများခဲ့သည်။ မော်လ်ဒိုက်သည် အာရှနှင့်အရှေ့အာဖရိက ကမ်းရိုးတန်းဒေသများတစ်ခွင်အတွက် ကြွေစေ့များကို အဓိကတင်ပို့ပံ့ပိုးပေးသည်။ များပြားလှသော မော်လ်ဒိုက်နိုင်ငံထွက် ကြွေစေ့များကို ကုန်သည်များက အာဖရိကသို့ မိတ်ဆက်တင်သွင်းခဲ့ကြသည်။ ၎င်းကို ဥရောပမှ ရွှေ့ပြောင်းအခြေချနေထိုင်သူများမှတစ်ဆင့် ဌာနေအမေရိကန် တိုင်းရင်းသားများနှင့်လည်း ရောင်းဝယ်ခဲ့သည်။

ကြွေခရုအခွံကို အာဖရိက ဘာသာတရားအချို့တွင် ဗေဒင်ဟောခြင်းဆိုင်ရာထုံးတမ်းများတွင် အသုံးပြုဆဲဖြစ်သည်။ အိန္ဒိယရှိ ကာရာလာပြည်နယ်တွင် အထူးငွေကြေးအကြွေစေ့များကို ဟိန္ဒူနက္ခတ်ဗေဒင်၏တစ်စိတ်တစ်ပိုင်းအဖြစ် ဗေဒင်တွက်ရန် အသုံးပြုသည်။

အချုပ်အားဖြင့်ဆိုရသော် ကျောရိုးမဲ့ရေသတ္တဝါ ကြွေခရုသည် လူ့အသုံးအဆောင်ပစ္စည်းများပြုလုပ်ရာတွင်လည်း အသုံးဝင်သော တန်ဖိုးမြင့်ရေသတ္တဝါဖြစ်ကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**ကိုးကား**

- မြန်မာ့စွယ်စုံကျမ်းအတွဲ(၁)
- ငါးလုပ်ငန်းစာစဉ်အတွဲ(၁)အမှတ်(၃)
- Fish Base of Myanmar
- Inland Fisheries of Myanmar

# ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောကုလားပဲ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး၊ တစ်ဧကလျှင် ၂၄ ဒသမ ၀၇ တင်း ထွက်ရှိ



**ခင်ဦး ဧပြီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောကုလားပဲ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၄ ဒသမ ၀၇ တင်း ထွက်ရှိကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၉၉၇ ဧက စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောကုလားပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီး တစ်ဧကလျှင် ၂၄ ဒသမ ၀၇ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ခင်ဦးမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကုလားပဲ ၂၉၉၇ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ကုလားပဲခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧက အားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီး စီးနေပြီဖြစ်ပါတယ်။ အထွက်နှုန်း လဲကောင်းပါတယ်။ ကုလားပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲ အထွက်နှုန်းနဲ့ အရည် အသွေးကောင်းမွန်ဖို့ လိုအပ်တဲ့ မျိုးကောင်း၊မျိုးသန့်တွေ၊သွင်းအား စုတွေ၊ ရိတ်သိမ်းချိန်လွန်နည်း ပညာပေးတာတွေကို တောင်သူ တွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက် ပေးခဲ့ပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီး မှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်၌ ကုလားပဲ စိုက်ပျိုးရာတွင် ဒေသနှင့် ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧက စိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ကုလားပဲ အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါကဒေသတွင်းစားသုံး မှုဖူလုံနိုင်မည့်အပြင် ပြည်ပသို့ပါ ပို့ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ် သောကြောင့် ကုလားပဲသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသ မရွေး ကြိုးပမ်းကြရမည်ဖြစ် ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုး ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ဆက်လက် ပြောပြ၍ သိရသည်။

(၂၀၆)

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ကွမ်းသီးအစိမ်းအလုံးရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် ဧပြီ ၉**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ မတ်လအတွင်း ကွမ်းသီးအစိမ်းအလုံးရေ အများ အပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ကွမ်းသီးရောင်း ဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ဖေဖော်ဝါရီလက ကွမ်းသီးအစိမ်း အလုံးရေ ၅၈၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် မတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ကွမ်းသီးအစိမ်း အလုံးရေ ၉၄၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးအစိမ်း အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၉၅၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

"ပြည်ပဈေးကွက်က အမှာကုန်များလာလို့ ရန်ကုန်ဘက်ကို အများအပြား တင်ပို့နေရပါတယ်။ တင်ပို့နေတဲ့ ကွမ်းသီးတွေက အရည်အသွေးကောင်းဖို့၊ သန့်ရှင်းဖို့လိုပါတယ်။ လက်ရှိ ကွမ်းသီး အစိမ်းအလုံး ၁၀၀ ကို ငွေကျပ် ၁၉၅၀၀ ထိ ဈေးပေါက်နေပါတယ်။ ရန်ကုန်ဈေးကွက်ကို ကွမ်းသီး အစိမ်းတွေ အများအပြားတင်ပို့ ရောင်းချအား ကောင်းလာတော့ ကွမ်းသီးစိုက်ပျိုး လုပ်ကိုင်သူတွေ၊ ပွဲရုံပိုင်ရှင်တွေ၊ အလုပ်အကိုင် အခွင့်အလမ်းတွေ အဆင်ပြေနေ ပါတယ်"ဟု ပန်းတနော်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ထွက်ရှိသည့် ကွမ်းသီးအစိမ်းများကို ကုန်သည်များက ကွမ်းသီးခြံများ အရောက်ဝယ်ယူပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချကာ ရန်ကုန်မြို့မှ တစ်ဆင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက် ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## စာပေမြင့်မှ လူမျိုးတင့်မည်

# လျှင်ဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံသည် မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေးနှင့် လေပြင်းဘေးစသည့် သဘာဝဘေးများဖြစ်ပွားလေ့ရှိသောနိုင်ငံဖြစ်ပါသည်။ ငလျင်ဘေးအန္တရာယ်သည် ကြိုတင်သတိပေးချက်မရရှိနိုင်သောဘေးဖြစ်ပြီး ရုတ်တရက်ဖြစ်ပွားတတ်သည့်အတွက်ကြောင့် လူဦးရေ၊ လူနေအိမ်၊ တိုက်တာအဆောက်အအုံများသည့်နေရာများတွင် ဖြစ်ပွားပါက ပျက်စီးဆုံးရှုံးမှုများနိုင်ပါသည်။ ငလျင်လှုပ်ခတ်မှုဖြစ်ပေါ်ရခြင်းသည် ကမ္ဘာမြေကြီးအောက်ရှိ ကျောက်လွှာများရုတ်တရက်ကျိုးပြတ်ရွေ့လျားမှုကြောင့်ဖြစ်ပေါ်ခဲ့ပြီး မြေသားများပြင်းပြင်းထန်ထန်တုန်ခါနေခြင်းကြောင့်ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံတွင်ငလျင်ဖြစ်ပေါ်နိုင်သည့် အဓိကပြတ်ရွေ့ကြောလေးခုရှိပြီး အရှည်ဆုံးဖြစ်သည့် စစ်ကိုင်းပြတ်ရွေ့ကြောသည် ကချင်ပြည်နယ် ပူတာအိုမှစတင်၍ ဧရာဝတီမြစ်တစ်လျှောက်မှ စစ်တောင်းမြစ်ဝှမ်းကိုဖြတ်ပြီး မုတ္တမပင်လယ်ကွေ့ထိရှည်လျားပါသည်။

၃။ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၄ ခုနှစ်ထိ ပြင်းအားအနည်းငယ်နှင့်ပြင်းအားအသင့်အတင့်ဖြင့် ငလျင် အကြိမ် ၅၆၀ လှုပ်ခတ်ခဲ့ပါသည်။

၄။ ငလျင်လှုပ်ခတ်မှုများကြောင့် ထိခိုက်မှုများလျော့နည်းစေရန်အတွက် အသိပညာပေးခြင်းတို့ကို ဒေသအလိုက်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်အတူ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၅။ ပြည်သူများအနေဖြင့်လည်း ငလျင်ဘေးအတွက်အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုန်တွင် ကျရောက်သည် မည်ကဲ့သို့ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။

( ခ ) ဘေးကင်းလုံခြုံသော နေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။ ငလျင်လှုပ်နေချိန်တွင် ပြုမူနေထိုင်ရမည့်နည်းလမ်းများကို မိသားစုဝင်များအား အသိပေးလေ့ကျင့်ထားပါ။

( ဂ ) ပြိုကျ၊ပြုတ်ကျ၊ကွဲရှနိုင်သော ပစ္စည်းများတွဲလောင်းကျနေသောအရာများကို အန္တရာယ်မဖြစ်စေရန်မြဲမြံအောင်ပြုလုပ်ထားပါ။

(ဃ) မိမိအိမ်၏ခိုင်ခံ့မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ကြိုတင်ပြင်ဆင်ထားပါ။

၆။ ငလျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

( ခ ) ငါးစက္ကန့်အတွင်းအဆောက်အအုံအပြင်သို့ရောက်နိုင်ပါက ပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ်၊ ကာ၊ ထိုင်)ပုံစံဖြင့်နေပါ။

( ဂ ) လယ်ကွင်း၊ကွင်းပြင် (သို့) ဘေးကင်းရာ(မြင့်မားသောအဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ ဓာတ်တိုင်များ၊ သစ်ပင်များ၊ ပြိုကျလာနိုင်သောအရာများနှင့်ဝေးရာ)သို့ပြေးပါ။

(ဃ) ငလျင်ကြောင့် ဆူနာမီလှိုင်းများဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ(သို့) မြစ်ကမ်းစပ်အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။

( င ) မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။

( စ ) ဆိုင်ကယ်၊ ကားစသည့်တို့ မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။

၇။ ငလျင်လှုပ်နေစဉ်တွင်အောက်ပါတို့ကို ရှောင်ရှားရန်လိုအပ်ပါသည်-

(က) အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။

( ခ ) ဓာတ်လှေကားများ အသုံးမပြုပါနှင့်။

( ဂ ) အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်းမပြုပါနှင့်။

၈။ ငလျင်လှုပ်ပြီးနောက်ပိုင်း အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိ၏မိသားစုဝင်များကို စစ်ဆေးပါ။ မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။

( ခ ) ထိခိုက်ဒဏ်ရာရရှိသူများကိုစစ်ဆေးပြီး လိုအပ်သောအကူအညီများပေးပါ။

( ဂ ) သက်ဆိုင်ရာအစိုးရဌာနက ထုတ်ပြန်ကြေညာသောသတင်းများကိုစဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလသတင်းများကို မယုံပါနှင့်။

(ဃ) မိမိအိမ်နှင့်ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများအားလုံးကို ပြန်လည်စစ်ဆေးပါ။

( င ) အင်အားကြီးမားသည့်ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များ လှုပ်တတ်ကြောင်း သတိပြုပါ။

( စ ) နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ ဆူနာမီ၊ ရေကြီးခြင်း၊ မြေပြိုခြင်း)များကို အထူးသတိပြုပါ။

၉။ ငလျင်လှုပ်ပြီးနောက် အောက်ပါတို့ကို သတိပြုရှောင်ရှားသင့်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

(က) အဆောက်အအုံ၏ခိုင်ခံ့မှုကို စစ်ဆေးခြင်းမပြုဘဲ မဝင်ရ။

( ခ ) မြစ်ကမ်းပါး၊ တောင်စောင်းများသို့မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

( ဂ ) ဆည်၊ ရေလှောင်ကန်များအနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်နိုင်ပြီး ရေကြီးနိုင်သည်။

(ဃ) တာဝါတိုင်များ၊ မျှော်စင်များ၊ အထပ်မြင့်အဆောက်အအုံများ ပြိုကျနိုင်သဖြင့် အနီးသို့မသွားပါနှင့်။

၁၀။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

သဘာဝအားစစ်မို့ အရသာထူး စိတ်နှင့်ကြည်နူး ....

ရွှေဖီဦး

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး




ရွှေဖီဦး BLACK TEA (မှောင်တရား)ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ISO 9001:2008 Cert. No.688076 Cert. No.688429

## Myanmar Mobile Money(MMM) ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။



ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊ ငွေသွင်းငွေထုတ်ခြင်း/ငွေလွှဲခြင်း၊

Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊

Internet Bill ပေးဆောင်ခြင်း၊ E-Top up Bill ဖုန်းပြောခဖြည့်သွင်းခြင်း၊

လျှပ်စစ်မီတာများ ပေးဆောင်ခြင်း၊

ပြည်ပ ငွေလွှဲ (ထိုင်း)၊ ဈေးဝယ်ခြင်း၊ အောင်ဘာလေ အွန်လိုင်းထီထိုးခြင်း

အငြိမ်းစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ပိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

## 5 Digits အောင်ဘာလေအွန်လိုင်းထီ ထီဝယ်ရန် နည်းလမ်း (၃)မျိုး

5 Digits Online Lottery

**1. Application မှဝယ်ယူပါက**

ဖုန်းနံပါတ်ဖြင့် အကောင့်ဖွင့်ပြီး "ထီလက်မှတ်ဝယ်ရန်/ Buy Ticket" သို့ သွားပြီးကိုယ်ကြိုက်နှစ်သက်ရာထီလက်မှတ်ကို ငွေပေးချေမှုများစွာဖြင့် ဝယ်ယူနိုင်ပါသည်။

**2. Mytel ဖုန်းနံပါတ်မှဝယ်ယူပါက**

Mytel ဖုန်းနံပါတ်ဆိုပါက *117# ကိုခေါ်ဆိုပြီးဖုန်းဘေလ်ဖြင့် ဝယ်ယူနိုင်ပါသည်။

**3. Mytel ဖုန်း SMS ဖြင့်ဝယ်ယူပါက**

Mytel ဖုန်းနံပါတ်ဆိုပါက 117 သို့ ABL1,ABL3, ABL5, ABL10 ဟု SMS ပေးပို့ပြီးဖုန်းဘေလ်ဖြင့် ဝယ်ယူနိုင်ပါသည်။

Call Center 777 (or) 09 677 000 777

aungbarlay.ird.gov.mm

App Store Google Play

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

### ပျောက်ဆုံးကြောင်း

ကွတ်ခိုင်မြို့၊ မန်လွယ်ရွာနေ မောင်ချောင်လီမြင့် (ဘ) ဦးလီလျှန်ချန်း(၁၃/ကခန(နိုင်)၁၃၀၀၁၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(ME-856151)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၈၀၅၃၂၆၂၆

### ပျောက်ဆုံးကြောင်း

အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်နေ မောင်အောင်ခန့်ညား (ဘ) ဦးမျိုးဇော်အောင် (၉/အမဇ(နိုင်)၀၉၄၅၀၅) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-309347)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၃၀၅၀၅၅၅

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**အဖိုးတန် ရေချိုကို ချွေတာပါ**

❖ **နိုင်ငံစီးပွားတိုးတက်ရေးနှင့် ထုတ်ကုန်ပစ္စည်းများတိုးမြှင့်နိုင်ရေးအတွက် နိုင်ငံ၏အဓိကစီးပွားရေးလုပ်ငန်းများ ဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ပြုလုပ်သော ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေးဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ



နယ်မြေခံတပ်မတော်သားများက ဇမ္ဗူသီရိမြို့နယ်ရှိ ရေငန်းရေလှောင်တမံ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဧပြီ ၉**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့်လမ်းတံတား၊အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ ဥမင်ကိုးဆယ်စေတီတော်ကြီးနှင့် သာသနိကအဆောက်အအုံများ၊ဟံသာဂီရိဘုန်းတော်ကြီးကျောင်းတိုက်ကြီးနှင့် လေးကျွန်းမာရ်အောင်စေတီတော်မြတ်ကြီး၊ စစ်ကိုင်းမြို့ ရိုင်တန်းရပ်ကွက်ရှိ RC CHURCH ကျောင်းနှင့် မင်းလမ်းရပ်ကွက်ရှိ မြို့တော်ဗလီ၊ မိုးကျဗလီ၊ ချင်းစုရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း၊ **စာမျက်နှာ ၂၀ ကော်လံ ၁** ☆

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ဆရာ၊ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့်အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ရတနာပုံနေ့စဉ်သတင်းစာထုတ်ဝေမှု ၆ ရက် ခေတ္တရပ်နားမည်

ရတနာပုံနေ့စဉ်သတင်းစာကို မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၅ ခုနှစ် ဧပြီ ၁၃ ရက် (တနင်္ဂနွေနေ့)မှ ဧပြီ ၁၈ ရက် (သောကြာနေ့)ထိ ၆ ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး ဧပြီ ၁၉ ရက် (စနေနေ့)တွင် ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း လေးစားစွာအသိပေးအပ်ပါသည်။

